# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၂၆ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

# (၂၇-၉-၂၀၁၁)

**အချိန် ၊၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၆ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၇၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၅.၉၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးတင့်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်ကြည်း-၁၈၈၄၁ ဗိုလ်မှူးကြီးတင့်ဆန်းဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပြန်တမ်းဝင်အမှတ်ကြည်း-၁၆၄၅၀ ဗိုလ်မှူးကြီးမြင့်ကိုကိုဟာ ယနေ့နံနက်မှာ နေမကောင်း

ဖြစ်ပြီးတော့ အဆောင်မှာဆေးကုသမှုခံယူလျက်ရှိပါသဖြင့် ယနေ့ ၂၇-၉-၂၀၁၁ ရက်နေ့ တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်ဟာ အရေးကြီးကိုယ်ရေးကိုယ်တာကိစ္စနဲ့ ရန်ကုန်မြို့သို့ ကိုယ်တိုင်သွားရောက် ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ယနေ့ ၂၇-၉-၂၀၁၁ ရက်နေ့ တစ်နေ့ကိုခွင့်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဦးမန်းမောင်မောင်ဉာဏ်၏ ကိုယ်စား ကျွန်တော် ဦးဉာဏ်ဆွေဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ်မှ လေးစားစွာပန်ကြားတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမြင့်သူ(မြို့သစ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်းဟာ နေမကောင်းဖြစ်နေပါ၍ ယနေ့ ၂၇-၉-၂၀၁၁ ရက်နေ့ကို ခွင့်တစ်ရက်သတ်မှတ်ပေးပါရန် ဒေါ်ဝင်းမော်ထွန်းရဲ့ကိုယ်စားခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေးဟာ ဇနီးဖြစ်သူ ပြည်ပသို့ ဆေးကုသခံရန်အတွက် ကူညီဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကနေ့ ၂၇-၉-၂၀၁၁ နေ့မှ ၇-၁၀-၂၀၁၁ နေ့ အထိပြည်သူ့လွှတ်တော်အစည်းအဝေးများ တက်ရောက်ခြင်းမှ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးခင်မောင်ညွန့်(သပိတ်ကျင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမဲဆန္ဒနယ်၊

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညွန့် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မောင်သည် ကျန်းမာရေးမကောင်းပါသဖြင့် ကျန်းမာရေးဌာန၏ အကြံပြုချက်အရ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ ၄ ရက် နားရမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယနေ့ ၂၇-၉-၂၀၁၁ ခုနှစ်မှ ၃၀-၉-၂၀၁၁ ခုနှစ်ထိ ၄ ရက် ခွင့်ပြုပေးပါရန် ဦးမြင့်မောင် ကိုယ်စားလေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးခွန်းအကြောင်းကို မစတင်ခင် ခြေဆင်းလေး နည်းနည်းပြောပါရစေ။ ကျွန်တော်တို့ ကျောက်ဖြူမြို့ဟာ ရမ်းဗြဲကျွန်းရဲ့ မြောက်ဘက်အစွန်အဖျား ပင်လယ်ကမ်းခြေမှာ တည်ရှိပါတယ်။ ရမ်းဗြဲကျွန်းမှာ မြို့နှစ်မြို့ရှိပါတယ်။ ရမ်းဗြဲမြို့ကတော့ မြို့ရဲ့ ရမ်းဗြဲကျွန်းရဲ့အလယ်ပိုင်း အရှေ့ဘက်ကမ်းခြေမှာရှိပါတယ်။ ကျွန်တော်တို့ ရမ်းဗြဲကျွန်းဟာ ယခင်အခါများက ဆိုလို့ရှိရင် ပြည်မနဲ့

ဆက်သွယ်တဲ့နေရာမှာ ရေကြောင်းနဲ့လေကြောင်းနှစ်ခုကိုပဲ အသုံးပြုခွင့်ရခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာ ကမ်းရိုးတန်းနဲ့ ရမ်းဗြဲကျွန်းကို ကားလမ်းတွေဖောက်ပေးလိုက်တဲ့အတွက်ကြောင့် အခုအခါမှာဆိုလို့ရှိရင် လမ်းကြောမဟုတ်ပေမယ့်လည်း ရန်ကုန်မြို့နဲ့ကျောက်ဖြူမြို့ကို နေ့စဉ်အမြန်ကားတွေ သွားလို့ရနေပါပြီ။ ဒါပေမယ့် အခုလောလောဆယ်မှာတော့ ကုမ္ပဏီကြီးတွေက ၂၂ ဘီးတပ်ကားတွေကို အသုံးပြုပြီးတော့ ကုန်ပစ္စည်းတွေတင် သွားလာနေကြတဲ့အတွက်ကြောင့် မြို့တွင်းမှာရော၊ မြို့ပြင်မှာပါ ကားလမ်းတွေတော်တော်များများ ပျက်နေပါတယ်။ ဒါပေမယ့် ကုမ္ပဏီကြီးနှစ်ခုက ဒီပျက်စီးနေတဲ့ဟာတွေကို တာဝန်ယူပြုပြင်ပေးမယ်ဆိုတဲ့ သတင်းစကားကိုကြားရတဲ့အတွက်လည်း ကျွန်တော်တို့ အင်မတန် ဝမ်းသာစရာဖြစ်နေပါတယ်။ ကျွန်တော်တို့ ကျောက်ဖြူမြို့ဟာနောက် လေး၊ ငါး နှစ်လောက်ဆိုလို့ရှိရင် တရုတ်ပြည်မကြီးနဲ့ ရထားလမ်းပေါက်ပြီးတော့ ရထားလမ်းနဲ့သွားလို့ရတဲ့ မြို့တစ်မြို့ဖြစ်လာမယ်ဆိုတာလည်းသိရပါတယ်။ ကျွန်တော်တို့ ကျောက်ဖြူမြို့ရဲ့အရှေ့တောင်ဘက် ၇ မိုင်လောက်အကွာမှာ ပင်လယ်ရေနက်ဆိပ်ကမ်းကြီးတစ်ခုလည်း တည်ဆောက်နေပါတယ်။ ဒီလိုပဲ မြို့ရဲ့အနောက်တောင်ဘက် ၆ မိုင်လောက်အကွာမှာ သဘာဝဓာတ်ငွေ့သန့်စင်စက်ရုံတစ်ခုကိုလည်းတည်ဆောက်နေပါတယ်။ ဒီလုပ်ငန်းကြီးတွေကို အကြောင်းပြုပြီးတော့ ဒေသခံပြည်သူတွေ၊ အလုပ် အခွင့်အကိုင်အခွင့်အလမ်းများ ရရှိလာကြမယ်ဆိုတာလည်း ကျွန်တော်တို့ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်ဖြူဒေသရဲ့ လျှပ်စစ်ဓာတ်အားအကြောင်းကို တင်ပြတဲ့အခါပိုမိုပြည့်စုံစေချင်တဲ့အတွက်ကြောင့် ကျောက်ဖြူမြို့ရဲ့ အနေအထားကို အနည်းငယ်တင်ပြလိုပါတယ်။ ကျောက်ဖြူမြို့ပေါ်မှာ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နဲ့ မြို့ကိုဝန်းရံထားတဲ့ ကျေးရွာ ၇ ရွာဟာ ဒီမြို့က လျှပ်စစ်မီးကိုအသုံးပြုကြရပါတယ်။ ကျောက်ဖြူမြို့ပေါ်မှာ အစိုးရပညာရေးကောလိပ်၊ ခရိုင်ပြည်သူ့ဆေးရုံ၊ လေယာဉ်ကွင်း၊ သင်္ဘောဆိပ် နှစ် ခု၊ သင်္ဘောဆိပ် နှစ် ခုအနက်က အမှတ် (၁)သင်္ဘောဆိပ်ဆိုလို့ရှိရင် မြို့ရဲ့ကမ်းနားလမ်းမှာတည်ရှိပြီးတော့ အခုအခါ အသစ်ဆောက်လုပ်ထားတဲ့ ပင်လယ်ကူးသင်္ဘောကြီးတွေနဲ့ ညမဟူ ဆိုက်ကပ်နိုင်တဲ့ သင်္ဘောဆိပ်လည်း ဖြစ်ပါတယ်။ အဲဒီသင်္ဘောဆိပ်နားမှာပဲ တန် ၆၀၀ ဆံ့ အအေးခန်းစက်ရုံကတော့ အခုအခါမှာ ပိတ်ထားပါတယ်။ ကျောက်ဖြူမြို့မှာ ဓညဝတီရေတပ်ဌာနချုပ်နဲ့ ခလရ ၃၄ ၊ ခမရ ၅၄၂၊ ခမရ ၅၄၃ တပ်ရင်းများနဲ့ ကြည်းတပ်ဗျူဟာတစ်ခုလည်းရှိပါတယ်။ ဒီတပ်ရင်းတပ်ဖွဲ့များဟာ ကျွန်တော်တို့ ကျောက်ဖြူမြို့ရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲရေးအသိုင်းအဝိုင်းဖြစ်လာကြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီမေးခွန်းကို လွှတ်တော်မှာ မေးခွင့်တင်သွင်းတဲ့အချိန်မှာ ကျောက်ဖြူမြို့ရဲ့မီးလင်းရေးအခြေအနေကို တင်ပြလိုပါတယ်။ အဲဒီအချိန်က ကျောက်ဖြူမြို့မှာ မီးလင်းရေးကော်မတီဖွဲ့ပြီးတော့ မီးလင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ တစ်နေ့ကို ၅ နာရီ၊ တစ်ယူနစ်ကို ငွေ ၅၀၀ နှုန်းနဲ့ပေးပေးပါတယ်။ အခုတော့ အချိန်တစ်လကျော်လောက် ကြာတဲ့အတွက်ကြောင့် အပြောင်းအလဲအနည်းငယ်ဖြစ်သွားပါပြီ။ ကျောက်ဖြူမြို့မှာဌာနပိုင်၊ လျှပ်စစ်ဌာနပိုင် မီးစက်တွေရှိသလိုပဲ မြို့ကပိုင်တဲ့မီးစက်တစ်လုံးလည်းရှိပါတယ်။ ဒီမီးစက်ကတော့ဟာ ရွှေသဘာဝဓာတ်ငွေ့က လှူဒါန်းထားတဲ့မီးစက်၊ ဒါမြို့သူမြို့သားတွေပိုင်တဲ့မီးစက်၊ ကီလိုဝပ် ၁၀၀ အားရှိတဲ့ ဗီလဆင်အမျိုးအစား ဒီဇယ်သုံးအင်ဂျင်လို့သိရပါတယ်။ လောလောဆယ်မှာလည်း ဒီမီးစက်ကို အသုံးပြုပြီးတော့ ကျောက်ဖြူမြို့ကို မီးပေးနေပါတယ်။ အခုတော့ကာ ကျောက်ဖြူမြို့ မီးလင်းရေးနဲ့ပတ်သက်ပြီးတော့ မီးလင်းရေးလုပ်ငန်းတွေကို မြို့ပေါ်ကပုဂ္ဂလိကလုပ်ငန်းရှင်တွေ စုပေါင်းတာဝန်ယူ လုပ်ကိုင်နေကြပါတယ်။ အရင်မီးလင်းရေးကော်မတီမဟုတ်တော့ပါဘူး။ ဒီလုပ်ငန်းရှင်များ စုပေါင်းတာဝန်ယူတဲ့နောက်ပိုင်းမှာ အခုမီးပေးတဲ့ အနေအထားဆိုလို့ရှိရင် ညနေ ၅ နာရီခွဲကနေ ည ၁၁နာရီခွဲ အထိ ၆ နာရီ မီးပေးပါတယ်။ အဲဒီမီးပေးတဲ့အဖွဲ့ကိုနိုင်ငံတော်ကတစ်လ ဂါလန် ဆီ ၂၅၀၀ စီစဉ်ပေးတယ်လို့သိရပါတယ်။ နောက်ထပ်လိုအပ်တာတွေကိုတော့ကာ ဒေသပေါက်ဈေးနဲ့ဝယ်ရပါတယ်။ ကျောက်ဖြူမြို့မှာ ကျွန်တော်သိရသလောက် ပုဂ္ဂလိကသုံးမီတာ ၂၄၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ အခုလက်ရှိ ဓာတ်အားခကောက်ခံမှု အနေအထားကိုတင်ပြလိုပါတယ်။ ဓာတ်အားခကောက်ခံတဲ့နေရာမှာ နှစ်မျိုးနှစ်စား ခွဲခြားကောက်ခံတယ်ဆိုတာ ကျွန်တော်တို့သိရပါတယ်။ ပထမအမျိုးအစားကတော့ သာမန်သုံးပြည်သူများ၊ သာမန်သုံးပြည်သူများအတွက် အခြေခံယူနစ် ၁၈ ယူနစ်ပေးပါတယ်။ ၁၈ ယူနစ်မှာ ၁၀ ယူနစ်ကို တစ်ယူနစ် ၂၅ ကျပ်နှုန်းနဲ့ ၂၅၀ ကျပ်ပေးရပါတယ်။ နောက်ကျန်တဲ့ ၈ ယူနစ်ကိုတော့ ၅၀၀ နှုန်းနဲ့ ၄၀၀၀ ကျပ်ပေးရပါတယ်။ မီတာထိန်းသိမ်းခ ၁၀၀၀ ဆိုတော့ သာမန်သုံးစွဲသူတစ်ယောက်ဟာ လစဉ် ၅၂၅၀ ကျပ်ဟာ မသုံးရင်လည်းပေး၊ သုံးရင်လည်းပေး၊ ပေးရတဲ့အခြေခံယူနစ်ရဲ့သဘောဖြစ်ပါတယ်။ နောက် လုပ်ငန်းသုံးယူနစ်ကတော့ကာ အခြေခံယူနစ် ၅၀ သတ်မှတ်ထားပါတယ်။ ၂၅ ယူနစ်နဲ့ ၁၀ ယူနစ် ၂၅၀၊ ၅၀၀ ကျပ်နှုန်းနဲ့ ၄၀ ယူနစ် ၂၀၀၀၀၊ မီတာထိန်းသိမ်းခအတွက် ၁၀၀၀၊ စုစုပေါင်း ၂၁၂၅၀ ဒါလုပ်ငန်းသုံးဆိုပြီးတော့ လုပ်ငန်းသုံးပုဂ္ဂိုလ်တွေကတော့ အခြေခံလစဉ်မသုံးရင်လည်း ၂၁၂၅၀ ကျပ်ပေးရတယ်။ ပိုလို့ရှိရင်တော့ တစ်ယူနစ်ကို ၅၀၀ နှုန်းနဲ့ပေးရပါတယ်။ လုပ်ငန်းသုံးဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ကျောက်ဖြူမြို့မှာ ဒီတွင်ခုံ လုပ်ငန်းတို့၊

သစ်ခွဲစက်လုပ်ငန်းတို့ ရှိကြပါတယ်။ ဒီတွင်ခုံလုပ်ငန်း၊ သစ်ခွဲစက်လုပ်ငန်းရှင်တွေက ဒီစက်ကအားကိုသုံး တာမဟုတ်ပါဘူး။ သူတို့က ပုဂ္ဂလိကအင်ဂျင်တွေသုံးကြပါတယ်။ ဒီမီးစက်က ဓာတ်အားတွေကို ယူသုံး တာကတော့ ဗွီဒီယိုရုံ၊ ရုပ်ရှင်ရုံ၊ မိတ္တူကူးလုပ်ငန်းတွေပဲသုံးပါတယ်။ ဒီလုပ်ငန်းအသေးအမွှားလေးတွေပဲ သုံးကြပါတယ်။ ဒီတော့ ကျွန်တော်တို့ ဒီသာမန်သုံးစွဲသူ ပုဂ္ဂိုလ်များနဲ့လည်း မသုံးရင် လည်း ၅၂၅၀ ကျပ်၊ လုပ်ငန်းရှင်များကလည်း မသုံးရင်လည်း ၂၀၂၅၀ ကျပ် အခြေအနေတွေကို ကျွန်တော်တို့ကသိသာ အောင်တင်ပြခြင်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အခု ကျောက်ဖြူမြို့ရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု မေးခွန်းနဲ့ဆက် စပ်တဲ့အကြောင်းအရာတွေကို ကျွန်တော်ဆက်လက် တင်ပြလိုပါတယ်။ ကျွန်တော်တို့မြို့ရဲ့ မြောက်ဘက် ၂၅ မိုင်လောက်အကွာမှာ ရွှေ ၁၊ ရွှေ ၂ လို့ခေါ်တဲ့ဓာတ်ငွေ့သိုက် ရွှေသဘာဝဓာတ်ငွေ့လုပ်ငန်းအဖွဲ့က သဘာဝဓာတ်ငွေ့တွေ ထွက်တယ်။ အဲဒီသဘာဝဓာတ်ငွေ့တွေကို မြို့ရဲ့အနောက်တောင်ဘက် ၆ မိုင် လောက်အကွာမှာရှိတဲ့ မလကျွန်းကျေးရွာမှာ အခုအခါ စက်ရုံတည်ဆောက်နေပါတယ်။ အဲဒီစက်ရုံမှာဒီ ဓာတ်ငွေ့တွေကိုသန့်စင်မယ်။ သန့်စင်ပြီးတော့ကာ တရုတ်နိုင်ငံကို ပိုက်လိုင်းတွေနဲ့ သွယ်ပြီးတော့ပို့ပေး မယ်လို့သိရပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ဒေသ၊ ဒေသခံတွေကသိလိုကြတဲ့ မေးခွန်းတွေကို ကျွန်တော်မေးဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ဒေသခံ ပြည်သူတွေကတော့ကာ တို့ဆီမှာသဘာဝဓာတ်ငွေ့တွေထွက်တယ်။ တို့ဆီမှာ သဘာဝဓာတ်ငွေ့သန့်စင်စက်ရုံကြီး တည်ဆောက်နေ တယ်။ မကြာခင်မှာ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း ပေါ်လာတော့မယ်။ ဒီလိုပေါ် လာရင်လျှပ်စစ်ဓာတ်အားကို အချိန်ပြည့်လည်းသုံးရမယ်။ ဓာတ်အားခလည်းသက်သာမယ်။ အိမ်တွင်း စက်မှုလုပ်ငန်းတွေလည်းတွင်ကျယ်လာမယ်။ စသည်စသည်ဖြင့် မျှော်လင့်ချက်ကြီးစွာနဲ့ ပြောဆိုနေကြပါ တယ်။ မေးနေကြပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီလိုမျှော်လင့်ချက်တွေထားရှိပါတယ်။ အဲဒါကြောင့် ဒေသခံတွေသိရှိမေးမြန်းနေကြတဲ့ မေးခွန်းသုံးခုကိုမေးမြန်းလိုပါတယ်။ မေးခွန်းတွေကတော့ကာ (က) မလကျွန်းကျေးရွာအနီးရှိ စက်ရုံများမှ သန့်စင်ပြီးသဘာဝဓာတ်ငွေ့တစ်စုံတစ်ရာကို အသုံးပြု၍ ကျောက်ဖြူမြို့အတွက် လျှပ်စစ်ဓာတ်အားပေးမည့်လုပ်ငန်းကို ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ။ (ခ) အကယ်၍ ဆောင်ရွက်ပေးရန်အစီအစဉ်မရှိပါက အဘယ့်ကြောင့်ပါနည်း။ (ဂ) နိုင်ငံတော်၏ မဟာ ဓာတ်အားလိုင်းများမှ ကျောက်ဖြူမြို့အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ်များရှိပါသလား သိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသန်းဌေး(ပြည်ထောင်စုဝန်ကြီး၊စွမ်းအင်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပါမယ်။ အဲတော့ မေးခွန်းကိုမဖြေမီမှာ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းရဲ့သဘောသဘာဝကို ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းဟာ ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A- ၁ နဲ့ A-၃ ကထွက်တဲ့သဘာဝဓာတ်ငွေ့ စီမံကိန်းဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ ကိုရီးယားနိုင်ငံ Daewoo International Corporation ကလုပ်ငန်းဦးဆောင်သူ Operator အဖြစ်နဲ့ဆောင်ရွက်ပြီးတော့ ရွှေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်တွေ၊ ရွှေ Project Consortium ရဲ့ရင်းနှီးမြှုပ်နှံမှုအစုရှယ်ယာပါဝင် မှုဟာနောက်ထပ်ကုမ္ပဏီ လေးခုပါပါတယ်။ အဲဒါတွေကတော့ ONGC မူလ Operator ဖြစ်တဲ့ Daewoo International Corporation က ၅၁ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ ONGC Videsh Ltd.က ၁၇ ရာခိုင်နှုန်းနဲ့ Gail India Ltd. က ၈.၅ ရာခိုင်နှုန်း၊ ကိုရီးယားနိုင်ငံက KOGAS ကုမ္ပဏီက၈.၅ ရာခိုင်နှုန်း၊ မြန်မာ့ရေနံနဲ့သဘာဝဓာတ်ငွေ့လုပ်ငန်းက ၁၅ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ဒီရွှေစီမံကိန်းရဲ့ Joint Operating Agreements JOA ကို ၂၀၀၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်နေ့မှာစာချုပ်ချုပ်ခဲ့ပါတယ်။ အဲတော့ ဒီသဘာဝဓာတ်ငွေ့ဟာ စတင်ရှာဖွေစဉ်က ခုန Daewoo က Operator လုပ်ပြီးတော့ ကျန်တဲ့အဖွဲ့ ၃ ဖွဲ့ပါဝင်တဲ့ ကုမ္ပဏီအုပ်စုနဲ့စပြီးတော့ သဘာဝဓာတ်ငွေ့ကို ရှာဖွေတူးဖော်ခဲ့ကြတာဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်မှာစပြီး စာချုပ်ချုပ်တယ်။ ၂၀၀၄ ခုနှစ်မှာစပြီးတော့ သဘာဝဓာတ်ငွေ့တွေ့ပါတယ်။ သဘာဝဓာတ်ငွေ့တွေ့တဲ့အချိန်မှာ ဒီစီမံကိန်းမှာ ရင်းနှီးမြှုပ်နှံခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုကို အမြန်ဆုံးပြန်ရအောင် နောက်တစ်ခုကလည်းပဲ ဒီ Resources ရဲ့ ဒီသယံဇာတရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ နိုင်ငံတော်အနေနဲ့လည်းပဲ ထိုက်သင့်တဲ့ဝင်ငွေအမြန်ဆုံးရအောင် ဘယ်လိုအကောင်းဆုံးနဲ့ အမြန်ဆုံးအသုံးချမလဲဆိုတဲ့ နည်းလမ်းတွေကိုစဉ်းစားခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ နည်းလမ်းသုံးမျိုးနဲ့ ဒီဓာတ်ငွေ့ကို ခုနငွေပြန်ဖော်ဖို့ စဉ်းစားပါတယ်။ အဲဒီတော့ ပထမနည်းလမ်းကတော့ ကျွန်တော်တို့ အဲဒီအချိန်မှာ ခေတ်စားနေတဲ့ LNG လို့ခေါ်ပါတယ်။ သဘာဝဓာတ်ငွေ့ကို Liquefied Natural Gas လို့ခေါ်တဲ့ဓာတ်ငွေ့ကို အရည်အဖြစ်နဲ့ ပြောင်းလဲလိုက်တာပါ။ အဲလိုပြောင်းပြီးတော့မှ တစ်ကမ္ဘာလုံးကို သင်္ဘောနဲ့တင်ပို့လို့ရပါတယ်။ အဲဒီ နည်းလမ်းတစ်ချက်စဉ်းစားပါတယ်။ နောက် နည်းလမ်းတစ်ခုကတော့ ကျွန်တော်တို့ အခု ရခိုင်ဒေသသားတွေ တင်ပြနေတဲ့

ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အဲဒီမှာ စက်မှုဇုန်ပေါ့၊ စက်မှုဇုန်တည်ထောင်ဖို့ ဒုတိယစဉ်းစားပါတယ်။ နောက်တတိယနည်းလမ်းကတော့ အိန္ဒိယနိုင်ငံကိုပိုက်လိုင်းနဲ့ သဘာဝဓာတ်ငွေ့ရောင်းချဖို့ အဲလိုနည်းလမ်း ကျွန်တော်တို့ သုံးခုစဉ်းစားခဲ့ပါတယ်။ အဲလို သုံးခုစဉ်းစားခဲ့တဲ့အနက်မှာ အဲဒီအချိန်တုန်းက ပထမဆုံး Option ဖြစ်တဲ့ LNG ကိုစဉ်းစားသောအခါမှာ LNG ဟာ ကျွန်တော်တို့ သူ့အတွက် LNG စက်ရုံတည် ဆောက်ဖို့ရှိတယ်။ နောက်တစ်ခါ သိုလှောင်ကန်တွေဆောက်ရပါမယ်။ LNG သယ်ယူမယ့်သင်္ဘောတွေ ဆိုက်ကပ်ဖို့အတွက် ကျွန်တော်တို့ Daep Sea Port နဲ့ ဆိပ်ခံတွေတည်ဆောက်ရပါမယ်။ နောက်တခါ ရင်းနှီးမြှုပ်နှံမှုစရိတ်စကသည် ပိုက်လိုင်းထက်ပို၍ကြီးမားပါတယ်။ နောက်အဲဒီအချိန်မှာ အရေးကြီးဆုံး အဆုံးအဖြတ်ဖြစ်သွားတဲ့အချက်ကတော့ LNG ဈေးမကောင်းပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ LNG စက်ရုံတည်ဆောက်ရေးစီမံချက်ကို ကျွန်တော်တို့ စွန့်လွှတ်ခဲ့ပါတယ်။ နောက်ဒုတိယနည်းလမ်းဖြစ်တဲ့ အထူးစီးပွားရေးဇုန်တည်ဆောက်ဖို့၊ အထူးစီးပွားရေးဇုန် တည်ဆောက်ဖို့ကြတော့လည်းပဲ စိတ်ကူးပဲရှိ သော်ငြားလည်းပဲ တကယ်တန်းကျတော့ ရခိုင်ပြည်နယ်မှာ ဘာစက်မှုလုပ်ငန်း အခြေခံမှမရှိပါဘူး။ ရင်းနှီး မြှုပ်နှံတဲ့ပုဂ္ဂိုလ်တွေကလည်းပဲ သူတို့ရဲ့ရင်းနှီးမြှုပ်နှံတဲ့ ငွေကိုအမြန်ဆုံးပြန်ပြီးတော့လိုချင်တယ်။ အလားတူ ပဲနိုင်ငံတော်ကလည်းငွေပြန်ပြီးတော့ပေါ်ချင်ပါတယ်။ ဒီအချိန်မှာ ကန့်သတ်ထားတဲ့ ကာလတစ်ခုအတော အတွင်းမှာဒီသဘာဝဓာတ်ငွေ့ကို အသုံးမချနိုင်ရင် နောက်ကျွန်တော်တို့မှာလည်း အခြေခံစက်ရုံအလုပ်ရုံ တွေအသင့်မရှိသေးရင် အဲဒီအချိန်မှာ ရောင်းချသူဘက်က သူ့ရဲ့သဘာဝဓာတ်ငွေ့ကို သူရောင်းချင်သ လောက်စာချုပ်စာတမ်းမှာ ပမာဏအတိုင်း ကျွန်တော်တို့က မသုံးနိုင်ရင် အဲဒီမှာပြန်လျော်ရမယ့် အခြေအနေမျိုးတွေ သဘာဝဓာတ်ငွေ့အရောင်းအဝယ်စာချုပ်တိုင်းမှာ ဒါမျိုးတွေရှိပါတယ်။ ဒါကြောင့်မို့ လို့အဲဒီအခြေအနေအရ အဲဒီမှာ ရခိုင်ကမ်းလွန်၊ ရခိုင်ကမ်းရိုးတန်းမှာ ကျွန်တော်တို့ အထူးစီးပွားရေးဇုန် တည်ဆောက်ဖို့ရာဟာလည်းပဲ ဒီအချိန်မှာ ကျွန်တော်တို့ စွန့်လွှတ်ခဲ့ရပါတယ်။ နောက်တတိယနည်းလမ်း ဖြစ်တဲ့အိန္ဒိယနိုင်ငံကို ပိုက်လိုင်းနဲ့ရောင်းဖို့နည်းလမ်း ဒါဒီအချိန်တုန်းက ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလမှာ ရန်ကုန်မြို့မှာ စွမ်းအင်ဝန်ကြီးသုံးပါး အိန္ဒိယနိုင်ငံကို ပိုက်လိုင်းနဲ့ဓာတ်ငွေ့ရောင်းဖို့ ကိစ္စနဲ့ပတ်သက်ပြီး တော့ဆွေးနွေးကြပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့ရဲ့ စွမ်းအင်ဝန်ကြီးရုံးမှာပဲဆွေးနွေးပါတယ်။ အိန္ဒိယ စွမ်းအင်ဝန်ကြီး၊ မြန်မာစွမ်းအင်ဝန်ကြီးနဲ့ ဘင်္ဂလားဒေ့ရှ်စွမ်းအင်ဝန်ကြီးသုံးပါး ဆွေးနွေးကြပါတယ်။ သို့သော်လည်းပဲ သူတို့ရဲ့ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်ကြားမှာရှိတဲ့ Political Issue တွေကြောင့်ကျွန်တော်တို့ အဲဒီအိန္ဒိယကို ပိုက်လိုင်းနဲ့ရောင်းဖို့ အစီအစဉ်ဟာလည်းမဖြစ်ခဲ့ပါဘူး။ ဒီတော့ တစ်ဘက်ကလည်းရင်းနှီး မြှုပ်နှံမှုရှိထားပြီးပြီ။ ဒီအတွက် ထိုက်သင့်တဲ့ပိုက်ဆံကို အချိန်တန်ရင်ပြန်ယူရမယ့် အခြေအနေမျိုးမှာ နောက်ထပ် ဘယ်လိုနည်းနဲ့ပိုက်ဆံရဖို့လုပ်မလဲဆိုတာ စဉ်းစားသောအခါမှာ တရုတ်နိုင်ငံကို ပိုက်လိုင်းနဲ့

ရောင်းတဲ့နည်းလမ်းပေါ်လာပါတယ်။ အဲဒီတော့ ၂၀၀၅ ခုနှစ်မှာ အိန္ဒိယကို ရောင်းချဖို့စီမံချက်ပျက်သွားတယ်။ ပျက်သွားပြီးတော့ နောက်ပိုင်းမှာ တရုတ်နိုင်ငံကဝယ်ဖို့ကမ်းလှမ်းလာတယ်။ ဒီအတွက် အရောင်းအဝယ်စာချုပ်ဖြစ်အောင် ကျွန်တော်တို့ သုံး၊ လေးနှစ်လောက်ပြင်းထန် ဆွေးနွေးကြရပါတယ်။ အဲလိုဆွေးနွေးပြီးမှ ဒီနေ့ကျွန်တော်တို့ ရောင်းရမယ့်အခြေခံဈေးဟာ ဘယ်တုန်းကမှထင်မထားတဲ့ အကောင်းဆုံးဈေးကိုရတာဖြစ်ပါတယ်။ ဒီလွှတ်တော်မှာပဲ ပွင့်ပွင့်လင်းလင်းတင်ပြရရင် ဒီသဘာဝဓာတ်ငွေ့ကို တရုတ်နိုင်ငံကိုတင်ပို့တဲ့ဥစ္စာကို အများက ကျွန်တော်တို့သည် တရုတ်နိုင်ငံကို နိုင်ငံကြီးဖြစ်တဲ့အတွက် လျှော့ဈေး၊ ပေါ့ဈေးအောက်ဈေးနဲ့ ပေးတယ်လို့ယူဆကြပါတယ်။ မမှန်ပါဘူးခင်ဗျား။ အဲဒီတကယ့် Operator ဖြစ်တဲ့ Daewoo ကိုယ်တိုင်ကိုက ကျွန်တော်တို့သည် အောက်ဈေးနဲ့ သူရောင်းလိုက်မှာကို စိုးရိမ်ပါတယ်။ သို့သော်လည်းပဲ တကယ်နောက်ဆုံးဆွေးနွေးပြီးရတဲ့ဈေးဟာ အခုချိန်ထိ သဘာဝဓာတ်ငွေ့ဈေးအကောင်းဆုံးဈေးကိုရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမှာ တိုင်းပြည်အတွက်ကော၊ ဒီရင်းနှီးမြှုပ်နှံတဲ့အစုအဖွဲ့တွေအားလုံးအတွက်ကော ကျွန်တော်တို့ အကောင်းဆုံးနဲ့ အမြန်ဆုံးငွေပြန်ပေါ်မယ့် ဒီတရုတ်နိုင်ငံကို ပိုက်လိုင်းနဲ့ သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချခြင်းဆိုတဲ့နည်းလမ်းကို ကျွန်တော်တို့ ရွေးခဲ့တာဖြစ်ပါတယ်။ အဲဒီအတွက် ဒီ Export Gas Sales and Purchase Agreement ဆိုတဲ့စာချုပ်ကို ဒီရွှေစီမံကိန်းလုပ်ငန်းအဖွဲ့နဲ့ တရုတ်နိုင်ငံ China National United Oil Corporation တို့ဟာ ၂၀၀၈ ခုနှစ်မှာ ကျွန်တော်တို့ လက်မှတ်ထိုးပြီးတော့ ကတိကဝတ်တွေပြုခဲ့ကြပြီးဖြစ်ပါတယ်။ ဒီမှာ ကတိကဝတ်ဆိုတာက ဘာကိုဆိုလိုပါသလဲဆိုရင် သူတို့ တစ်နှစ်အတွက်ကို သဘာဝဓာတ်ငွေ့ဘယ်လောက်ယူမလဲ။ ကျွန်တော်တို့ဘယ်လောက်ယူမလဲ။ ကျွန်တော်တို့က ဘယ်လောက်ရောင်းရမှာလဲ။ တစ်နေ့ကို ဘယ်လောက်ပို့လွှတ်ပေးမလဲဆိုတဲ့ အချက်အလက်တွေကို ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ ဒီနေရာမှာ ဒီပိုက်လိုင်းတည်ဆောက်တဲ့ ကုန်ကျစရိတ်ရှိပါတယ်။ နောက်တစ်ခါ ပိုက်လိုင်းရဲ့ ကျွန်တော်တို့ပို့လွှတ်နိုင်တဲ့ ပမာဏရှိပါတယ်။ အဲဒီအတွက် ဒီပိုက်လိုင်းမှာ တရုတ်နိုင်ငံက ရင်းနှီးသလိုပဲ မြန်မာနိုင်ငံကလည်း မိမိအကျိုးစီးပွားအတွက် ထည့်သွင်းရင်းနှီးမြှုပ်နှံထားပါတယ်။ ကျွန်တော်တို့နဲ့တစ်ယောက်တစ်ဝက်နီးပါးရှိပါတယ်။ အဲဒီတော့ ပိုက်လိုင်းတည်ဆောက်ထားတဲ့ပိုက်ရဲ့ Size အရတစ်နေ့ကိုအနည်းဆုံး ကုဗပေ သန်း ၅၀၀၊ အနည်းဆုံး အဲဒီလောက်လွှတ်မှ စီးပွားရေးတွက်ချေကိုက်ပါတယ်။ အခုတွေ့ရှိထားသလောက် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းကလည်းပဲ အများဆုံးအခု တွေ့ရှိထားတဲ့ပမာဏအရသန်း ၅၀၀ ပဲထုတ်နိုင်ပါတယ်။ ဒါကြောင့်သန်း ၅၀၀ ကျွန်တော်တို့နေ့စဉ် တရုတ်ပြည်ကို တင်ပို့ဖို့ရှိပါတယ်။ အဲဒီထဲမှာမှ ပြည်တွင်းသုံးအတွက် ကျွန်တော်တို့က တစ်နေ့ကို ကုသဗေ သန်း ၁၀၀ ပြန်ပြီးတော့ ထုတ်သုံးပါ့မယ်။ အဲလိုသုံးတဲ့ သဘာဝဓာတ်ငွေ့ကိုလည်း ဘယ်နေရာမှာသုံးမလဲဆိုရင် စောစောက

ကျွန်တော်တင်ပြသလိုပါပဲ ကျွန်တော်တို့မှာ အဲဒီပို့လွှတ်ချိန်မှာ အသင့်ထုတ်ပြီးတော့သုံးနိုင်တဲ့ အခြေအနေအထားရှိတယ်။ အထက်ဗမာပြည်မှာရှိတဲ့ စက်မှုရပ်ဝန်းတွေ၊ နောက်တစ်ခါ ရေနံချောင်း၊ချောက်ဒေသမှာရှိတဲ့ စက်မှုရပ်ဝန်းတွေ အဲဒီနေရာတွေမှာ ကျွန်တော်တို့ သဘာဝဓာတ်ငွေ့ကို အပေါက်ဖောက်ထုတ်ပြီးတော့သုံးမယ်လို့ ဒီလိုကျွန်တော်တို့ ရည်ရွယ်ခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် အကယ်၍ ဒီအချိန်ကျမှကျွန်တော်တို့က ခုနရခိုင်ဒေသမှာ နောက်ထပ်ထပ်ပြီးတော့ သဘာဝဓာတ်ငွေ့ကို ယူထုတ်သုံးမယ်ဆိုရင်စာချုပ်စာတမ်းအရ လုပ်ဖို့ခဲယဉ်းပါတယ်။ နောက်တစ်ခုကလည်းပဲ ဒီကုဗပေသန်း ၁၀၀ ထက် ကျွန်တော်တို့ပို၍ယူလိုက်လို့ရှိရင် စောစောက ကျွန်တော်တင်ပြတဲ့ သူ့ကိုတစ်နေ့ကို ကုဗပေ သန်း ၅၀၀ မပေးနိုင်တဲ့အတွက်ကျွန်တော်တို့ လျော်ရမယ့်အခြေအနေဖြစ်ပါတယ်။ ဒီလို Take or Pay ဆိုတဲ့ Clause ဟာလည်းပဲနိုင်ငံကြီးနိုင်ငံငယ်နဲ့မဆိုင်ပါဘူး။ သဘာဝဓာတ်ငွေ့ အရောင်းအဝယ်စာချုပ် အားလုံးမှာရှိပါတယ်။ ကျွန်တော်တို့ ရတနာသဘာဝဓာတ်ငွေ့ ယိုးဒယားနိုင်ငံကို ရောင်းချစဥ်က ဒီအတိုင်းပဲ ဒီလိုကတိကဝတ်တွေထည့်ပြီးတော့လုပ်ခဲ့ပါတယ်။ ဒါ့ကြောင့်လွန်ခဲ့တဲ့ ရှစ်နှစ်၊ ကိုးနှစ်လောက်က ယိုးဒယားနိုင်ငံဟာသူ့ရဲ့သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ အသင့်မဖြစ်တဲ့အတွက် ကျွန်တော်တို့ဘက်ကပို့လွှတ်ရောင်းချဖို့ အသင့်ဖြစ်နေတဲ့အချိန်မှာ သူမယူနိုင်တဲ့အတွက် စောစောက Take or Pay Clause အရ ကျွန်တော်တို့ဟာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ လောက်လျော်ကြေးရခဲ့ဘူးပါတယ်။ ဒါကြောင့်မို့လို့ ဒီစီမံကိန်းမှာလည်းပဲ ကျွန်တော်တို့က အခုမှဖောက်ပြီးတော့ သုံးဖို့စိတ်ကူးပေါက်ပြီးတော့ဖောက်သုံးလို့ရှိရင် စောစောကပြောတဲ့ Impact မျိုးကျွန်တော်တို့မှာ ထိခိုက်လာနိုင်တယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ အဲတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သဘာဝဓာတ်ငွေ့ရောင်းချဖို့ ကျွန်တော်တို့သွယ်တန်းထားတဲ့၊ သွယ်တန်းမယ့်ပိုက်လိုင်းဟာ အချင်း လက်မ ၄၀ ရှိပါတယ်။ သူ့ရဲ့ရင်းနှီးမြှုပ်နှံမှုဟာ ၂.၁၄၆ ဘီလီယံရှိပါတယ်။ ပို့လွှတ်နိုင်တာဟာ တစ်နေ့ကို ၁.၁၆၁ ဘီလီယံရှိပါတယ်။ ဆိုတော့ ကုဗပေသန်း ၁၁၆၀ လောက်ပို့လွှတ်နိုင်တဲ့ ဥစ္စာမှာအခုမှ ကျွန်တော်တို့က သန်း ၅၀၀ လောက်စပြီးတော့ပို့လွှတ်ရမှာဖြစ်တော့ ဒီအထဲကထပ်ပြီးတော့ ကျွန်တော်တို့က ကျွန်တော်တို့ အတွက်ထပ်ပြီးတော့ ခုနကထပ်ပြီးနှိုက်ယူသုံးစွဲအုံးမယ်ဆိုရင် တစ်ဖက်ကလည်း စာချုပ်စာတမ်းအရ ကန့်ကွက်လာနိုင်တဲ့အတွက်လောလောဆယ် ဦးဘရှိန်မေးတဲ့အဖြေကို ပြန်ဖြေကြားရရင်တော့ ဒီရွှေစီမံကိန်းကနေပြီးတော့နောက်ထပ်ခုန ကျောက်ဖြူပုတ်ဝန်းကျင်မှာ သဘာဝဓာတ်ငွေ့ထပ်ပြီး ထုတ်သုံးစွဲဖို့ဆိုတာဖြစ်နိုင်တဲ့အခြေအနေမရှိဘူးလို့တင်ပြလိုပါတယ်။ တစ်ဖက်ကတော့ လျှပ်စစ်(၂)ဝန်ကြီးဌာနနဲ့ ဆွေးနွေးရရှိချက်အရကျွန်တော်တို့ လျှပ်စစ်(၂)ဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွက် ရေအားလျှပ်စစ်လုပ်ငန်းတွေတည်ဆောက်နေတယ်ဆိုတာလည်းပဲ ကျွန်တော်တို့သိရှိထားပါတယ်။ နောက်တစ်ခုက သဘာဝဓာတ်ငွေ့သုံး

ဓာတ်အားပေးစက်ရုံတွေရဲ့ ကနဦးမတည်ရင်းနှီးစရိတ်ဟာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေလောက်မများသော်ငြားလည်းပဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့အတွက် လောင်စာဓာတ်ငွေ့အသုံးပြုရတဲ့အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်ဟာ ရေအားလျှပ်စစ်စက်ရုံတွေက ထုတ်လုပ်မှုထက်အလွန်များတယ်လို့လည်း နားလည်ပါတယ်။ ဒါ့ကြောင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်တဲ့အလားအလာရှိတဲ့နေရာတွေမှာ အများအားဖြင့် ရေအားလျှပ်စစ်စက်ရုံတွေ ဒီလိုပဲ တည်ဆောက်တယ်လို့လည်းပဲလေ့လာသိရှိရပါတယ်။ အခုအခါမှာတော့ ရခိုင်ပြည်နယ်ဒေသအတွင်းမှာ ပြည်သူတွေလျှပ်စစ်ဓာတ်အားအပြည့်အဝ အသုံးပြုနိုင်ဖို့အတွက် သူဌေးချောင်းစီမံကိန်း ၁၁၁ မဂ္ဂါဝပ်၊ အမ်းစီမံကိန်း ၁၀ မဂ္ဂါဝပ်၊ လေးမြို့စီမံကိန်း ၅၀၀ မဂ္ဂါဝပ်၊ စိုင်းဒင်စီမံကိန်း ၇၆.၅ မဂ္ဂါဝပ်၊ စီမံကိန်းများချမှတ်ထားပြီးဖြစ်ကြောင်း လျှပ်စစ်(၁)စွမ်းအားဝန်ကြီးဌာနရဲ့ ပြောကြားချက်အရသိရပါတယ်။ နောက်မဟာဓာတ်အားလိုင်းအနေနဲ့လည်းပဲ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်ဒေသမှာအကောင်အထည်ဖော်ဆောင်ရွက်ဖို့စီမံနေတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေနဲ့ ဆက်စပ်ပြီးတော့ ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းကြီးတွေ ပင်မဓာတ်အားခွဲရုံကြီးတွေတည်ဆောက်ပြီးတော့မှ ဓာတ်အားကွန်ယက်တစ်ခုတည်ဆောက်ဖို့ စီမံကိန်းတွေချမှတ်ဆောင်ရွက်နေကြောင်းလည်းသိရှိရပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်းပဲ ရခိုင်ကမ်းလွန်ဒေသမှာ ယခုထုတ်လုပ်နေတဲ့ A-1၊ A-3 ရွှေ Project အပြင် Daewoo International Limited ဟာနောက်ထပ်အဲဒီ A-1၊ A-3 နဲ့ဆက်စပ်နေတဲ့ ရေနက်ပိုင်းလုပ်ကွက်ဖြစ်တဲ့ AT-7 မှာလည်း အခုအလားအလာကောင်းတွေ ထပ်မံစမ်းသပ်ရှာဖွေတွေ့ရှိထားပါတယ်။ အလားတူပဲ KMDC ကုမ္ပဏီ ဟာကမ်းလွန်လုပ်ကွက် A-5 နဲ့ A-7 တို့မှာလည်း အခုစမ်းသပ်ရှာဖွေမှုတွေလုပ်နေပါတယ်။ တရုတ် ပြည်သူ့သမ္မတနိုင်ငံ CNPC ကုမ္ပဏီဟာလုပ်ကွက် AD-1၊ AD-6၊ AD-8 တို့မှာ ရှာဖွေနေပါတယ်။ အိန္ဒိယ နိုင်ငံ Essar World ကုမ္ပဏီဟာ လုပ်ကွက် A-2၊ ကမ်းလွန်လုပ်ကွက် A-2 ကုန်းပေါ်လုပ်ကွက် Block L ဒီမှာလည်းပဲ တောက်လျှောက်ရှာဖွေရေးတွေလုပ်နေပါတယ်။ နောက်တစ်ခါ British Bergent မှတ်ပုံတင် ထားတဲ့မြန်မာနိုင်ငံမှ MPRL ကုမ္ပဏီဟာ လုပ်ကွက် A-6 မှာရှာဖွေရေးလုပ်ငန်းတွေဆောင်ရွက်နေပါတယ်။ အများစုဟာ အလားအလာကောင်းတွေရှိတယ်လို့ ကျွန်တော်တို့ အကြမ်းဖျင်းနားလည်ပါတယ်။ ဒါကြောင့် လောလောဆယ်မှာ ဒီရွှေစီမံကိန်းကနေပြီး သဘာဝဓာတ်ငွေ့ထုတ်ယူသုံးစွဲရန်မဖြစ်နိုင်သေးသော်ငြားလဲပဲ နောင်မှာ ရခိုင်ပြည်နယ်ကမ်းလွန်ဒေသက ဒီလုပ်ကွက်တွေက သဘာဝဓာတ်ငွေ့ကိုထပ်ပြီးတော့ တွေ့နိုင်တဲ့အချိန်မျိုးမှာ လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့လည်းပဲ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံတွေတည်ဆောက်ဖို့ လိုနေသေးတယ်ဆိုရင် ကျွန်တော်တို့ ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ရှိပါတယ်လို့ ဖြေကြားလိုပါတယ်။ တစ်ဆက်တစ်စပ်တည်းမှာ နောက်ထပ် ကျွန်တော်တို့

မြန်မာ့ကမ်းလွန်မှာ သဘာဝဓာတ်ငွေ့တွေ့ရှိမှုတွေရှိပါတယ်။ ရန်ကုန်မြို့နဲ့အနီးဆုံးလုပ်ကွက် A-3 ဆို တဲ့ နေရာမှာတွေ့ပါတယ်။ ကျွန်တော်တို့ လက်ခုပ်ကုန်းကမ်းလွန်မှာပဲရှိပါတယ်။ လွန်ခဲ့တဲ့ သုံးလလောက် ကတွေ့ပါတယ်။ အဲဒီတော့ အဲဒီမှာသဘာဝဓာတ်ငွေ့ အမြောက်အမြားတွေ့တယ်ဆိုတာနဲ့ ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနကနေ သွားပြီးတော့စစ်ပါတယ်။ စစ်ပြီးတော့ တစ်ခါတည်း အဲဒီမှာပဲ အဆုံးအဖြတ် ပြောခဲ့ပါတယ်။ ဒီတစ်ခါတွေ့တဲ့ သဘာဝဓာတ်ငွေ့ကို တို့ဘယ်ကိုမှမရောင်းဘူး။ ပြည်တွင်းသုံးအတွက် ပဲသုံးမယ်။ ဒီအတွက်အမြန်ဆုံး ထုတ်ယူသုံးစွဲနိုင်အောင် စီမံပါဆိုပြီးတော့ ဒါပြောခဲ့ပြီးသားဖြစ်ပါတယ်။ ဒါကြောင့် အခု ဦးဘရှိန်တို့မေးတဲ့ နောက်ထပ်ပြည်တွင်းသုံးအတွက် လိုအပ်မယ့်ဟာတွေဟာ ရခိုင် ကမ်းလွန်ဒေသမှာလည်း Project တွေရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ မုတ္တမကမ်းလွန်၊ တနင်္သာရီကမ်းလွန် ဒီမှာလည်းပဲဆက်လက်ရှာဖွေ ဆောင်ရွက်ဆဲဖြစ်တဲ့အတွက် နောင်ထပ်မံတွေ့ရှိလာတဲ့ သဘာဝဓာတ်ငွေ့၊ ရေနံသဘာဝဓာတ်ငွေ့များက တော့တိုင်းပြည်အတွက်ပဲ အဓိကဦးတည်ပြီးတော့ ကျွန်တော်တို့ ပြည်တွင်းသုံးအတွက် ဦးစားပေးဆောင် ရွက်သွားမယ်လို့လည်းတင်ပြလိုပါတယ်။

အဲဒီတော့ အဓိကမေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားလိုတာကတော့ ဒီလောက်ပဲဖြစ်ပါတယ်။ သို့သော် ခြေဆင်းမှာ ဦးဘရှိန်ပြောသွားတဲ့ ဒီ Project ကြောင့် ကျွန်တော်တို့ ကျောက်ဖြူဒေသမှာ လမ်းပန်းတွေ ပျက်စီးတာတွေရှိတယ်လို့ တင်ပြသွားတာရှိပါတယ်။ အဲဒါနဲ့ပတ်သက်လို့ တစ်ဆက်တစ်စပ် တည်းတင်ပြရရင်တော့မှန်ပါတယ်။ လုပ်ငန်းအတွက် ကျွန်တော်တို့ Heavy မော်တော်ယာဉ်ကြီးတွေသုံးရ ပါတယ်။ ကျွန်တော်တို့ သုံးမယ့်ပိုက်လိုင်းတွေရဲ့ အလေးချိန်ဟာအလွန်ကြီးမားပါတယ်။ ဒါကြောင့်မို့လို့ ဒီပိုက်သယ်တဲ့ကားကြီးတွေရဲ့ အလေးချိန်ဟာလည်း တော်တော်များပါတယ်။ သို့သော်လည်းပဲ ဒီကားတွေ သုံးတဲ့အတွက် လမ်းပျက်ခြင်းကို အခုပျက်တာနဲ့ အခုပြင်စသည်အားဖြင့် ဒီလိုလုပ်နိုင်အောင် အဲဒီမှာ အလုပ်လုပ်တဲ့ကုမ္ပဏီတွေကိုကော၊ သူတို့ရဲ့ Sub-Contracter တွေကိုကောကျွန်တော်တို့ စွမ်းအင် ဝန်ကြီးဌာနကနေ ညွှန်ကြားပြီးသားဖြစ်ပါတယ်။ ရခိုင်ဒေသရဲ့ အနေအထားအရ မိုးသိပ်များတယ်။ နောက် ကျောက်ရှားတယ်၊ အဲဒီလိုဖြစ်တဲ့အတွက် လောလောဆယ်မှာ မိုးတွင်းမှာ နည်းနည်းလေးပြဿနာရှိပါ တယ်။ သို့သော်လည်းပဲ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဒီဟာကိုတောက် လျှောက်မျက်ခြေမပြတ်စောင့် ကြည့်နေပြီးတော့ အဲဒီကုမ္ပဏီကို တောက်လျှောက်တွန်းအားပေးလျက်ရှိပါတယ်။ ကျွန်တော့်ဝန်ကြီးဌာန မှာလည်းပဲ နိုင်ငံခြားကုမ္ပဏီ အားလုံးကိုခေါ်ပြီးတော့ ဝန်ကြီးကိုယ်တိုင်တွေ့ပြီးတော့လုပ်ရမယ့်အလုပ် တွေကိုကျွန်တော်တို့ လမ်းညွှန်လျက်ရှိပါတယ်။ အလားတူပဲ  အခုကျောက်ဖြူဆိုလို့ရှိရင် ကျွန်တော်တို့ မနက်ဖြန် ကျွန်တော်ကိုယ်တိုင်သွားပြီးတော့ အဲဒီလမ်းတွေကို စစ်ဆေးမှာဖြစ်ပါတယ်။ အဲဒီတော့ ဝန်ကြီး

သွားမယ်လို့ပြောတဲ့အတွက် အဲဒီကုမ္ပဏီတွေဟာ သူတို့ဆောင်ရွက်ထားတဲ့ဟာတွေကို အခုကြိုတင်ပြီး တော့တင်ပြနေပါပြီ။ သူတို့ဘယ်လမ်းကို ဘယ်လိုပြင်ထားတယ်၊ ဘယ်လမ်းကို ဘယ်လိုလုပ်နေတယ် ဆိုတဲ့အချက်အလက်တွေ ကျွန်တော့်ဆီကိုရောက်နေပါပြီ။ ဒါကြောင့်မို့လို့ ဒီမှာတင်ပြလိုတာကတော့ ကျွန်တော်တို့သည် တိုင်းပြည်အတွက်လိုအပ်တဲ့ လုပ်ငန်းတွေ ကိုလုပ်တဲ့နေရာမှာ မလွဲသာမရှောင်သာ တချို့သောနေရာတွေမှာ ထိခိုက်မှုတွေ၊ ပျက်စီးမှုတွေရှိပါတယ်။ သို့သော်လည်းပဲ ဝန်ကြီးဌာနသည် ကောင်းကောင်းဒီဟာကို သဘောပေါက်ပြီးတော့ကာ ဒီလုပ်ငန်းတွေ စီမံချက်ပြီးတာနဲ့ မူရင်းအခြေအနေ ထက်ပို၍ ကောင်းသောလမ်းတွေဖြစ်အောင် လုပ်ရမယ်လို့လည်းပဲ ဒီကုမ္ပဏီကို ညွှန်ကြားပြီးသားဖြစ် ကြောင်းလေးစားစွာ ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်ဝင်း၊ ဒေးဒရဲမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း (ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ပထမဦးစွာဂါရဝပြုနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီ တိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ဧရာဝတီ တိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ ဒေးဒရဲနဲ့ကျိုက်လတ်မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းရှိ၊ မရှိ သိလိုကြတဲ့ ပြည်သူများရဲ့အသံကိုတတစ်ဆင့်မေးမြန်းဖတ်ကြားခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါ တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက် ရာမှာလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးသည် အဓိက အခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော် အနေနဲ့လမ်းတံတားများကို နေ့မအားညမနား အားကြိုးမာန်တက်ဆောင်ရွက်နေကြသည်ကို ဒေးဒရဲမြို့ နယ်ပြည်သူများအနေနဲ့ ဝမ်းသာအားရဖြစ်မိပါတယ်။ ဒေးဒရဲမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးအနေနဲ့ ဒေးဒရဲ-ကျိုက်လတ် ၁၁.၅ မိုင်ရှည်တဲ့ကားလမ်းကို ရာသီမရွေးသွားလာနိုင်ရန် ခွင့်ပြုရန်ပုံငွေ ငွေလုံး ငွေရင်းများဖြင့်လည်းကောင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းအားဖြင့်လည်းကောင်း ဒေးဒရဲ-ကျိုက်လတ်လမ်းကို ကျောက်ချောလမ်းအဖြစ် လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေးဒရဲ-ကျိုက်လတ်မြစ်ကူးတံတား တည်ဆောက်ပေးမည်ဆိုပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက် ကောင်းမွန်ပြီး ခရီးသွားလာမှုပိုမိုချောမွေ့လွယ်ကူမှာဖြစ်ပါတယ်။ အခု ဒေးဒရဲ-ဖျာပုံ-ကျိုက်လတ်မှသွားပါ ကမိုင် ၃၀ ကျော်ဝေးပြီးယခုတံတား ထိုးပေးပြီဆိုပါက ၁၁.၅ မိုင်သာဝေးပြီ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြ

လိုတဲ့မြစ်ကူးတံတားဆိုသည်မှာ ဖျာပုံ-ဘိုကလေးတံတားကြီးများကဲ့သို့ တံတားမျိုးမဟုတ်ဘဲသွားလာရေးလွယ်ကူမယ့် သင့်တော်တဲ့ ဒေသန္တရတံတားအဆင့်မျိုးကိုသာ ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးမယ်ဆိုပါက အထူးသဖြင့် မအူပင်တက္ကသိုလ်ကို တက်ရောက်နေရတဲ့ ဒေးဒရဲမြို့နယ်မှ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ပိုမိုသွားလာရေးအဆင်ပြေမှာဖြစ်ပါတယ်။ ဒေသခံပြည်သူတို့အနေနဲ့ လူမှုရေးဘဝအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ရာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍအသီးသီးတို့သည်လည်း ဆထက်ထမ်းပိုးတိုးတက်လာမှာ ဧကန်မလွဲဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေးဒရဲမြို့နယ်၊ ဘုရားလေးကွင်းကျေးရွာ တစ်ဖက်ကမ်းရှိ ကျိုက်လတ်မြို့နဲ့ ဆက်သွယ်တဲ့ ဒေးဒရဲ-ကျိုက်လတ်မြစ်ကူး တံတားတစ်စင်းကိုတည်ဆောက်ပေးရန် စီမံကိန်းရှိ/မရှိ သိရှိလိုပါတယ်။ တည်ဆောက်မည့်အစီအစဉ်ရှိပါက မည်သည့်ကာလတွင် စတင်ဆောက်ရွက်မည်ကို သိလိုကြောင်း မေးမြန်းလိုပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ဦးမြသိန်း၊ ဘိုကလေးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(ဘိုကလေး မဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆန္ဒပြုရင်းဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြ မေးမြန်းလိုတာကတော့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဖျာပုံ-ဘိုကလေးကားလမ်းကိုကတ္တရာခင်းခြင်းလုပ်ငန်းနဲ့စပ်လျဉ်းပြီး တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ နိုင်ငံအဝန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လုံခြုံချောမွေ့စေရေးသည် အခြေခံကျတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟုဆိုတာနှင့်အညီ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသမှာ ပြည်ထောင်စုအစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဧရာဝတီတိုင်းဒေသကြီးလမ်းကွန်ယက်စီမံကိန်းများဖြစ်သည့် လမ်းအမှတ် ၅၊ ဘိုကလေး-ကျိန်ချောင်း-ဂဒုံကနိလမ်း၊ လမ်းအမှတ် ၆၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းနှင့် လမ်းအမှတ် ၁၁၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး၊ မြောင်းမြလမ်းများသည် ဘိုကလေးမြို့မှာ ဦးတည်တွေ့ဆုံပြီး၊ ဘိုကလေး-ဖျာပုံကားလမ်းမှတစ်ဆင့် မြန်မာ

နိုင်ငံအနှံ့သို့ ဆက်သွယ်သွားလာနိုင်တဲ့အတွက် ဘိုကလေး-ဖျာပုံ ကားလမ်းဟာ ကျွန်တော်တို့ မြစ်ဝကျွန်း ပေါ်ဒေသကြီးရဲ့ ကုန်းလမ်းထွက်ပေါက်တစ်ခု ဖြစ်ပါတယ်ခင်ဗျား။ ဖျာပုံ-ဘိုကလေးကားလမ်းကို ၁၉၉၀ ခုနှစ်မှ စတင်ပြီးဖောက်လုပ်ခဲ့ပါတယ်။ လမ်းအရှည် ၁၉ မိုင်၊ ၂ ဖာလုံရှိပြီး၊ ၎င်းလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူပြီး အဆင့်ဆင့်တိုးမြှင့် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ လမ်းအကျယ် ၁၂ ပေရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ ဖျာပုံဘက်လမ်းအပိုင်း က ၅ မိုင်၊ ၇ ဖာလုံနှင့် ဘိုကလေးဘက်လမ်းအပိုင်းမှာ ၄ မိုင်၊ စုစုပေါင်း ၉ မိုင်၊ ၇ ဖာလုံပြီးစီးခဲ့တဲ့ အတွက်ဒေသခံပြည်သူများကလည်း ဝမ်းသာပီတိဖြစ်ခဲ့ကြရပါတယ်ခင်ဗျား။ ကျန်ရှိနေတဲ့ ၉ မိုင်၊ ၃ ဖာလုံ အရှည်ရှိတဲ့လမ်းအလယ်ပိုင်းမှာ မိုးတွင်းကာလရောက်တိုင်း အပျက်အစီးများပြီး သွားလာရေးခက်ခဲတဲ့ အတွက် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးအရေးပေါ် ကိစ္စများသွားလာရာတွင် ခရီးကြန့်ကြာမှုများရှိနေ သည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များမှာ အခက်အခဲနှင့်နစ်နာမှုများ မကြာခဏ ကြုံတွေ့နေရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိုကလေး-ဖျာပုံကားလမ်း သွားလာမှုလွယ်ကူချောမွေ့ စေရေးအတွက် ကတ္တရာခင်းခြင်းလုပ်ငန်း အမြန်ဆုံးပြီးစီးနိုင်ရန် ဒေသခံပြည်သူများကလည်း လိုလား တောင့်တလျက်ရှိနေကြပါတယ်။ သို့ပါ၍ ယခုနှစ်ပွင့်လင်းရာသီမှာ ကတ္တရာခင်းခြင်းလုပ်ငန်းများစီစဉ် ဆောင်ရွက်ထားမှုကို သိရှိလိုကြတဲ့ ဒေသခံပြည်သူများရဲ့ကိုယ်စား လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစောဂျိမ်း၊ အိမ်မဲ မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောဂျိမ်း(အိမ်မဲ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျိမ်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်ဟာ ယခင်က ရေလမ်းခရီးတစ်ခုကိုသာ အားပြုပြီးတော့သွားလာရ ပါတယ်။ အိမ်မဲ-ကျောင်းကုန်းလမ်း၊ အိမ်မဲ-ဒါးကလမ်းဖောက်လုပ်ပြီးတဲ့အခါမှာ ကားလမ်းများလည်း ထွက်ပေါက်ရရှိခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့အတွက် အိမ်မဲမြို့ဟာလည်းပဲဖွံ့ဖြိုးတဲ့ အခြေအနေမျိုးသို့ ရောက်ရှိခဲ့ရပါတယ်။ ၁၉၆၄ ခုနှစ်မှာ အိမ်မဲ-ကျောင်းကုန်းလမ်း ခရီးမိုင် ၁၅ မိုင်ကို

တပ်မတော်ကဦးဆောင်ပြီး ဒေသခံပြည်သူလုပ်အားနဲ့ ဖောက်လုပ်ခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်မှာ နိုင်ငံတော်လမ်းအဖြစ်သတ်မှတ်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူခဲ့ပါတယ်။ အိမ်မဲ-ကျောင်းကုန်းချောင်းပေါ်ရှိ ၁၂၅ပေ၊ ၁၃ ပေ၊ ၂၀ ပေရှိ မြို့ဝင်တံတားတစ်စင်းလည်း ပါဝင်ပါတယ်။ ၁၉၇၅ ခုနှစ်မှ မြို့ဝင်တံတား သံကူကွန်ကရစ်တံတားအစား သစ်သားတံတားကို ဆောက်လုပ်ခဲ့ပါတယ်။ ကာလကြာမြင့်ပြီဖြစ်လို့ တံတားဟာ ဟောင်းနွမ်းဆွေးမြေ့ခိုင်ခံ့မှုမရှိတော့ပါဘူး။ အိမ်မဲပြည်သူလူထုများကလည်း သံကူကွန်ကရစ်တံတားတစ်ခု ပေါ်ပေါက်ရန်ဆန္ဒရှိပါတယ်။ သို့ဖြစ်ပါ၍ သံကူကွန်ကရစ်တံတားတစ်ခုဆောက်လုပ်ပေးပါရန်အတွက် အစီအစဉ် ရှိ၊ မရှိ လေးစားစွာမေးခွန်းမေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်သန်းမြင့်၊ ငပုတောမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဒီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ၇ ရက်နေ့က လွှတ်တော်အစည်းအဝေးကြီးထဲမှာ ဝင်ရောက်ပြီးတော့မွှေသွားတဲ့တောဆင်ရိုင်းများပေါ်များရာ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှ မဲဆန္ဒရှင်များရဲ့ကိုယ်စားတင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၇ ရက်နေ့တုန်းက ကျွန်မတင်ပြခဲ့တဲ့ ဆင်ရိုင်းများနဲ့ပတ်သက်ပြီးတော့ ဆက်စပ်တဲ့ကိစ္စလေးတစ်ခုကို ကျွန်မမေးခွန်းမေးခင်မှာ တင်ပြခွင့်ပြုပါရှင်။ ၇ ရက်နေ့တုန်းက ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှာ တောဆင်ရိုင်းများကြောင့် ပြည်သူတွေဟာ ဒုက္ခခံစားနေရပါတယ်ဆိုတာတင်ပြခဲ့ရတဲ့အချိန်မှာ ၁၃ ရက်နေ့မှာ ပုသိမ်-မော်တင်ကားလမ်း ကြားစခန်းတစ်ခုဖြစ်တဲ့ မြို့ခေါင်းတောင်ကျေးရွာက တတိယနှစ် စီးပွားရေးတက္ကသိုလ်တက်မယ့် ကလေးမလေးတစ်ယောက်က သူ့ရဲ့ကျောင်းစရိတ်ရရှိဖို့အတွက် သူ့ရဲ့ အစ်ကိုများရှိရာ ငရုတ်ကောင်းတောင်၊ ငရုတ်ကောင်းလမ်းဘေးမှာရှိတဲ့ ၂၀ မိုင်မှာရှိတဲ့ ဝါးလက်ခုတ်စခန်းမှာ သွားကူညီလုပ်ကိုင်ပေးရေးနဲ့ ၁၃ ရက်နေ့မနက်ပိုင်း ၃ နာရီခွဲလောက်မှာတော့ တောဆင်ရိုင်းတွေ ဝင်ရောက်မွှေနှောက်သွားတဲ့အတွက်ကြောင့် အဲဒီ ကလေးမလေးသေဆုံးသွားခဲ့ရပါတယ်။ ကျွန်မတို့ ပြည်သူတွေဟာ တောဆင်ရိုင်းများနဲ့ပတ်သက်ပြီးတော့ အမျိုးမျိုးခြောက်လှန့်ခဲ့တဲ့အခါမှာ ဆင်တွေက ကျွန်မတို့ လူလောက်နီးနီး အသိဉာဏ်ရှိကြပါတယ်။ လယ်သမား

တွေကစုပေါင်းပြီးတော့ သူတို့ကို မီးရှို့ပြီးတော့ ဝါးဆစ်တွေခေါက်တယ်။ အမျိုးမျိုးခြောက်လှန့်တဲ့အခါမှာ ဆင်လိုက်လာလို့ရှိရင် ပြန်ပြေးဖို့အတွက် ကြီးမားတဲ့သစ်ပင်ပေါ်မှာ လင့်စင်တွေဆောက်ထားရပါတယ်။ သူတို့ကို ခြောက်လှန့်တဲ့အချိန်မှာ ဆင်ပြန်လိုက်လို့ရှိရင် ခြောက်လှန့်တဲ့သူတွေက သစ်ပင်ပေါ်ကိုတက် ပြေးတဲ့အခါမှာ သူတို့ရဲ့အသိက လူတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာသိတဲ့အခါမှာ သစ်ပင်အောက်မှာရှိ နေတဲ့ဝါးကို ကောက်ပြီးတော့ လင့်စင်ပေါ်ကိုဝါးနဲ့ပြန်ထိုးပါတယ်။ ဒါကျွန်မတို့ဒေသမှာ အမှန်တကယ် ဖြစ်နေတဲ့ အဖြစ်အပျက်လေးတွေကို ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များကို သိရှိအောင် အတွက်ကျွန်မပြန်လည်ပြီးတော့ ဖောက်သည်ချရခြင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မေးခွန်းပြန်လည် ပြီးတော့မေးပါမယ်။ ငပုတောနဲ့ မြောင်းမြကို ဟိုတုန်းကသွားမယ်ဆိုရင် ငပုတောကနေ ပုသိမ်ကို တစ်ဆင့် သင်္ဘောနဲ့သွားရပါတယ်။ ပုသိမ်မှနေတစ်ခါ မြောင်းမြကို သင်္ဘောစီးပြီးညနေ ၅ နာရီ ရန်ကုန်သွားတဲ့ သင်္ဘောနဲ့လိုက်သွားတဲအခါမှာ မိုးချုပ်မှမြောင်းမြကိုရောက်ပါတယ်။ တစ်နေကုန်ခရီးသွားရပါတယ်။ ထိုနည်းတူစွာ ငပုတောကနေ စက်လှေလေးတွေနဲ့ မြောင်းမြကို သွားမယ်ဆိုရင်လည်း ၆ နာရီကျော်ကျော် လောက်သွားရပါတယ်။ မြောင်းမြကိုရောက်ပါတယ်။ ၁၉၉၄ ခုနှစ် လောက်ကနေစပြီးတဲ့အခါမှာ မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မြို့နယ်အင်ဂျင်နီယာများနဲ့ ကျေးရွာသူ၊ ကျေးရွာသားများစုပေါင်း ပြီးတော့လမ်းဖောက်လုပ်တဲ့အခါမှာ ၁၉၉၅ ခုနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့လမ်းအဖြစ်သိမ်းသွင်း ခဲ့ပါတယ်။ ယခုတင်ပြမယ့် လမ်းသည် ငပုတော-မြောင်းမြလမ်းပိုင်းများ ငပုတောလမ်းပိုင်းဖြစ်တဲ့ ၂ မိုင်၊ ၁ ဖာလုံလမ်းရှည်တဲ့ လမ်းပိုင်းကိုပဲ အဓိကထားပြီးတင်ပြသွားမှာဖြစ်ပါတယ်။ အဲဒီလိုမျိုးသွားတဲ့အခါမှာ ကုန်းလမ်းခရီးကသွားမယ်ဆိုရင် ငပုတောဖောက်လုပ်ခဲ့တဲ့ ငပုတော ၂ မိုင်၊ ၁ ဖာလုံ လမ်းကနေပြီးတော့ မြောင်းမြဖက်ကမ်းရဲ့ ငါးမြင်းချောင်းဖက်ကနေပြီးတော့ မြောင်းမြ-ငါးမြင်းချောင်းကို ဆက်သွယ်ထားတဲ့ ကားလမ်းကနေသွားမယ်ဆိုရင် တစ်နာရီခွဲလောက်ပဲ သွားရတဲ့လမ်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းကို အဲဒီဒေသတွေမှာ ရှိနေတဲ့မူလတန်းကျောင်းသူလေးတွေ၊ အလယ်တန်းကျောင်းသူ၊ ကျောင်းသားလေးတွေ အထက်တန်းကျောင်းသူကျောင်းသားများအပြင် တောင်သူလယ်သမားများနှင့် မြောင်းမြတစ်ဖက်ကမ်းမှာ ရှိတဲ့ကျေးရွာများကနေ ကျွန်မ တို့ဘက်ကမ်းကနေ ကူးလာပြီးတော့ သူတို့ဒေသမှာ ထွက်ရှိတဲ့ကုန်ပစ္စည်း တွေကိုလာရောက်ပြီးတော့ ရောင်းချထားတဲ့လမ်းတစ်ခု အများဆုံးအသုံးပြုတဲ့လမ်းဖြစ်တဲ့ အတွက် ကြောင့်ပြည်သူများအတွက် အလွန်အရေးပါတဲ့ လမ်းတစ်ခုဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက

၁၉၉၄ ခုနှစ် မှ ၁၉၉၅ ခုနှစ်မှာ ဆောက်လုပ်ရေးလုပ်ငန်းအဖြစ် သိမ်းသွင်းပြီးတဲ့အခါမှာ ကနေ့အထိ လမ်းသုံးပုံပုံ တစ်ပုံလောက်ကိုသာ ကျောက်ခင်းထားတာ ဖြစ်ပါတယ်။ ကျန်တဲ့လမ်းပိုင်းကတော့ မော်တော်ဆိုင်ကယ်ပဲစီးစီး၊ ဒိန်းဒေါင်ပဲသွားသွား ရေလှိုင်းထဲမှာသွားနေရသလို လှိုင်းတွန့်ထဲမှာသွားနေရတဲ့အခါမှာ လမ်းကအခုအချိန် အတော်ပျက်စီးနေပါပြီ။ ယခု ကျွန်မ မေးလိုတဲ့မေးခွန်းကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ ဆောင်ရွက်ထားတဲ့ မြောင်းမြ-ပုသိမ်-ငပုတော ဆက်သွယ်ရေးလမ်းပိုင်းမှငပုတောလမ်းပိုင်းဖြစ်တဲ့ ၂ မိုင်၊ ၁ ဖာလုံလမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆက်လက်ပြီးတော့ဆောင်ရွက်ပြီးတော့ အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိ။ သိရှိလိုကြောင်းမေးမြန်းခြင်းပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကိုကိုလွင်၊ မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကိုကိုလွင်(မော်လမြိုင်ကျွန်းမဲဆန္ဒနယ်)**။ ။လေးစားခင်မင်ရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ မော်လမြိုင်ကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မော်လမြိုင်ကျွန်းမြို့နယ်ဟာ ရေပတ်လည်ဝိုင်းရံလျက်ရှိတဲ့မြို့ ဖြစ်ပါတယ်။ ဒါပေမယ့် မကြာခင်ကာလက လမ်းများဖောက်လုပ်ပြီးတဲ့အတွက် သွားလာရေးလွယ်ကူလျက်ရှိပါတယ်။ ယခုတင်ပြမယ့် မအူပင်-ရေလဲကလေး-ရွှေတောင်ပေါ်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းဟာ ၄၃ မိုင်၊ ၅ ဖာလုံ ရှိပါတယ်။ ဒီလမ်းဟာ ကျောက်ခင်းလမ်း ဖြစ်ပါတယ်။ ဒါကြောင့် မြို့သူမြို့သားများလည်း ဒီလမ်းကိုအားကိုးပြုပြီးတော့ ရန်ကုန်မြို့ကနေပြီးတော့ နိုင်ငံအနှံ့သွားလာလို့ရပြီဖြစ်ပါတယ်။ ယခု ကျွန်တော်တင်ပြလိုတာက အဲဒီလမ်းပိုင်းလေးဟာ ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးနိုင်မှုအစီအစဉ် ရှိ၊ မရှိ သိလို၍မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မြင့်၊ နောင်ချိုမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(နောင်ချိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊

နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာက နောင်ချိုမြို့နှင့် ပြင်ဦးလွင်မြို့ဟာ မိုင် ၃၀ ကျော်အကွာအဝေးရှိပြီး နောင်ချိုမြို့မှ ၁၈ မိုင် အကွာမှာ ဘန့်ဘွေးအေးရှားဝေါ်လ်ဂိတ်တည်ရှိပါတယ်။ ဘန့်ဘွေးအေးရှားဝေါ်လ်ဂိတ်မှ ၁၂ မိုင်အကွာမှာ ပြင်ဦးလွင်အေးရှားဝေါ်လ်ဂိတ်တည်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင် ၃၀ အကွာ အဝေးတွင် လမ်းအသုံးပြုခကောက်ခံရေးဂိတ်နှစ်ခုရှိနေခြင်းမှာ နောင်ချိုမြို့မှ ပြင်ဦးလွင်မြို့သို့သွားမည် ဆိုပါက အသွားနှစ်ကြိမ် အပြန်နှစ်ကြိမ် လမ်းအသုံးပြုခ လေးကြိမ်ပေးဆောင်နေရခြင်းမှာ အများပြည်သူ များအတွက်နစ်နာရပါတယ်။ သို့ဖြစ်ပါ၍ နောင်ချိုမြို့နှင့် ပြင်ဦးလွင်မြို့ မိုင် ၃၀ အကွာအဝေးအတွင်း မည်သို့သောအကြောင်းကြောင့် ဂိတ်နှစ်ခုဖွင့်စေခြင်းကို ပြည်သူများရဲ့ကိုယ်စားသိလိုပါ၍ မေးမြန်း တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းကနေ ပြီးတော့မေးမြန်းထားသော ဒေးဒရဲ-ကျိုက်လတ် မြစ်ကူးတံတားတစ်စင်း ဆောက်လုပ်ပေးနိုင်မည့်အစီ အစဉ် ရှိ၊ မရှိ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နှင့် ကျိုက်လတ်မြို့ ဆက်သွယ်သော ဒေးဒရဲ-ကျိုက်လတ်ကားလမ်းဟာ အရှည် ၁၁ မိုင်နဲ့ ၅ ဖာလုံ ရှိပြီတော့ ရာသီမရွေးသွားလာနိုင်သော ကျောက်လမ်းအမျိုးအစားဖြစ်ပါတယ်။ မြို့နယ်ချင်းဆက်လမ်းတစ်လမ်း လည်းဖြစ်ပါတယ်။ ဒေးဒရဲမြို့ကနေပြီးတော့ ၁၁ မိုင်၊ ၅ ဖာလုံအကွာ ဘုရားလေးကွင်းကျေးရွာမှာ ကျိုက်လတ်မြစ်ရှိပြီးတော့ မြစ်ရဲ့တစ်ဖက်ကမ်းမှာ ကျိုက်လတ်မြို့တည်ရှိပါတယ်။ ကျိုက်လတ်မြစ် အကျယ်ကတော့ ပေ ၁၀၀၀ ခန့်လောက်ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် ဒေဒရဲမြို့၊ ကျိုက်လတ်မြို့များဟာ ကားလမ်းတိုက်ရိုက်ပေါက်တဲ့ မြို့တွေဖြစ်ပါတယ်။ ကားလမ်းများကောင်းမွန် အောင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းပေးလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေးဒရဲမြို့မှ ကျိုက်လတ်မြို့သို့ ကားဖြင့်တိုက်ရိုက်သွားလိုပါက ဒေးဒရဲ-ဖျာပုံ-ကျိုက်လတ်ကားလမ်းမှ သွားနိုင်ခြင်း၊ ဒေးဒရဲမြို့မှ ၁၁ မိုင်၊ ၅ ဖာလုံအကွာ ဘုရားလေးကွင်းရွာကနေပြီးတော့ စက်လှေဖြင့်ကူးပါကလည်း ကျိုက်လတ်မြို့သို့ အချိန်မရွေးသွားရောက်နိုင်ခြင်းစတဲ့အဆင်ပြေမှုတွေရှိနေပါတယ်။ ကျိုက်လတ်မြစ်ကူးတံတားကြီး တည်ဆောက်မယ်ဆိုရင် မြစ်အကျယ်ဟာ ပေ ၁၀၀၀ ဆိုသော်လည်း ၃ ထပ် သင်္ဘောကြီးတွေသွားသောမြစ်ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ၃ ထပ်သင်္ဘောကြီးများ ဖြတ်သန်းသွားလာနိုင်ဖို့အတွက် ရေလမ်းကင်းလွတ်အမြင့်ဟာ ပေ ၄၀ အထက်ထားရှိတဲ့တံတားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၎င်းတံတားထိုးမယ်ဆိုလို့ရှိရင် ပေအရှည်ဟာ ၃၀၀၀ အထက်ဆောက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလက်ရှိလည်း သွားလာရေးအဆင်ပြေနေတာဖြစ်တဲ့အတွက် ကျိုက်လတ်မြစ်ကူးတံတားတည်ဆောက်ရန် လောလောဆယ်အစီအစဉ်မရှိသေးကြောင်းတင်ပြရှင်းလင်းအပ်ပါတယ်။ ဆက်လက်ပြီး မေးခွန်း(၂)ကို ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်း(၂)ကတော့ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းရဲ့မေးမြန်းထားသော ဘိုကလေး-ဖျာပုံကားလမ်းအား အဆင့်မြှင့်တင်ပေးနိုင်မည့်အစီအစဉ် ရှိ၊ မရှိ မေးခွန်းကိုရှင်းလင်းတင်ပြပါမယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိုကလေး-ဖျာပုံကားလမ်းဟာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံခရိုင်၊ ဖျာပုံမြို့မှ ဘိုကလေးမြို့သို့ ဆက်သွယ်ထားသောလမ်းဖြစ်ပါတယ်။ ၃၁-၅-၂၀၁၁ ရက်အထိလမ်းအခြေအနေကတော့ ကတ္တရာလမ်းက ၉ မိုင်နဲ့ ၇ ဖာလုံ၊ ကျောက်လမ်းက ၉ မိုင်နဲ့ ၃ ဖာလုံ စုစုပေါင်း ၁၉ မိုင်နဲ့ ၂ ဖာလုံရှိပါတယ်။ ၎င်းလမ်းပေါ်မှာ တံတားစာရင်းအရ ကျုံကူးတံတားဟာ ၁၆၇ ပေ၊ လယ်သမားရိုးတံတားဟာ ၁၀ ပေ၊ အညှပ်ရိုးတံတားဟာ ၁၅ ပေ၊ ကိုးအိမ်တန်းတံတား ဟာ ၅၀ ပေ၊ ပက်တံတားဟာ ၄၀ ပေ၊ မစိမ်းတံတားဟာ ၅၀ ပေ၊ ဖိုးရွှေလုံးတံတားဟာ ၁၀၅ ပေ၊ ဆင်ချောင်းတံတားဟာ ၆၀ ပေ၊ ကုလားကြီးချောင်းတံတားဟာ ၁၁၀ ပေ၊ နတ်ချောင်းတံတားဟာ ၃၀၀ ပေတို့ ရှိပါတယ်။

နာဂစ်မုန်တိုင်းဒဏ်ခံရပြီးတဲ့နောက်ပိုင်းမှာ ပြန်လည်ထူထောင်ရေးကာလအတွင်း ယာဉ်များသွားလာမှု များပြားခြင်းကြောင့် လမ်းပျက်စီးမှုများခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းက ၄ ဖာလုံ၊ ၄၀ ပေအကျယ် မြေသားတာပေါင်တင်ခြင်းက ၅ မိုင်၊ ကျုံကူး ၁၈၀ ပေ၊ ကုလားကြီးချောင်းတံတား ၁၂၀ ပေ၊ သံကူကွန်

ကရစ်တံတားတည်ဆောက်ခြင်းက နှစ်စင်းတည်ဆောက်ထားပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသော သာမန်ပြင်ထိန်းရန်ပုံငွေနဲ့ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ထားပါတယ်။ အဲဒါကတော့ ကျောက်လမ်းမှကတ္တရာလမ်းအဆင့်မြှင့်တင်ရန် ၂ မိုင်နဲ့ ၅ ဖာလုံ၊ မူလကျောက်လမ်းပျက်နေသည့်အပိုင်းမှာ ၄ လက်မထုကျောက်တင်ခြင်းက ၁ မိုင်၊ ကိုးအိမ်တန်းတံတား ၅၀ ပေ၊ တံတားအမှတ် (၁/၇) ၁၀ ပေ၊ နတ်ချောင်းတံတား ပေ ၃၀၀ ရှည်သော သစ်သားတံတားတွေမှာ ကြမ်းခင်းခြင်း၊ ဘီးလမ်းများနှင့်ယက်မများ၊ လက်ရန်းများလဲခြင်းက သုံးစင်းတို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကုန်မှာ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း ၁၃ မိုင် တိုးမြှင့်ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကျောက်လမ်းအဖြစ် ၆ မိုင်၊ ၂ ဖာလုံသာကျန်ရှိတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ဟာ ဆက်လက်တင်ပြတောင်းခံသွားပြီး လမ်းတံတားအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၃) ကိုရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃) ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျိမ်းကနေပြီးတော့ မေးမြန်းထားသော အိမ်မဲမြို့ဝင်သစ်သားတံတားအားခိုင်ခံ့သော သံကူကွန်ကရစ်တံတားဆောက်လုပ်ပေးနိုင်မည့် အခြေအနေသိလိုသည့်မေးခွန်းအား ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့ဟာ ယခင်က ရေလမ်းတစ်ခုတည်းကိုသာအသုံးပြုနေရပါတယ်။ နိုင်ငံတော်အစိုးရကနေပြီးတော့ မြောင်းမြ-အိမ်မဲ-ကျောင်းကုန်းလမ်း၊ အိမ်မဲ-ဒါးကလမ်း၊ အိမ်မဲ-ပန်းတနော်လမ်း ဖောက်လုပ်ပေးတဲ့အတွက် လမ်းပန်းဆက်သွယ်မှုများကောင်းမွန်နေပြီဖြစ်ပါတယ်။ အဆိုပါလမ်းကြောင်းမှာရှိတဲ့ တံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ပေးတဲ့အခါမှာ အိမ်မဲ-ပန်းတနော်ပေါ်မှာရှိတဲ့ သုံးခွချောင်းတံတား ၂၇၀ ပေ၊ မြောင်းမြ-အိမ်မဲ-ကျောင်းကုန်းလမ်းပေါ်မှာ ကန်ကြီးတံတား ၂၀၀ ပေ၊ မရမ်းငူ တံတား ၂၀၀ ပေနဲ့အိမ်မဲ-ဒါးကလမ်းပေါ်မှာ အိမ်မဲတံတား ၂၇၆ ပေတို့အား သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အိမ်မဲမြို့နဲ့ဆက်သွယ်နေသောလမ်းများမှာ အိမ်မဲ-ပန်းတနော် - မြောင်းမြလမ်း၊ အိမ်မဲ-ကျောင်းကုန်းလမ်း၊ အိမ်မဲ-ဒါးကလမ်းများဖြစ်ပါသည်။ သို့ရာတွင် အိမ်မဲမြို့အဝင်လမ်းမှာ တစ်လမ်းသာရှိပြီး အဆိုပါမြို့ဝင်လမ်းပေါ်ရှိတဲ့ ရေကျော်ချောင်းကိုဖြတ်၍ ဆောက်လုပ်ထားတဲ့

၁၂၅ ပေအရှည်ရှိတဲ့ ချောင်းဝသစ်သားတံတားဟာ ၁၉၇၅ ခုနှစ်ကနေစတင် ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ၎င်းသစ်သားတံတားဟာ နှစ်ကာလကြာမြင့်ပြီး ဆွေးမြေ့နေသောသစ်သား ယက်မများ၊ ကြမ်းခင်းများ၊ ဘီးလမ်းများ၊ လက်ရန်းများ အစားထိုးလဲလှယ်ခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ် အင်ဂျင်နီယာများကနေ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ သစ်သားတံတား၊ ဘေလီတံတားများအား သံကူကွန်ကရစ်တံတားများအဖြစ် တိုးမြှင့်ခြင်းများကို လိုအပ်သောရန်ပုံငွေများ တောင်းခံပြီးတော့ နှစ်အလိုက်အဆင့်မြှင့်တင်သွားရန် စီမံချက်များချထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့အဝင် အရှည်ပေ ၁၂၅ ပေအရှည်ရှိ ချောင်းဝသစ်သားတံတားအစား သံကူကွန်ကရစ်တံတား တိုးမြှင့်ပေးနိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာတင်ပြတောင်းခံပြီးဖြစ်ကြောင်း တင်ပြရှင်းလင်းအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၄) အားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄) ကတော့ ငပုတောမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ရဲ့ ငပုတော-မြောင်းမြကားလမ်းနဲ့ တံတားများအခြေအနေ အစီအစဉ်ကိုမေးမြန်းတဲ့ဟာကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငပုတော-မြောင်းမြလမ်းဟာ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့၊ ပုသိမ်ခရိုင်နဲ့ မြောင်းမြမြို့၊ မြောင်းမြခရိုင်တို့ကို ဆက်သွယ်ထားသောလမ်းပဲ ဖြစ်ပါတယ်။ လပွတ္တာ-မြောင်းမြလမ်းဆုံရဲ့ မိုင် ၃၄ မိုင် ၃ ဖာလုံ ခွေးလေးကြီးလမ်းဆုံကနေပြီးတော့ ၀/၀ မိုင်မှစတင်ခဲ့ပြီး ၉ မိုင် ၄ ဖာလုံပဲရှိပါတယ်။ လမ်းစတင်ရာ ၀/၀ မိုင်ဟာ မြောင်းမြမြို့မှ ၁၁ မိုင်နဲ့ ၇ ဖာလုံကွာဝေးတဲ့အတွက် မြောင်းမြမြို့မှ ငပုတောမြို့အထိ လမ်းကိုတိုင်းမယ်ဆိုရင် ခရီးအကွာအဝေးဟာ ၂၁ မိုင်နဲ့ ၃ ဖာလုံရှိပါတယ်။ မိုင် ၀/၀ မှစတင်ရင်တော့ ၇ မိုင်နဲ့ ၁ ဖာလုံသာဝေးကွာပါတယ်။ ပမ္မဝတီမြစ်ကြီးကတော့ ၂ ဖာလုံအကျယ်ရှိပါတယ်။ ငပုတောမြို့ မိုင် ၉ မိုင်၊ ၄ ဖာလုံမှာဆုံးသွား ပါတယ်။ ဆိုင်ကယ်နဲ့ထော်လာဂျီတွေကတော့ ရာသီမရွေးသွားလာလျက် ရှိပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေတင်ပြရရင်အမာခံလမ်းက ၉ မိုင်၊ ၂ ဖာလုံနဲ့ ပမ္မဝတီမြစ်က ၂ ဖာလုံ စုစုပေါင်း ၉ မိုင်နဲ့ ၄ ဖာလုံရှိပါတယ်။ မြောင်းမြ-ငပုတောလမ်းဟာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့သာမန်ပြင်ထိန်းရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သာမန်ပြင်ထိန်းခြင်းကတော့ ၉ မိုင်၊ ၄ ဖာလုံ လုပ်လျက်ရှိပါတယ်။ ပျက်စီးနေတဲ့လမ်းအပိုင်းများကို ခွဲကျောက်များနဲ့ဖာထေးခြင်း၊ ချောင်းကျောက်နဲ့

ဖြန့်ခင်းကြိတ်ခြင်းဟာ ၆၀၀၀ စတုရန်းပေဖြစ်ပါတယ်။ ပမ္မဝတီမြစ်ဟာ ဖြတ်ကူးမယ်ဆိုလို့ရှိရင်တော့ တံတားတည်ဆောက်ရန် တိုင်းတာချက်အရ ပေအကျယ်ဟာ ၂၇၀၀ ပေအကျယ်ရှိပါတယ်။ တံတား တည်ဆောက်မည်ဆိုလျှင် ဖြတ်သန်းတဲ့သင်္ဘောများအတွက် ကမ်းလွတ်ခုံများမြှင့်တင်ရမှာဖြစ်တဲ့အတွက် အမြင့်ပေ ၄၀ အထက်မှာ မြင့်ရမှာဖြစ်တဲ့အတွက် ပေ ၄၀၀၀ အထက်တည်ဆောက်မှသာလျှင် ဒီတံတား ကရမှာဖြစ်ပါတယ်။ ငပုတောမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရကနေပြီးတော့ အစီအစဉ် များဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသလမ်း ကွန်ယက်စီမံကိန်းဝင်အဖြစ် အမှတ် (၁၁) လမ်းအဖြစ် ပုသိမ်-ငပုတောလမ်း ၂၁ မိုင်ကို လမ်းအဆင့်မြှင့် တင်တည်ဆောက်လျက်ရှိပါတယ်။ ပုသိမ်-ငပုတောလမ်းဟာဆိုရင် ၅ မိုင်မှနေပြီးတော့ ၂၁ မိုင်အထိ ၁၆ မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ်ဆောင်ရွက်လျက်ရှိပါတယ်။ ၅ မိုင်ကတော့ စည်ပင်လမ်းဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးလုပ်တဲ့ ၁၆ မိုင်ကတော့ ကျောက်လမ်း ကတော့ ၇ မိုင်၊ ၇ ဖာလုံနဲ့ အမာခံလမ်း ၇ မိုင်၊ ၇ ဖာလုံ၊ပေပင်မြစ်ကူးတံတားနဲ့ သက္ကယ်ချောင်းတံတား အရှည်က ၂ ဖာလုံ၊ စုစုပေါင်း ၁၆ မိုင်ရှိပါတယ်။ ငပုတောမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုသိမ်-ငပုတော လမ်းတည်ဆောက်တဲ့နေရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ပုသိမ်ခရိုင်အဖွဲ့၊ ဆောက်လုပ် ရေးတံတားအဖွဲ့ အထူးအဖွဲ့ကနေပြီးတော့ ၇ နှင့် ၁၂ အဖွဲ့နှစ်ဖွဲ့တို့ကနေ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ မူလအမာခံလမ်းကနေ ကျောက်လမ်းအဖြစ် တိုးမြှင့်ပြီးတော့ ၆ မိုင်ဟာ သာမန်ပြုပြင်ထိန်းခြင်းရန်ပုံငွေနဲ့ လုပ်နေတာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ လည်းလမ်းများကို အဆင့်မြှင့်တင်ရေးလုပ်ငန်းများအတွက် ၁ မိုင်နဲ့ ၇ ဖာလုံ၊ စုစုပေါင်း ၇ မိုင်၊ ၇ ဖာလုံ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ယခုဘဏ္ဍာရေးနှစ်မှာဆိုရင် ပုသိမ်-ငပုတောလမ်းဟာ ကျောက်ချော လမ်းအထိဖြစ်သွားမှာဖြစ်ပါတယ်။ ပုသိမ်-ငပုတောလမ်းကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိတဲ့ အတွက်မြစ်ကူးတံတားကြီးနှစ်စင်းဖြစ်တဲ့ ၇၀၀ ပေအရှည်ရှိတဲ့ ပေပင်မြစ်ကူးတံတား၊ ၁၈၂၀ ပေအရှည် ရှိတဲ့သက္ကယ်ချောင်းတံတား၊ တံတားငယ်သုံးစင်းဖြစ်တဲ့ ၄၅ ပေအရှည်ရှိတဲ့ စလူးချောင်းတံတား၊ ၄၀ ပေ အရှည်ရှိတဲ့ ဝဲကြီးချောင်းတံတားနဲ့ ၇၅ ပေအရှည်ရှိတဲ့ ဖျံရေကျော်တံတားတို့ကို တည်ဆောက်လျက်ရှိ ပါတယ်။ ဆောင်ရွက်ဆဲတံတားကြီးနှစ်စင်းကိုလည်း လာမည့်ဘဏ္ဍာရေးနှစ်မှာ လိုအပ်ရန်ပုံငွေအပြည့် အဝရရှိမယ်ဆိုရင် ၂၀၁၂ ခုနှစ်မှာအကုန် ဧရာဝတီတိုင်းဒေသအတွင်းမှာရှိတဲ့ အားလုံးပြီးသွားမှာဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ် ၂၆ မြို့နယ်ဟာ ကားလမ်းများ

တိုက်ရိုက်ပေါက်သော မြို့မဖြစ်သေးသော ကျန်ရစ်နေသော ငပုတောမြို့ဟာလည်း မော်တော်ကားလမ်းရာသီမရွေးတိုက်ရိုက်ပေါက်တဲ့ မြို့ဖြစ်သွားတော့မှာဖြစ်ပါတယ်။ ပုသိမ်-မြောင်းမြလမ်းဟာဆိုရင် ၂၇ မိုင်နဲ့ ၃ ဖာလုံရှည်လျားပါတယ်။ ပုသိမ်-ကံကြီးကုန်း-မြင်းကဆိပ်ကနေပြီးတော့ မြောင်းမြသို့ဆက်သွယ်ထားတဲ့လမ်းဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ ပုသိမ်ခရိုင်အင်ဂျင်နီယာအဖွဲ့ကနေပြီးတော့ ကန်ကြီးထောင့်မှ ၉ မိုင်နဲ့ ၅ ဖာလုံ၊ မြောင်းမြကနေပြီးတော့ ၂၇ မိုင်နဲ့ ၃ ဖာလုံ၊ ၁၇ မိုင်၊ ၆ ဖာလုံကို တာဝန်ယူထိန်းသိမ်းလျက်ရှိပါတယ်။ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၄ မိုင်နဲ့ ၂ ဖာလုံခွဲ၊ ကျောက်လမ်းကတော့ ၄ ဖာလုံ၊ အမာခံလမ်း ၉ မိုင်၊ ၂ ဖာလုံ၊ မြင်းကဆိပ် လမ်းက ၁ ဖာလုံ၊ စုစုပေါင်း ၁၇ မိုင်၊ ၆ ဖာလုံဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုသိမ်-မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီမြစ်ကိုဖြတ်ကူးတည်ဆောက်ထားတဲ့ မြင်းကဆိပ်တံတားဟာဆိုရင် ၂၃-၃-၂၀၀၆ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ပုသိမ်မှ မြောင်းမြသို့ ရာသီမရွေးခရီးသွားလာနိုင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ငပုတောမှမြောင်းမြသို့သွားရောက်ပါက ပုသိမ်-ငပုတောလမ်းအတိုင်း ပုသိမ်မြို့မှနေပြီးတော့တစ်ဆင့် မြောင်းမြသို့သွားလာနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ငပုတော-မြောင်းမြလမ်း အဆင့်မြှင့်တင်ခြင်းတို့ တံတားတည်ဆောက်ခြင်းလုပ်ငန်းများလောလောဆယ်ဆယ် အစီအစဉ်မရှိသေးကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၅) အားရှင်းလင်းတင်ပြပါမယ်။ မေးခွန်းနံပါတ် (၅) ကတော့ မော်လမြိုင်ကျွန်းမြို့နယ်မှာရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်ကနေ မေးမြန်းထားသော မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းအား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ၊မရှိ မေးမြန်းချက်ကို ဖြေရှင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းဟာ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့ မအူပင်ခရိုင်နဲ့ မော်လမြိုင်ကျွန်းမြို့ လပွတ္တာခရိုင်တို့ကို ဆက်သွယ်ထားသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ယက်စီမံကိန်းလမ်းနံပါတ် (၁) ပဲဖြစ်ပါတယ်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နာဂစ်မုန်တိုင်းဒဏ်ခံရပြီးတဲ့နောက်မှာ လမ်း၊ တံတားများတိုးတက်ပြုပြင်တည်ဆောက်ရာမှာ ကျွန်းထိပ်-ရုံးဒေါင့်-တောင်ကြီးဘို့လမ်းပိုင်း ၇ မိုင်အပါအဝင် လမ်းအရှည်မိုင် ၅၁ မိုင်၊ ၆ ဖာလုံကို လမ်းတည်ဆောက်ပေးခဲ့ပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေကိုတင်ပြရရင် ကတ္တရာလမ်းက ၄ မိုင်၊ ၁ ဖာလုံ၊ ကျောက်လမ်းက ၄၂ မိုင်၊ ၅ ဖာလုံ၊ အမာခံလမ်းက

၅ မိုင်၊ စုစုပေါင်း ၅၁ မိုင်၊ ၆ ဖာလုံ ရှိပါတယ်။မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပေါ်မှာ ရာဇူဒိုင်အမှတ် (၁) တံတားဟာ အရှည်ပေ ၁၉၅၅ ပေကို ၂၂-၇-၂၀၁၁ ရက်နေ့တွင်လည်းကောင်း၊ ရာဇူဒိုင်အမှတ် (၂) တံတားဟာ ၅၄၀ ပေ၊ ၉-၁-၂၀၁၀ ရက်နေ့ တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ယခင်ခေတ်အဆက်ဆက်က မော်တော်ယာဉ်များဖြင့် တိုက်ရိုက်မရောက်သေးသော မော်လမြိုင်ကျွန်းမြို့ကို ယာဉ်များဖြင့် တိုက်ရိုက်သွားလာနိုင်တာဖြစ်ပါတယ်။ အဆိုပါတံတားကြီးနှစ်စင်းအပြင် ပေ ၁၀၀ အောက် သစ်သားတံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပေးလျက်ရှိပါတယ်။ တည်ဆောက်ပေးတဲ့ကုမ္ပဏီကတော့ Top ကုမ္ပဏီလီမိတက်က တည်ဆောက်လျက်ရှိပါတယ်။ လမ်းအဆင့်မြှင့်တိုးတက်ရေးဆောက်လုပ်တဲ့နေရာမှာလည်းပဲ လမ်းအထူးအဖွဲ့ (၄)၊ လေယာဉ်ကွင်းဆောက်လုပ်ရေးအဖွဲ့အထူးအဖွဲ့ (၅) နဲ့ လမ်းတံတားတည်ဆောက်ရေးအတွက် တိုင်းရင်းသားကုမ္ပဏီဖြစ်တဲ့ ရန်ကုန်ကရောင်းကုမ္ပဏီတို့ကနေပြီးတော့ လမ်းအဆင့်မြှင့်တင်ခြင်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေအရ ၁၂ ပေအကျယ် ကတ္တရာလမ်းသစ် ၃ မိုင်နဲ့ အမာခံလမ်းခင်းခြင်း ၁ မိုင်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့ သာမန်ပြင်ထိန်းရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့အစီအစဉ်တွေကတော့ စက်ယာဉ်ယန္တရားဖြင့်ပုံဖော်ခြင်းနဲ့ ဖွကြိတ်ခြင်းက ၁၀ မိုင်၊ လမ်းချိုင့်ပေါက်ကြီးများအား ခွဲကျောက်များ၊ ကျောက်ရောမြေ၊ ကျောက်စရစ်တို့ဖြင့် ခင်းခြင်းက ၁ မိုင်၊ ၅ ဖာလုံ၊ မျက်နှာပြင်မညီညာသော လှိုင်းဖြစ်နေသောအပိုင်းအား ခွဲကျောက်များဖြင့်ညှိခြင်း၊ မြေရော ကျောက်စရစ်ဖြင့် ဖုံးအုပ်ခင်းကြိတ်ခြင်းက ၄ မိုင်၊ ၅ ဖာလုံ၊တံတားအမှတ် ၁/၃၃ ကျိုက်ပိတံတား ၂၃၀ ပေ အရှည်ရှိတဲ့ ပေရှည်တံတား၊ ၁/၄၀ မှာရှိတဲ့ ရေကျော် တံတား ၁၆၀ ပေအရှည်ရှိတဲ့ ယက်မ၊ကြမ်းခင်းများ လက်ရန်းများ လဲလှယ်ခြင်းကလည်း နှစ်စင်းဆောင်ရွက်လျက်ရှိပါတယ်။ ကွန်ကရစ် မိုင်/ဖာလုံတိုင်တွေ တည်ဆောက်တာကတော့ ၃၅၈ တိုင်တည်ဆောက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းအား ရာသီမရွေးသွားနိုင်သောလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေအဖြစ် သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေတို့ကို တင်ပြတောင်းခံပြီးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၆)အား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၆) ကတော့ နောင်ချိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ကနေပြီးတော့ မေးမြန်းထားတာဖြစ်ပါတယ်။ အဲတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန္တလေး-မူဆယ်လမ်းပေါ်ရှိတဲ့ နောင်ချိုမြို့နဲ့ ပြင်ဦးလွင်မြို့ မိုင် ၃၀ သာကွာဝေးပါတယ်။ နောင်ချိုမြို့ကနေ ၁၈ မိုင်ကွာမှာ ဘန့်ဘွေးအေးရှားဝေါလ်ဂိတ်၊ ဘန့်ဘွေးဂိတ်ကနေပြီး ၁၂ မိုင်အကွာ ပြင်ဦးလွင်အေးရှားဝေါလ်ဂိတ်ရှိပါတယ်။ လမ်းဖောက်လုပ်ပြီး တိုးဂိတ်များဖွင့်လှစ်ခြင်းရှိတဲ့အတွက် စည်းမျဉ်းအရ မိုင် ၄၀ အကွာမှာ ဂိတ်တစ်ခု သာရှိရမည်ဟုသိရှိပါတယ်။ နောင်ချို၊ ပြင်ဦးလွင်ဟာ မိုင် ၃၀ သာဝေးသော တိုးဂိတ်နှစ်ခုဖြစ်တဲ့အတွက် နေ့စဉ်သွားလာနေသူများနစ်နာနေပါတယ်။ အမှန်မှာ မိုင် ၃၀ အကွာအဝေးမှာ တိုးဂိတ်တစ်ခုသာရှိသင့်ပါတယ်။ သို့ဖြစ်ပါ၍ နောင်ချိုမှပြင်ဦးလွင်လမ်းမိုင် ၃၀ အတွင်းဂိတ်နှစ်ခုရှိနေသည့်အတွက် တစ်ခုကို ဖျက်သိမ်းပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသောမေးခွန်းကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-လားရှိုး-မူဆယ် လမ်းအပိုင်းဟာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်ကနေပြီးတော့မှ နိုင်ငံတော်ကနေပြီးတော့ ပုဂ္ဂလိက တိုင်းရင်းသားလုပ်ငန်းရှင်တွေကိုဘီအိုတီစနစ်ဖြင့် လမ်းတံတားတည်ဆောက်ခြင်း၊ လမ်းအသုံးပြုခကောက်ခံစေခြင်းအား ပထမဦးဆုံးခွင့်ပြုခဲ့သော လမ်းအပိုင်းဖြစ်ပါတယ်။ မန္တလေးမြို့မှ မူဆယ်မြို့အထိလမ်းပိုင်းဟာ မိုင်တိုင် ၈ မိုင်ကနေပြီးတော့ ၂၇၄ မိုင် ၃ ဖာလုံအထိ ၂၆၆ မိုင်နဲ့ ၃ ဖာလုံကို အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က လမ်းအသုံးပြုခ ကောက်ခံရေးစခန်း ၁၁ ခုဖွင့်လှစ်ပြီးတော့ ကောက်ခံလျက်ရှိပါတယ်။ ဂိတ် ၁၁ ခုကတော့ မိုင်တိုင် ၁၅/၇ မှာရှိနေတဲ့ အုန်းချောဂိတ်၊ မိုင်တိုင် ၄၇/၄ မှာရှိတဲ့ ပွဲကောက်ဂိတ်၊ မိုင်တိုင် ၅၉/၆ မှာရှိတဲ့ ဘန့်ဘွေးဂိတ်၊ မိုင်တိုင် ၇၉/၂ မှာရှိတဲ့ နောင်ချိုဂိတ်၊ မိုင်တိုင် ၁၁၀/၄ မှာရှိတဲ့ ကျောက်မဲဂိတ်၊ မိုင်တိုင် ၁၂၇/၃ မှာရှိတဲ့သီပေါဂိတ်၊ မိုင်တိုင် ၁၆၃/၃ မှာရှိတဲ့ ခေးနင်းဂိတ်၊ မိုင်တိုင် ၁၇၉/၀ မှာရှိတဲ့ လားရှိုးဂိတ်၊ မိုင်တိုင် ၂၀၆/၆ မှာရှိတဲ့ သိန္နီဂိတ်၊ မိုင်တိုင် ၂၂၂/၆ မှာရှိတဲ့ ကွတ်ခိုင်ဂိတ်၊ မိုင်တိုင် ၂၇၄/၃ မှာရှိတဲ့ မိုင်းယုခေါ် မူဆယ်ဂိတ်တို့ဖြစ်ပါတယ်။ ဂိတ်တွေရဲ့တည်နေရာတွေကတော့ မန္တလေး-လားရှိုး-မူဆယ် လမ်းတစ်လျှောက်မြို့ကြီးများ အစဉ်အတိုင်း တည်ဆောက်ထားတာဖြစ်ပါတယ်။ ၎င်းလမ်းမကြီးများကိုသွားလာဆက်သွယ်နေတဲ့ အတက်အဆင်းများနဲ့ဆုံရာ အနီးမှာ စခန်းများတည်ဆောက်ပြီး ကောက်ခံလျက်ရှိပါတယ်။ မြို့ကြီးတစ်မြို့နဲ့တစ်မြို့ အကွာအဝေးအရလည်းကောင်း အဝင်အထွက်လမ်းများရဲ့ ဝင်ရောက်ဆက်သွယ်မှုအနေအထားအရလည်းကောင်း အုပ်ချုပ်မှုနဲ့ လမ်းဆောက်လုပ်ရေး၊ထိန်းသိမ်းရေး၊ စီမံ

ကွပ်ကဲရေးလွယ်ကူသော အမှတ်အသားအရလည်းကောင်း တစ်ဂိတ်နဲ့တစ်ဂိတ်အကွာအဝေးများကို အချိုးညီညီ တည်ဆောက်ထားခြင်းမျိုးမဟုတ်ပါဘူး။ လုပ်ငန်းဆောင်ရွက်တဲ့ကုမ္ပဏီမှာ တစ်ခုတည်းဖြစ်တဲ့ အတွက်အနီးအဝေး သတ်မှတ်ချက်မထားပဲ လုပ်ငန်းဆောင်ရွက်ရန် အဆင်ပြေမှုနဲ့ရေရှည်ဆောင်ရွက် နိုင်မှုကိစ္စအပေါ်မှာ ရည်မှန်းပြီးသာဆောင်ရွက်ထားခြင်းပဲဖြစ်ပါတယ်။

အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဘီအိုတီစနစ်နဲ့ ဆောင်ရွက်လျက်ရှိတဲ့ မန္တလေး-လားရှိုး-ဗန်းမော်လမ်းပေါ်မှ ဂိတ်များဟာ လမ်းအသုံးပြုခကောက်ခံရေးတစ်ခုတည်းအတွက် တည်ဆောက်ထား ခြင်းမဟုတ်ပါဘူး။ လမ်းအသုံးပြုခကောက်ခံရေးစခန်းတစ်ခုဟာ အုပ်ချုပ်ရေးရုံးများ စက်ယာဥ်ယန္တရား များ၊ အင်ဂျင်နီယာများနှင့် အုပ်ချုပ်ရေးငွေစာရင်းဝန်ထမ်းများ၊ လမ်းပြင်ဆင်ထိန်းသိမ်းရေးနဲ့ တိုးချဲ့ခြင်း လုပ်ငန်းများစသည်တို့ကို စီမံချက်များအရ အကောင်အထည်ဖော်နိုင်ရန်လည်းကောင်းအပေါ် လုပ်ငန်း ပေါ်လာလို့ရှိရင် အရေးပေါ်ချက်ခြင်းစုဝေးပြီးသွားနိုင်ရန်အတွက်လည်းကောင်း စုရပ်ဌာနများအဖြစ် လမ်းစခန်းများကို ရွေးချယ်ပြီးတော့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ပြင်ဦးလွင်ဂိတ် (ပွဲကောက်ဂိတ်) ဟာဘန့်ဘွေးဂိတ်၊ နောင်ချိုဂိတ်တို့ရဲ့တည်နေရာများကို အသေးစိတ်ဖော်ပြရမယ်ဆိုရင် ပြင်ဦးလွင်ဂိတ် (ပွဲကောက်ဂိတ်) ဟာဆိုလို့ရှိရင် မိုင်တိုင် ၄၇/၄ မှာတည်ရှိတာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းသစ်တည်ဆောက်လျက်ရှိသော ပြင်ဦးလွင်-မိုးကုတ်လမ်း မိုင်တိုင် ၄၆/၃ ရေငယ်ရွာတွင် လည်ကောင်း၊ မဟာအံ့ထူးကံသာဘုရားကြီးရဲ့ပတ်လမ်း ၄၇ မိုင်၊ ၀ ဖာလုံမှာလည်းကောင်း၊ ပြင်ဦးလွင် မြို့ရှောင်လမ်း ၄၇ မိုင်၊ ၁ ဖာလုံမှာလည်ကောင်း လာရောက်ပြီးဆုံသောနေရာလည်းဖြစ်နေပါတယ်။ ဒ့ါအပြင် ဘန့်ဘွေးဂိတ်ဟာလည်း မိုင်တိုင် ၅၉ မိုင် ၊၆ ဖာလုံမှာတည်ရှိပါတယ်။ ဘန့်ဘွေးဂိတ်အနီးမှာ ဝက်ဝံရွာ မိုင်တိုင် ၅၆ မိုင်၊ ၁ ဖာလုံနဲ့ ရှမ်းပြည်တောင်ပိုင်းဆက်သွယ်နေသော ဝက်ဝံ-တောင်ခမ်းလမ်း နဲ့လည်းကောင်း အုမ္မသီး လမ်းဆုံ ၆၄ မိုင်၊ ၅ ဖာလုံမှာ ဒိုးပင်-ကုလားကွဲလမ်းနဲ့ တည်ဆောက်ထားပြီးတော့ အုမ္မသီး-သုံးဆယ်-ဟိုခို-ဒိုးပင်-ရတနာသင်္ဂီ လမ်းများနဲ့လည်းကောင်း မန္တလေးတိုင်းဒေသကြီးသို့ဆက် သွယ်လျက်ရှိသော ပြင်ဦးလွင်-မိုးကုတ်လမ်းဖြင့်လည်းကောင်း လာရောက်တွေ့ဆုံတဲ့ဆုံရပ်နေရာဖြစ်ပါ တယ်။ နောင်ချိုဂိတ်ဟာ ၇၉ မိုင်၊ ၂ ဖာလုံမှာတည်ရှိပါတယ်။ နောင်ချိုဂိတ်အနီးမှာဆိုရင် ၇၇ မိုင်၊ ၆ ဖာလုံ မှာရှမ်းပြည်တောင်ပိုင်းနဲ့ ဆက်သွယ်နေသော ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-ကန်ကြီး- နောင်ချိုလမ်းနဲ့ လာရောက်တွေ့ဆုံနေပါတယ်။ ဖော်ပြပါလမ်းအပိုင်းဟာ လမ်းသွယ်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်ချင်းဆက် လမ်းများနဲ့ နီးကပ်စွာဆက်သွယ်နေသောလမ်းများဖြစ်ပါတယ်။ အထူးသဖြင့် ဘန့်ဘွေးဂိတ်နဲ့ပြင်ဦးလွင်

ဂိတ်နီးရခြင်းမှာ မန္တလေး-ပြင်ဦးလွင်လမ်း၊ မန္တလေးမှအလာ ပြင်ဦးလွင်မြို့အဝင် မိုင်တိုင် ၃၉ မိုင်၊ ၁ ဖာလုံမှာ တိုးဂိတ်တည်ဆောက်ရန် လျာထားခဲ့ပါတယ်။ တိုးဂိတ်တည်ဆောက်ရန် မြေနေရာကိုတိုင်းတာတဲ့အခါမှာ မြေနေရာလုံလောက်မှုမရှိခြင်း၊ ညာဘက်ခြမ်းမှာလည်း ပွေးတောင်ကော်ဖီခြံ ၊ဘယ်ဘက်ခြမ်းမှာလည်း လူနေအိမ်ခြံများရှိနေတဲ့အတွက် သတ်မှတ်နေရာမှာ တည်ဆောက်နိုင်ခြင်းမရှိတော့ဘဲ ရှေ့သို့တိုးပြီးတော့ ပြင်ဦးလွင်မြို့အထွက် မိုင်တိုင် ၄၇ မိုင်၊ ၄ ဖာလုံကို ပြောင်းရွှေ့တည်ဆောက်ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၈၈ မိုင်နဲ့ ၃ ဖာလုံ လားရှိုးဘက်သို့တိုးလာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိုင်တိုင် ၆၀/၀ မှာရှိတဲ့ ဘန့်ဘွေးဂိတ်နဲ့ ၁၂ မိုင်၊ ၄ ဖာလုံသာကွာဝေးပြီး နီးကပ်သွားတာဖြစ်ပါတယ်။

လမ်းအသုံးပြုခ ကောက်ခံရေးဂိတ် ၁၁ ခုနဲ့ လုပ်ငန်းဆောင်ရွက်လျက်ရှိပြီးတော့ ဘီအိုတီစနစ်ဖြင့် သတ်မှတ်ကောက်ခံမှုများ ခွင့်ပြုထားတဲ့ နှုန်းထားအတိုင်း လမ်းအသုံးပြုခကောက်ခံလျက်ရှိပါတယ်။ လုပ်ငန်းစတင်ဆောင်ရွက်ချိန်ကနေပြီး ယနေ့အချိန်ထိ ၁၀ နှစ်တာကာလအတွင်းမှာ လမ်းအသုံးပြုသူ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းသူများထံက တိုးဂိတ်လမ်းအသုံးပြုခကောက်ခံမှုအပေါ်မှာ မကျေနပ်၍ တိုင်ကြားစာများ ပေးပို့ခြင်းမရှိပါဘူး။ လမ်းကောင်းမွန်စွာ သွားလို့ရတဲ့အတွက် အဆင်ပြေကြောင်း သတင်းများသာရရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိလမ်းအသုံးပြုခကောက်ခံရေးဂိတ် ၁၁ ခုဟာ ဘီအိုတီစနစ်ဖြင့် လမ်းတံတားအသုံးပြုခကောက်ခံခြင်းနှုန်းထားနှင့်အညီ ဂိတ်တစ်ခုချင်းအကွာအဝေးရဲ့ ကျသင့်ငွေသာကောက်ခံတာဖြစ်ပြီးတော့ ပိုမိုကောက်ခံခြင်းမရှိပါဘူး။ လုပ်ငန်းစတင်ချိန်ကနေ ယနေ့အချိန်အထိ ၁၀ နှစ်တာကာလအတွင်းမှာ မည်သည့်ပြဿနာမှ တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိဘဲ လမ်းတိုးတက်ပြုပြင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုသာ စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လမ်းမိုင်အကွာအဝေးအရ အေးရှားဝေါလ်ကုမ္ပဏီလီမီတက်မှ ဂိတ်တစ်ဂိတ်လျင် ပျမ်းမျှကျသင့်ငွေကိုသာကောက်ခံပြီး ပိုမိုကောက်ခံမှုမရှိခြင်းတို့ကြောင့်လည်းကောင်း၊ ပြည်သူတွေမှာ ဝန်ထုတ်ဝန်ပိုးမရှိတာကိုတွေ့ရှိရတဲ့ လတ်တလောအခြေအနေမှာ ဂိတ်ဖျက်သိမ်းရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီနေ့အတွက်မေးခွန်းများမေးမြန်းခြင်း၊ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ယခုအစည်းအဝေး ကိုနာရီဝက်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို ၁၁နာရီ ၄၅ မိနစ်တွင် ပြန်လည်စတင်ပါမယ်။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**အစည်းအဝေးကိုမိနစ် ၃၀ ခန့်ရပ်နားပါသည်။**]**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၂၄ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ သီးနှံများကိုကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံ Minimum Purchase Guarantee Price ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်ပေးနိုင်ရေးအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၈ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်အား ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်တင်(ရေကြည်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သလျက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၃-၉-၂၀၁၁ နေ့မှာ ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ် တင်သွင်းသွားတဲ့ သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု Minimum Purchase Guarantee Price ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ရေးအဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အား ဖတ်ကြားဆွေးနွေးခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကိုအဓိကထားဆောင်ရွက်နေတဲ့နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံများကတော့ ဈေးကွက်ဝင်သီးနှံများဖြစ်တဲ့ စပါး၊ ပြောင်း၊ နှမ်း၊ ဝါ၊ ကြံနဲ့ ပဲအမျိုးမျိုးတို့ဖြစ်ပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ တောင်သူလယ်သမားများဖြစ်ကြပါတယ်။ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအစိုးရအနေနဲ့ အဖက်ဖက်မှ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးနေတာကို ကျွန်တော်တို့အားလုံး အသိပင်ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ လယ်ယာလုပ်ငန်းကိုကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦးဖြစ်ပြီး ဒေသထွက်ကုန်သီးနှံဖြစ်တဲ့ ဆန်စပါးနဲ့ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်ရောင်းချမှုများအပေါ်မှာ တောင်သူလယ်သမားများရဲ့ အမှန်တကယ်တွေ့ကြုံနေရတဲ့အခက်အခဲများနဲ့ အခြေအနေမှန်များကိုယှဉ်တွဲလျက် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့တောင်သူလယ်သမားများဟာ ထွက်ကုန်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာမှာ မိမိတို့အရပ်ဒေသရဲ့ ရေမြေသဘာဝ၊ ဥတုရာသီအပေါ်အခြေပြုလျက် သင့်လျော်ကိုက်ညီမယ့်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကြရပါတယ်။ အဆိုပါသီးနှံများပေါ်ချိန်များတွင် ပြန်လည်ရောင်းချမှုပြုရာ၌ ကာလအလိုက်၊ ဒေသအလိုက် ဈေးနှိမ်ခြင်း၊ ဈေးကစားခြင်း၊ ဈေးနှုန်းကျဆင်းခြင်းများနဲ့ နှစ်စဉ်ကြုံတွေ့ခဲ့ရပြီး ရသင့်ရထိုက်သော အကျိုးခံစားခွင့်များကို မရရှိကြဘဲ တွက်ရေးမှာ စက်သူဌေးဖြစ်ခဲ့ကြပေမယ့် တွက်ကြည့်တော့ စက်မရှိဖြစ်ခဲ့ရပါတယ်။ ရာသီဥတုဖောက်ပြန်တဲ့နှစ်များတွင် သီးနှံများလေလွင့်ဆုံးရှုံးခြင်းနှင့် ဈေးမရခြင်းတို့ကြောင့် နှစ်ခါနာဖြစ်ကာ ကြွေးသံသရာလည်ခဲ့ကြရပါတယ်။ လယ်သမားတစ်နှစ်တင်တဲ့ကြွေးကို ကျွန်တော်တို့ သုံးနှစ်လုပ်ဆပ်၍မကြေနိုင်ပါဘူး။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားအများစုအနေနဲ့ သီးနှံပေါ်ချိန်မှာ ဈေးနှုန်းကိုစောင့်ပြီးရောင်းရန် အခွင့်အလမ်းများ၊ လက်ဝယ်သိမ်းဆည်း သိုလှောင်ထားရှိနိုင်သော အင်အားများမရှိကြပါဘူး။ သီးနှံပေါ်သည်နှင့် စိုက်စရိတ်ချေးငွေများ အချိန်မီပေးဆပ်နိုင်ရေးပြင်ပကြွေးမြီများ အတိုးနှုန်းမတက်စေရေးတို့အတွက် သင့်ရာပေါက်ဈေးနဲ့ပင် ရောင်းချကြရပြီး ကြွေးမြီများကိုပေးဆပ်ကြရပါတယ်။ ကျွန်တော်တို့လယ်ယာလုပ်ငန်းမှာ အဓိကအားဖြင့် လုပ်ငန်းအစိတ်အပိုင်း

သုံးပိုင်းကိုတွေ့ရှိရမှာဖြစ်ပြီး စိုက်ပျိုးမှုအပိုင်း၊ ထုတ်လုပ်မှုအပိုင်းနဲ့ ရောင်းချမှုအပိုင်းတို့ဖြစ်ပါတယ်။ စိုက်ပျိုးမှုနဲ့ ထုတ်လုပ်မှုအပိုင်းမှာ ပြည်ထောင်စုအစိုးရအနေနဲ့ ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှုများကြောင့် ပြည့်ဝသော အကျိုးသက်ရောက်မှုများကို ခံစားခဲ့ကြရသော်လည်း တစ်ရာသီလုံး ကျားကုတ်ကျားခဲ လုပ်ကိုင်ဆောင်ရွက်ခဲ့ရပြီး သီးနှံပေါ်ချိန်ကျမှ ရောင်းချမှုအပိုင်းတွင် ထိရောက်သောအကျိုးကို တောင်သူ လယ်သမားများ မခံစားကြရခြင်းမှာ ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် ဈေးနှုန်း ကိုထိန်းညှိပေးနိုင်သော စနစ်တစ်ရပ် လိုအပ်ကြောင်း မီးမောင်းထိုးပြလျက်ရှိပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သည် တောင်သူလယ်သမား များ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်မည်ဟူ၍ လည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုး ရရှိရန် ကူညီဆောင်ရွက်မည်ဟူ၍လည်းကောင်း ပါရှိသောစကားအရပ်နဲ့အညီ တောင်သူလယ်သမား များရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် သင့်တင့်မျှတသော ဈေးနှုန်းအာမခံချက်များ ထားရှိဆောင်ရွက်ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ သို့မှသာ တောင်သူလယ်သမားများရဲ့ ထုတ်ကုန်သီးနှံအပေါ် ဈေးနှိမ်ခြင်း၊ ဈေးကစားခြင်းနှင့် ဈေးနှုန်းမတည်မငြိမ် ဖြစ်မှုများမှ ကင်းဝေးသွားမှာဖြစ်သလို တောင်သူလယ်သမားများအနေနဲ့လည်း ရသင့်ရထိုက်သော အကျိုးအမြတ်များကို ပြည့်ဝစွာရရှိစေခြင်းဖြင့် ထုတ်ကုန်သီးနှံများအား တိုးမြှင့်ဆောင်ရွက်လိုသော စိတ်ဝင်စားမှုများ ပိုမိုတိုးပွားလာမှာဖြစ်ပြီး လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားစုကြီးလည်းမြင့်မား တိုးတက်လာမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ လယ်ယာမြေလုပ်ငန်းကို အမှီပြု အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ လက်လုပ်လက်စားများ၊ ခေါင်းရွက်ဗျတ်ထိုးဈေးသည်များ၊ ပုခုံးထမ်းအလုပ်သမားများနဲ့ ဆိုက်ကားနှင့် အသက်မွေးဝမ်းကျောင်းပြုသူများပါမကျန် အဓိကထွက်ကုန်သီးနှံရဲ့ တွင်ကျယ်စွာ ရောင်းဝယ်ဖောက် ကားမှုများကြောင့် စည်စည်ကားကား၊ သိုက်သိုက်ဝန်းဝန်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာ မှာဖြစ်တဲ့အတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းရပ်ကိုလည်း များစွာအထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားရေးဘဝကို ဖွံ့ဖြိုးတိုးတက်စေလိုခြင်း၊ တွေ့ကြုံရတဲ့ အခက်အခဲများကိုအဆင်ပြေချောမွေ့စေလိုခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းရပ်ကို အထောက်အကူဖြစ်စေခြင်း၊ အဆိုရှင်ရဲ့ဆန္ဒနဲ့ မိမိဆန္ဒတို့မှာ ထပ်တူထပ်မျှဖြစ်ခြင်းတို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ် တင်သွင်းသွားတဲ့ သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု Minimum Purchase Guarantee Price ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရရဲ့ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်ပေးနိုင်ရေးအဆိုအား လေးလေးနက်နက်၊ လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးခင်မောင်ဦး၊ မုံရွာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဦး(မုံရွာမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ဧည့်သည်တော်များနှင့်အတူ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ဦးခင်မောင်ဦး ဖြစ်ပါတယ်။ မုံရွာမဲဆန္ဒနယ်၊ စစ်ကိုင်းတိုင်းဒေသကြီးက ဒီအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အချိန်ကိုလည်း လေးစားသောအားဖြင့်လည်းကောင်း၊ မူတွေဘောင်တွေ Heigher Strategety ကိုတော့ ကျွန်တော်တင်ပြစရာအကြောင်းမရှိပါဘူး။ ခုနက ကျွန်တော်တို့ စိတ်တူသဘောတူဖြစ်ကြတဲ့ ဦးမောင်မောင်တင် သူလည်းပဲ တော်တော်လေးကို ဒီတောင်သူလယ်သမားတွေရဲ့ဘဝကို တင်ပြသွားပြီးဖြစ်ပါတယ်။ တကယ်ကျတော့ ကျွန်တော်တို့က ဘာနဲ့တူသလဲဆိုတော့ ပေါ်ဦးကိုဘုရင်ကြီးက မဲဇာရောက်တဲ့အခါမှာ ဟဲ့ပေါ်ဦး နင်ငါ့ကိုရတုပိုဒ်စုံရေးပြီးတော့ ဆက်စမ်းလို့ပြောခဲ့ပါတယ်။ အဲဒီအခါမှာ ပေါ်ဦးက ဘာကောက်ရေးလဲဆိုတော့ မဲဇာတောင်ခြေစီးထွေထွေတွေ ဒါပဲဆက်လိုက်ပါတယ်။ ဘုရင်က ပေါ်ဦးမင်းဘာကြောင့် လက်ဝဲသုန္ဒရဲ့ရတုပိုဒ်စုံကို ဆက်ရသလဲလို့မေးတဲ့အခါမှာ မှန်လှပါ ဒီအခြေအနေ၊ ဒီရာသီ၊ ဒီဒေသရောက်တဲ့အခါမှာ ခံစားချက်တစ်ထပ်တည်းဖြစ်တဲ့အတွက် ဒါပဲရေးစပ် ရပါတယ်။ လျှောက်ခဲ့ဘူးပါတယ်။ အလားတူပဲ ကျွန်တော်တို့ဟာ တစ်စိတ်တည်း၊ တစ်ဝမ်းတည်းဖြစ်ကြ တဲ့အတွက် ဆွေးနွေးတဲ့အခါမှာလည်း ဒါပဲထပ်ပြီးတော့ ဆွေးနွေးကြရမှာဖြစ်ပါတယ်။ သို့သော်အနည်း

ငယ်ဖြည့်စွက်ပြီးတော့ ဆွေးနွေးတာတွေ တိုတိုရှင်းရှင်းလေးပဲ ကျွန်တော်တင်ပြဖို့ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့ကျွန်တော် ဆွေးနွေးမှာကပထမဆုံး နွေစပါးစိုက်တဲ့တောင်သူတစ်ဦးရဲ့ တစ်ဧကမှာရရှိတဲ့ အကျိုးအမြတ်၊ အရှုံးတွက်ချက်ကြည့်လိုက်တဲ့အခါမှာ စစ်ကိုင်းတိုင်းဒေသကြီး နွေစပါးစိုက်တဲ့ တောင်သူတစ်ဦးဟာသွင်းအားစုအားဖြင့် ပစ္စည်းသွင်းအားစုနဲ့ လုပ်အားသွင်းအားစု နှစ် ခုဟာ ၂ သိန်းနီးပါးရှိပါတယ်။ ၂ သိန်းအတိအကျနဲ့ အပေါ်မှာပဲရှိပါတယ်။ တစ်ဧကရဲ့အရင်းအနှီး သို့သော် ဒီတစ်ဧကထွက်တဲ့စပါးဟာ တင်း ၇ဝ လောက်ပဲထွက်ပါတယ်။ လက်ရှိပေါက်ဈေးအရ တစ်တင်းကို ၂၈ဝဝ နဲ့ရောင်းခြင်းအားဖြင့် ၁၉၆ဝဝဝ ရနိုင်ပါတယ်။ အဲတော့ ဒီတောင်သူဟာ သူအကျိုးအမြတ်မရတဲ့အပြင် သူ့အိတ်ထဲကနေပြီးတော့ဒီကနေ့ လက်ရှိအခြေအနေတင်ပြရရင် ၄ဝဝဝ လောက်ရှုံးတယ်။ ဒါဟာ တကယ့်ဖြစ်ရပ်ဖြစ်တဲ့အတွက်ကျွန်တော်လည်း ဆန်စပါးကြိတ်ခွဲရေးလုပ်ငန်းကို ဆောင်ရွက်နေတဲ့အတွက် ဒါတိတိကျကျတင်ပြထားခြင်းဖြစ်ပါတယ်။ ဒေသအလိုက်ကတော့ ကျွန်တော်တို့ဒေသမှာတော့ တောင်သူတစ်ယောက်ဟာ တစ်ဧကစိုက်မိရင် ၄ဝဝဝ လောက်ရှုံးတယ်။ အဲတော့ နောက်တစ်ခုတင်ပြစရာရှိတာက စိုက်ပျိုးစရိတ်ရှာရတဲ့ပကတိအခြေအနေ စောစောက ဦးမောင်မောင်တင် တင်ပြသွားသလိုပါပဲ။ ကျွန်တော်တို့ တောင်သူတွေဟာ ဒီကနေ့ နိုင်ငံတော်ကနေပြီးတော့ တစ်ဧကကို ၅ဝဝဝဝ နှုန်း ထုတ်ပြီးတော့ချေးတယ်။ သို့သော် အမှန်တကယ်သွင်းအားစုက ၂ သိန်းလောက်လိုတဲ့အတွက် ကျန်တဲ့ငွေကို အပြင်ကနေရှာကြရပါတယ်။ ရှာတဲ့အခါမှာလည်းပဲ အတိုးနှုန်းဟာ ၈ ကျပ်ကနေ ၁ဝ အတွင်းမှာရှာကြရခြင်းဖြစ်ပါတယ်။ အဲတော့ဒီ ၈ ကျပ်နဲ့ ၁ဝအတွင်း ရှာရတဲ့ငွေကို ဘယ်ကာလမှာ ပြန်ပေးမလဲလို့ ကတိကဝတ်ပေးတဲ့အခါမှာ ကျွန်တော် သီးနှံပေါ်တဲ့အချိန်မှာ ပေးပါ့မယ်လို့ငွေရှင်ကို အာမခံခဲ့ကြရပါတယ်။ အဲတော့ သီးနှံဆိုတာလည်းပဲ တစ်ချိန်တည်းမှာပဲစိုက်တယ်။ တစ်ချိန်တည်းမှာပဲပြိုင်ပေါ်တဲ့ သဘာဝဟာရှိနေတဲ့အတွက် ပေါ်တဲ့အချိန်မှာငွေကို ပြိုင်တူရှာကြတဲ့အခါကြတော့ ဒီလူတွေအားလုံးဟာ ပြိုင်ပြီးတော့ ရောင်းကြရပါတယ်။ ဘယ်ပစ္စည်းဘယ်ကုန်ပစ္စည်းပဲဖြစ်ဖြစ် ဈေးနှုန်းသဘောအရ၊ ဈေးကွက်သဘောအရ ရောင်းအားနဲ့ဝယ်အား မမျှမတဖြစ်တဲ့အခါမှာ တောင်သူတွေ အပြေးအလွှားငွေရှာပြီးတော့ အလုအယက်ရောင်းရတဲ့ အချိန်အခါမှာဝယ်အားဟာ အဲလောက်လိုက်ပြီးတော့ မပေးနိုင်ကြပါဘူး။ ဝယ်အားကနည်းပြီးတော့ ရောင်းအားများတဲ့အချိန်မှာ ကုန်ဈေးနှုန်းကျတာဟာ ဒါဟာသဘာဝပါ။ အဲတော့ ကျပေမယ်လို့လည်း တစ်ဖက်ကနောင်မှာအရှည်ဆက်ဆံမယ့် ငွေရှင်ရဲ့မျက်နှာကြည့်ပြီးတော့ ဦးမောင်မောင်တင် တင်ပြသလို ဒါဈေးလျှော့

ရောင်းကြရတာ အမြဲတမ်းလို နှစ်စဉ်နှစ်တိုင်းဖြစ်နေကြကိစ္စရပ်ဖြစ်နေတဲ့အတွက် ဒီတောင်သူတွေဟာ အမြဲတမ်း နစ်နာနေတယ်ဆိုတာကို တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ လက်ရှိကုမ္ပဏီများက နေပြီးတော့ ဦးဆောင်ကုမ္ပဏီများကနေပြီးတော့ ကျွန်တော်တို့ဂျာနယ်တွေမှာ ဖတ်ရှုရပါတယ်။ ဥပမာ-ပဲခူးတိုင်းအနောက်ခြမ်းမှာထွက်ရှိတဲ့ အင်းမရဲဘော်ဆန်တင်း ၁၀၀ ကို ၄ သိန်းနှုန်းနဲ့ ဝယ်မယ်ဆိုတဲ့ ရေးသားဖော်ပြချက်တွေကိုဖတ်ရှုရပါတယ်။ သို့သော် ကုမ္ပဏီတွေရဲ့ဆုံးဖြတ်ချက်၊ လုပ်ငန်းရှင်တွေရဲ့ ဆုံးဖြတ်ချက်ဟာ ဥပဒေမမည်ပါဘူး။ အဲတော့ ဒီလိုလေးပြောရုံနဲ့ပဲ ကျွန်တော်တို့တောင်သူတွေစိတ်ချ ရပြီလားလို့သုံးသပ်တဲ့အခါမှာ အမှန်တကယ်က စိတ်ချရတဲ့အခြေအနေမှာမရှိသေးပါဘူး။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့အစီအမံအရ အရန်ဆန်တွေထားမယ်။ သက်ဆိုင်ရာလုပ်ငန်းရှင်တွေနဲ့ ပုဂ္ဂိုလ်နဲ့ပူးပေါင်း ပြီးတော့ ဒါတွေကိုကူညီပေးမယ်လို့ဆိုပေမယ့် ဥပဒေတစ်ရပ်မဟုတ်သေးတဲ့အတွက် ကျွန်တော်တို့ တောင်သူတွေကို တကယ်ထိထိရောက်ရောက်ကာကွယ်နိုင်တဲ့ ဥပဒေလို့ ကျွန်တော်တို့ ဒီလွှတ်တော် ကနေပြီးတော့ ယူဆလို့မရသေးပါဘူး။ ဒါ့ကြောင့် အစစအရာရာ တောက်လျှောက်ဒုက္ခရောက်နေတဲ့ တောင်သူရှေ့ဆက်ပြီးတော့ သူတို့ Production ကြောင့် ဘာလာဖြစ်တယ်ဆိုတာတော့ ကျွန်တော် မပြောတော့ပါဘူး။ အဲတော့ ဒီပုဂ္ဂိုလ်တွေကို ဒီနွံထဲကနေ ကယ်ကြမယ်။ ဒီဒုက္ခကနေ ကယ်ကြမယ်။ သူတို့စိတ်ချလက်ချ စပါးဈေး၊ ကောက်ပဲသီးနှံဈေး၊ စိတ်ချလက်ချအာမခံနိုင်တဲ့ ဥပဒေတစ်ရပ်ဟာ မလွဲမသွေလိုအပ်နေတဲ့အကြောင်း လေ့လာသိရှိရပါတယ်။ ဒါ့ကြောင့် ကျွန်တော်က ဧရာဝတီတိုင်း၊ ဇလွန် မဲဆန္ဒနယ်က ဦးတင်ထွတ်ရဲ့ သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံဟု Minimum Purchase Guarantee Price ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်ပေးနိုင်ရေး အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဝင်း၊ လယ်ဝေးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော အဖွဲ့အစည်းဝင်များအားလုံး ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်

အနေနဲ့ ဧရာဝတီတိုင်း၊ ဧလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်အဆိုပြုတင်သွင်းသွားတဲ့ တောင်သူလယ်သမားများ၏ လူမှုစီးပွားတိုးတက်မြင့်မားစေရေးအတွက် စိုက်ပျိုးထုတ်လုပ်၍ထွက်ရှိလာသော သီးနှံများအား သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရေးအတွက် ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှုကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုတင်ပြချက်အပေါ် ကျွန်တော်တိုတိုနဲ့လိုရင်းပဲ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ထောက်ခံဆွေးနွေးချက်ကို စာနဲ့ဖတ်ကြားဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာလည်း ကျေးလက်နေပြည်သူများဖြစ်တဲ့အပြင် အများစုဟာ တောင်သူလယ်သမားများသာဖြစ်ပါတယ်။ ပြည်တွင်းအဓိကစားသုံးသီးနှံဖြစ်တဲ့ ဆန်စပါးနဲ့ နိုင်ငံခြားဈေးကွက်ဝင် ပို့ကုန်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ပေးနေတဲ့သူများဟာလည်း အဲဒီတောင်သူလယ်သမားများပဲ ဖြစ်ကြပါတယ်။ အဲဒီလို ပြည်တွင်းစားသုံးမှုနဲ့ပြည်ပပို့ကုန်သီးနှံများကို စိုက်ပျိုးစရိတ်အရင်းအနှီးများစွာ ကုန်ကျခံထုတ်လုပ် ဆောင်ရွက်ခဲ့ကြသော်လည်း ထွက်ရှိတဲ့သီးနှံများကို ရောင်းချတဲ့အခါမှာ ရရှိခံစားထိုက်တဲ့ အကျိုးအမြတ်ကို အပြည့်အဝရရှိခံစားရတဲ့ အခြေအနေမရှိတာကို တွေ့ရှိရပါတယ်။ အဓိကအကြောင်းရင်းများကတော့ စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများအနေနဲ့ မိုးသီးနှံစိုက်ပျိုးမှုမှ ထွက်ရှိလာတဲ့သီးနှံများကို ဒုတိယသီးနှံထပ်မံစိုက်ပျိုးနိုင်ရန်အတွက် ရင်းနှီးငွေလိုအပ်မှုကြောင့် ကြာရှည်စွာထိန်းသိမ်းမထားနိုင်ဘဲ ကုန်သည်များသတ်မှတ်ဝယ်ယူတဲ့ ဈေးနှုန်းဖြင့်ရောင်းချလိုက်ရပါတယ်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနဲ့သီးနှံကုန်သွယ်မှုပြုကြတဲ့ အဖွဲ့အစည်းများ၊ ကုန်သည်များကြားမှာ ရောင်းကြဝယ်ကြတဲ့အခါမှာ ကြားခံအဆင့်များရှိနေပြီးတော့ ကြားခံအဆင့်တိုင်းကလည်း အမြတ်အစွန်းကိုရှေးရှုပြီး ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ စားသုံးဟင်းသီးဟင်းရွက်နဲ့ မီးဖိုချောင်သုံးသီးနှံများကိုလည်း တောင်သူလယ်သမားများထံမှ အမှန်တကယ်ဝယ်ယူတဲ့ဈေးနှုန်းနဲ့ ပြန်လည်ဖြန့်ဖြူးရောင်းချတဲ့ဈေးနှုန်းဟာ များစွာကွာဟနေကြောင်းကိုလည်းတွေ့ရှိရပါတယ်။ သီးနှံကုန်သွယ်မှုပြုကြတဲ့ အချို့ပုဂ္ဂိုလ်

များကလည်း ဝယ်ယူရရှိတဲ့သီးနှံများကို ထိုက်သင့်သလောက်သာ ပြည်တွင်းစားသုံးမှုအတွက် ဈေးနှုန်းကို ထိန်းပြီးဖြန့်ဖြူးရောင်းချပေးတယ်။ နောက်ကျန်တဲ့ သီးနှံပမာဏများစွာကိုတော့ ထိန်းသိမ်းသိုလှောင်ထားပြီးတော့ သီးနှံထွက်ပေါ်ချိန်ကုန်ဆုံးပြီး သီးနှံရှားပါးတဲ့အချိန်ကျမှ ဈေးမြင့်ပြီးတော့ ကုန်ဈေးနှုန်းကစားပြီးတော့ထုတ်ရောင်းချတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒါကြောင့် ဝယ်ယူစားသုံးသူများအတွက် ဈေးနှုန်းကြီးမြင့်နေသကဲ့သို့ ထုတ်လုပ်သူတောင်သူလယ်သမားများအတွက်လည်း များစွာနစ်နာမှုအခြေအနေကို ဖြစ်ပေါ်စေခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စားသုံးသူများအနေနဲ့လည်း စားသုံးသီးနှံများကို သင့်တင့်မျှတသောဈေးနှုန်းနဲ့ ဝယ်ယူနိုင်ရေး စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအနေနဲ့လည်း လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရန်နဲ့ ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးကို အားထုတ်ကြိုးပမ်းနိုင်အောင်နောက် သီးနှံကုန်သွယ်မှုပြုတဲ့အဖွဲ့အစည်းများအနေနဲ့လည်း သင့်တင့်မျှတတဲ့ အကျိုးအမြတ်ခံစားခွင့်များ ဖြစ်ပေါ်လာရေးအတွက်ကို ကျွန်တော်တို့ ပြည်ထောင်စုအစိုးရက ထိန်းသိမ်းကြီးကြပ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွတ် အဆိုပြုတင်သွင်းသွားတဲ့အဆိုကို ကျွန်တော့်အနေနဲ့ လိုက်လိုက်လှဲလှဲ ထောက်ခံပါကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းစောတင်၊ မိုင်းယောင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစောတင်(မိုင်းယောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းမဲဆန္ဒနယ်က ဦးစိုင်းစောတင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၃-၉-၂၀၁၁ ရက်နေ့က ဇလွန်မဲဆန္ဒနယ်က ဦးတင်ထွတ်တင်သွင်းသွားတဲ့ သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှုကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရှေ့က ကိုယ်စားလှယ်တော်ကြီးများက အတော်ပြည့်စုံဆောင်ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ မိုင်းယောင်းမြို့နယ်ကို အခြေခံပြီးတင်ပြ

ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းယောင်းမြို့နယ်မှာ လူဦးရေ ၁၀၆၀၀၀ ကျော်ခန့်ရှိပါတယ်။ လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းခန့်ဟာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်ကြတဲ့ တောင်သူလယ်သမားများ ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုင်းယောင်းမြို့နယ်မှာ လယ်ဧကပေါင်း ၅၅၀၀၀ ကျော်ခန့်ရှိပြီးနှစ်စဉ် စပါးတင်းပေါင်း ၄၃ သိန်းခန့် ထွက်ရှိပါတယ်။ ဒေသအတွင်းမှာ စားသောက်ဖို့ အတွက်ဆိုရင်တော့ ၁၈ သိန်းခန့် လုံလောက်ပြီး နှစ်စဉ်စပါးတင်းပေါင်း ၂၅ သိန်းခန့်ဟာ ပိုလျှံနေလျက် ရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ မိုင်းယောင်းမြို့မှာ မနှစ်ကဆိုရင် အခြေအနေအမျိုးမျိုးကြောင့် အခုလို ပိုလျှံနေတဲ့ စပါးတင်းပေါင်း ၂၅ သိန်းကို ခုထက်ထိ ရောင်းချနိုင်ခွင့်၊ ဒေသတွင်းဈေးကွက်ကို ရောင်းချနိုင်ခွင့်မရှိသေးပါဘူးခင်ဗျား။ အဲဒီစပါးတင်းပေါင်း ၂၅ သိန်းခန့်ကို အကြောင်းအမျိုးမျိုးကြောင့် ဒေသအတွင်းမှာ ရောင်းချခွင့်မရှိဘဲ မြို့နယ်အတွင်းမှာပဲ သိုလှောင်ထားရှိလျက်ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်ရဲ့ အဓိကထွက်ကုန်တွေကတော့ ဆန်စပါး၊ ပြောင်း၊ ရာဘာတို့ ဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော် တို့မိုင်းယောင်းမှာ နောက်ထပ်သီးနှံရိတ်သိမ်းချိန်က နီးကပ်လာပြီးခင်ဗျာ့။ အခု နီးကပ်နေတဲ့ အချိန် မှာ တောင်မှ ကျွန်တော်တို့ မိုင်းယောင်းမှာ မနှစ်ကပိုလျှံတဲ့စပါးတွေကို မရောင်းချတဲ့အတွက် ပြည်သူတွေမှာ အခက်အခဲတွေ အများကြီးရင်ဆိုင်ရပါတယ်။ အဲဒီလို ပြဿနာတွေဟာ ကျွန်တော်တို့ မိုင်းယောင်းမှာ တင်မကဘဲ ကျွန်တော်တို့ ရှမ်းပြည်နယ် အချို့ဒေသတွေမှာလည်း ဖြစ်ပေါ်နေတယ်ဆိုတာလည်း သိရှိရပါ တယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ဒေသအတွက် သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်ပြီး ဈေးကွက်စီးပွားရေး မူဘောင်အတွင်းကနေသတ် မှတ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဇလွန်မဲဆန္ဒနယ်က ဦးတင်ထွတ်ရဲ့အဆိုကို အလေးအနက်ထောက်ခံ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်းနှုတ်ခွန်းဆက်သ အပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်။ ကျွန်မက ဇလွန်မဲဆန္ဒနယ်၊ ဦးတင်ထွတ်ရဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ် ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအခု ဆွေးနွေးမယ့်ကိစ္စရပ်ဟာ ကျွန်မတို့နယ်မှာအမှန် တကယ်လိုအပ်ပြီးတော့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် ပြည်သူများတွေရဲ့အကျိုးစီးပွားအတွက် အကြောင်းအရင်းအမှန်တွေ

ကိုအပြုသဘောတင်ပြမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်မကိုသည်းခံနားလည်ခွင့်လွှတ်ပေးစေချင်ပါတယ် ရှင့်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မက ပြီးခဲ့တဲ့ရွေးကောက်ပွဲမတိုင်ခင်မဲဆွယ်ကာလမှာ ကွန်ဟိန်းမဲဆန္ဒနယ် တစ်ခုလုံးကို ကျွန်မက ကုန်းကြောင်း၊ ရေကြောင်း၊ ခြေလျင်တောင်တက်ခရီးတွေနဲ့ မဲဆွယ်ခရီးထွက်ခဲ့ရ ပါတယ်။ သွားတာတော့ မဲဆွယ်ခရီးထွက်ဖို့ပါ၊ ပြောဖြစ်တာကတော့ ဘိန်းမစိုက်ပျိုးဖို့ ဘိန်းစိုက်ပျိုးလျှင် မကောင်းတဲ့အကြောင်း၊ လူမျိုးတုံးကြောင်း ဘိန်းစိုက်ပျိုးလျှင် ကိုယ့်အတွက်လည်း အကျိုးမရှိဘူး။ သူတစ်ပါးကိုလည်း ဖျက်ဆီးရာရောက်ကြောင်း ဘိန်းစိုက်လျှင် တရားမဝင်တော့ ရဲတွေကိုလည်းကြောက် ပြီးတော့ ခိုးကြောင်ခိုးဝှက်လုပ်ရတဲ့အကြောင်းကို နောက်ပြီးတော့ အဖမ်းခံရမယ်ဆိုတာကို မူးယစ်ဆေးဝါး ဥပဒေတွေနဲ့ ပြည်သူလူထုကို ကျွန်မရှင်းပြခဲ့ပါတယ်။ ဒါ့အပြင် သမ္မာအာဇီဝကျကျတခြားသီးနှံတွေကို စိုက်ပျိုးရင်လည်း စားဝတ်နေရေးဖူလုံပြီးတော့ စီးပွားဖြစ်လုပ်ကိုင်ရတဲ့အကြောင်း၊ စီးပွားဖြစ်လုပ်ကိုင်လို့ ရှိရင်ကုသိုလ်လည်းရတယ်။ ဝမ်းလည်းဝတယ်ဆိုတာလည်း ပြောခဲ့ပါတယ်ရှင့်။ ရွာသူရွာသားများက အဆိုပါကျွန်မရှင်းပြတဲ့ အကြောင်းခြင်းရာတွေကို မဲထည့်တာထက်ပိုပြီးတော့ စိတ်ဝင်စားကြပါတယ်။ သူတို့ရဲ့အခက်အခဲတွေကိုလည်း တင်ပြကြပါတယ်ရှင့်။ ကျွန်မ ကွန်ဟိန်းမြို့နယ်တစ်ဝိုက်မှာ အဓိကထွက် တာကတော့ ဆန်စပါး၊ မြေပဲ၊ ပြောင်း၊ နှမ်း နောက်ပြီးတော့ နာနတ်သီးဖြစ်ပါတယ်ရှင်။ ကွန်ဟိန်း နာနတ်သီးဆိုလို့ရှိရင် ကျွန်မတို့နယ်တစ်ဝိုက်မှာ အလွန်ပင်နာမည်ကြီးတဲ့ နာနတ်သီးဖြစ်ပါတယ်။ နောက်ပြီး ကျွန်မတို့မှာ တစ်ရွာနဲ့တစ်ရွာကူးဖို့ရာ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပါတယ်။ တချို့ နေရာတွေမှာ ကုန်းကြောင်းနဲ့လမ်းလျှောက်ရပါတယ်ရှင့်။ သူတို့ စိုက်ပျိုးပြီးထွက်လာတဲ့သီးနှံ ဥပမာ- ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နာနတ်သီးတို့ကို ဝယ်ယူမယ့်သူမရှိပါဘူးရှင့်။ ဒီလို ကြေကွဲဖွယ်အဖြစ်အပျက် တွေကိုလည်း ကျွန်မက ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါတယ်ရှင်။ ကျွန်မတို့မြို့မှာ ကုန်ပစ္စည်းတွေကို ကောက်ဖို့ ကုန်စည်ဒိုင်လည်းမရှိပါဘူး။ ပွဲရုံလည်းမရှိတဲ့အတွက် အလွန်ဆင်းရဲဒုက္ခရောက်လျက်ရှိပါတယ်။ နယ်သူ နယ်သားတွေကလည်း အဲဒီအကြောင်းတွေကို သိလည်းမသိသလို ပွဲရုံလို့ပြောတာတောင် နားမလည်ကြ ပါဘူးရှင်။ အဲဒါနဲ့ သူတို့ကလည်း ဘိန်းမစိုက်ချင်ပါဘူး။ မကောင်းတာကို မကောင်းမှန်းသိပါတယ်။ အဲဒီ သူတို့စိုက်ပျိုးတဲ့သီးနှံကို စိုက်ရင်တောင်မှဝယ်မယ့်သူလည်းမရှိပါဘူး။ အဲဒီလိုမျိုးပြောပြပြီးတော့ ကျွန်မတို့ အကူအညီတောင်းပါတယ်။ နောက်ပြီးလို့ရှိရင် သူတို့က သူတို့တွေစိုက်ပျိုးဖို့အတွက်ကို မျိုးစေ့ထုတ်ပေးပြီး သူတို့ ထွက်လာတဲ့သီးနှံကို ပြန်ဝယ်ပြီး ဈေးကွက်ရှာပေးပါဆိုတဲ့ အကူအညီ တောင်းခံပါတယ်။ ကျွန်မကလည်း အဲဒီအချိန်မှာ ပြောင်းဈေးကောင်းတဲ့အချိန်မို့ ပြောင်းအတွက်

အကူအညီပေးမယ်လို့ ပြောပြီးတော့ ကျွန်မကအကူအညီရှာပါတယ်။ အဲဒီအချိန်တုန်းက ၈၈၈ ငှာ ပြောင်းတွေ တအားကြီးအောင်မြင်နေတဲ့ အချိန်ဖြစ်ပါတယ်။ ၈၈၈ ပြောင်းစိုက်ချင်လို့ရှိရင် ငှာ ကုမ္ပဏီနဲ့ဆက်သွယ်ပြီး ပြောင်းမျိုးစေ့ကိုကြိုတင် ဝယ်ယူတဲ့စနစ်နဲ့ ငွေအကြေပေးချေရပါတယ်။ နောက်ပြီးတော့ မျိုးစေ့တွေကိုထုတ်ကာ လယ်သမားတွေ ကိုပေးပြီးစိုက်ရပါတယ်ရှင်။ ဒါပေမယ့် ကျွန်မက ကြိုတင်ဝယ်ငွေသွင်းဖို့ ပိုက်ဆံမရှိပါဘူး။ တခြားသူတွေ ကိုအကူအညီတောင်းလို့လည်း မရပါဘူးရှင်။ ဘယ်သူမှ အရှုံးခံပြီးတော့ မလုပ်ပေးနိုင်ပါဘူးတဲ့။ အဲဒါနဲ့ ကျွန်မကကာလိရွာမှာရှိတဲ့ ဦးလေး တစ်ယောက်ကို စံပြအနေနဲ့ သူ့စရိတ်နဲ့သူ ဖန်လမ်းရွာအနီးမှာရှိတဲ့ တောင်တစ်လုံးလုံးကို ၂၅ ဧကစိုက်ပါတယ်။ ၈၈၈ ပြောင်းဖူးမျိုးစေ့က တစ်အိတ်လျှင် ၁၇၀၀၀ ကျပ်ကို တစ်ဧက စိုက်လို့ရပါတယ်ရှင်။ ပြောင်းစစိုက်ချိန်နဲ့ သီးနှံမပေါ်ခင်ကာလမှာ ပြောင်းဈေးတစ်ပိသာကို ၂၅၀ ကျပ်ကနေ ၂၈၀ ကျပ်အထိ ရှိပါတယ်။ တောင်သူတွေက အဲဒီပြောင်းစိုက်ခင်းတွေကို ကြည့်ပြီးတော့ တအားကြီးအားတက်နေကြပါတယ်ရှင့်။ ဒီအခင်းအောင်မြင်လျှင် ပြောင်းတွေကိုစိုက်ကြမယ် ဆိုပြီးတော့ အကုန်လုံးက မျှော်လင့်ချက်နဲ့ထားကြပါတယ်။ အဲဒါနဲ့ ပြောင်းဖူးချိုးတဲ့အချိန်၊ ပြောင်းဖူးရောင်းတဲ့ အချိန်မှာ ဈေးနှုန်းက တစ်ပိသာကို ၁၉၀ ကျပ်ဖြစ်သွားပါတယ်။ ၁၉၀ကျပ် ဖြစ်သွားတဲ့ အပြင်မှာ ဝယ်မယ့်သူကလည်း လုံးဝမရှိတော့ဘူး။ အဲဒါနဲ့ ကျွန်မတို့က တောင်ကြီးကိုတင်ပို့မယ်ဆိုလို့ရှိရင်လည်း တောင်ကြီးမှာက ဈေးနှုန်း ၁၉၀ မရဘူး။ ဒါကြောင့် ကားခအရှုံးခံပြီးတော့ ကျွန်မတို့ တာချီလိတ်ဘက်ကို ပို့ခဲ့ရပါတယ်။ အဲဒီလိုမျိုးဖြစ်ပွားခဲ့တဲ့အတွက်ကြောင့် တောင်သူတွေက တော်တော်ကို အားလျှော့သွား ကြပါတယ် ရှင်။ ယခင်က ဘိန်းအစားထိုးစိုက်မယ်ဆိုတဲ့ တောင်သူတွေက အမှန်တကယ်ပဲစိုက်ချင်လို့လား ဒါမှ မဟုတ်ရင် ကျွန်မအားကြိုးမာန်တက်လုပ်တာကို အားနာလို့လားတော့ မသိဘူးရှင့်။ ပြောင်းချိန် ရောက်တဲ့ အချိန်မှာ ပြောင်းမျိုးစေ့ဝယ်ဖို့ဆိုပြီးတော့ ငွေလာထုတ်ပါတယ်။ ဘယ်လောက်လဲဆိုတော့ ၃၅၀၀၀ ကျပ် တဲ့ဒီ ၃၅၀၀၀ က နှစ်ဧကစာပဲရပါတယ်ရှင်။ ၂ ထုတ်စာ နှစ်ဧကစာပါ။ နှစ်ဧက စာပြောင်းတွေ ထွက်လာ လို့ရှိရင် ကျွန်မက ပြန်လည်ဝယ်ယူရဦးမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကအဓိက တင်ပြချင်တဲ့ အကြောင်းအရင်းကတော့ ကျွန်မတို့နိုင်ငံမှာ သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက် သီးနှံအမျိုး အစားများအလိုက် ဈေးကွက်အာမခံမှုမရှိလို့ ဒီလိုဖြစ်ရတာလို့ ကျွန်မထင်ပါ တယ်ရှင်။ ကျွန်မရဲ့စိတ်ထဲမှာ အစဉ်စွဲနေတဲ့ ဘိန်းပပျောက်ရေး၊ ဘိန်းအစားထိုးစိုက်ပျိုးရေးဟာ ဒီတစ်ခါ တော့ဝေဝါးသွားပါပြီ။ ဒါပေမယ့် ကျွန်မအားမလျှော့သေးပါဘူးရှင့်။ ကျွန်မ ဆက်လက်အားထုတ်နေဦးမှာ

ဖြစ်ပါတယ်ရှင့်။ စိတ်ထဲမှာလည်းတော်တော့ကို မခံချိမခံသာဖြစ်ရပါတယ်ရှင်။ ကျွန်မတို့ ဒေသကို ဖွံ့ဖြိုးလာစေချင်တယ်။ ကြီးပွားလာစေချင်တယ်။ အဓိကဘိန်းတွေကိုလည်း ပပျောက်စေချင်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်း တို့ကိုလည်း ကျွန်မကလေးနက်စွာနဲ့ အကူအညီတောင်းခံချင်ပါတယ်ရှင်။ ကျွန်မရဲ့စိတ်ဆန္ဒ၊ မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်ပေးတဲ့ ဇလွန်မဲဆန္ဒနယ် ဦးတင်ထွတ်ရဲ့သီးနှံများကို ကာလ အလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုး အစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်း အာမခံမှု ကိုဈေးကွက်စီးပွားရေး မူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်ပေးနိုင်ရေး အဆိုကို လေးလေးနက်နက်လိုက်လှဲစွာ ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါ တယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးကျော်မြင့်၊ မိုးမိတ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်(မိုးမိတ်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ် အဆိုတင်သွင်းတဲ့သီးနှံများကို ကာလ အလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု ကိုဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်ပေးနိုင်ရေးအဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်(ခ) ဦးဖိုးတုတ်ပဲ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေဖြင့် မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်း ဟာကျေးလက်ဒေသများမှာ နေထိုင်ပြီးအများစုဟာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကျောင်းပြု နေကြတဲ့သူများဖြစ်ပြီး တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ မြင့်မားစေရန်အတွက် စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားရေးဟာ အရေးပါသကဲ့သို့ စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့်ရရှိသော ထွက်ကုန် များရဲ့သီးနှံများကို သင့်တင့်မျှတသောဈေးနှုန်းများဖြင့် ရောင်းချနိုင်ရေးဟာလည်း အရေးကြီးသော လိုအပ်ချက်ဖြစ်ပါတယ်။ သင့်တင့်မျှတသော ဈေးနှုန်းမရရှိပါက တောင်သူလယ်သမားများအနေနဲ့ အရှုံး ပေါ်ပြီးများစွာနစ်နာကြမှာ ဖြစ်ပါတယ်လို့ဆိုထားပါတယ်။ သိပ်မှန်ကန်သော အဆိုတစ်ရပ်ဖြစ်ပါတယ်။

ကျွန်တော်တို့ ဘာကြောင့်လဲဆိုတော့ လွန်ခဲ့သော ၂၀၁၀-၂၀၁၁ ခုနှစ်လောက်တုန်းက ကျွန်တော်တို့မြို့နယ်တစ်ခုလုံးကိုတော့ မဆိုလိုပါဘူး။ ကျွန်တော်လုပ်ကိုင်နေတဲ့ တောင်ပိုင်းရပ်ကွက်အပိုင်လယ်ဧက ၃၅၉ ဧကမှာ မျိုးကောင်းမျိုးသန့် ၃၅ ဧက စိုက်ရန် တာဝန်ကျခဲ့ပါတယ်။ ဒီမျိုးကောင်းမျိုးသန့်စပါး ၃၅ ဧက၏တန်ဖိုးက ၁၂၆၈၀၀၀ တန်ဖိုးကျပါတယ်။ ဒါကို တောင်ပိုင်းရပ်ကွက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက စပါးမျိုးဖိုးတွေကို လယ်သမားတွေဆီက ကောက်ယူပြီးပေးသွင်းရပါတယ်။ ဒီတော့ မျိုးကောင်းမျိုးသန့် ၃၅ ဧကကို လမ်းဘေးဝဲယာမှာ စိုက်ပျိုးပြီးကျသင့်တဲ့မျိုးဖိုးတွေကိုတော့ လယ်ဧက ၃၅၉ ဧကမှာလုပ်ကိုင်ကြတဲ့ တောင်သူလယ်သမားတွေက မိမိလုပ်ကိုင်တဲ့ဧကအလိုက် အချိုးချပြီး အချိုးကျထည့်ဝင်ပြီးမှ မျိုးကောင်းမျိုးသန့်မျိုးဖိုးကျသင့်ငွေကို ပေးသွင်းခဲ့ရပါတယ်။ အဲဒီရဲ့ မျိုးကောင်းမျိုးသန့်ဟာ မထွက်ဘူးမဟုတ်ဘူး။ ထွက်ပါတယ်။ ဒါပေမယ့် ထွက်လာတဲ့စပါးဟာ ဝယ်မယ့်သူမရှိပါဘူး။ ကျွန်တော်တို့နှစ်စဉ်စိုက်ပျိုးနေတဲ့ ဆင်း-၃ စပါးမျိုးဟာ တင်း ၁၀၀ ကို ၄၀၀၀၀၀ အောက် ဘယ်တော့မှ မကျပါဘူး။ မျိုးကောင်းမျိုးသန့်စပါးဟာ နှစ်သိန်း၊ နှစ်သိန်းခွဲလောက်ပဲရှိတယ်။ ဒီတော့ ဘယ်လိုမှမျှတမှုမရှိတာကိုတွေ့ရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကို မူအရချထားပေးတဲ့ မျိုးကောင်းမျိုးသန့်စပါးတွေဟာ မျိုးဖိုးတန်ဖိုးကြီးစွာပေးရပေမယ့် ဈေးကွက်မရှိတဲ့အခါမှာ တောင်သူလယ်သမားတွေအနေနဲ့အရှုံးနဲ့ပဲစိုက်ပျိုးရတာ ဖြစ်ပါတယ်။ ဒီ မျိုးကောင်းမျိုးသန့်စပါးကို ပျိုးပင် ၅ ဧကစာ စိုက်ပျိုးမှ ကျွန်တော်တို့ရဲ့ လယ်ကွက်ထဲမှာ တစ်ဧကစာလောက်ပဲ ပျိုးပင်ရပါတယ်။ နည်းစနစ်ကိုမလိုက်နာနိုင်တာလည်းပါမယ်လို့ထင်ပါတယ်။ ဒီလို စပါးမျိုးကောင်းမျိုးသန့်တွေကို ဆယ်စုနှစ်တစ်ခုလောက်စိုက်ခဲ့ကြလို့ ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ တောင်သူလယ်သမားတွေဟာ မိမိပိုင်လယ်ကို လုပ်နိုင်တဲ့သူ၊ မျိုးစပါးဖိုးပေးနိုင်တဲ့သူ လက်ထဲရောက်သွားတာဒုနဲ့ဒေးဖြစ်ပါတယ်။ ဒါကြောင့်မို့ လယ်သမားဘဝနှစ်ဆတိုးစေရန်အတွက် တစ်ဧကတင်းတစ်ရာကျော်ထွက်တဲ့ မျိုးကောင်းမျိုးသန့်စပါးကို စေတနာနဲ့ဆောင်ရွက်ပေးပေမယ့်ထွက်လာတဲ့သီးနှံဟာ မျှတတဲ့ဈေးနှုန်းမရှိတာကြောင့် တောင်သူတွေအရှုံးနဲ့ ရင်ဆိုင်ခဲ့ရတာပဲလို့ သုံးသပ်မိပါတယ်။ ဒါကြောင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားဖို့ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့ ဘယ်လိုပင်အရေးပါသော်လည်း စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံဟာ သွင်းအားစုတန်ဖိုးနဲ့ ထွက်လာတဲ့ ထုတ်လုပ်မှုတန်ဖိုး မမျှတဘူးဆိုရင် လယ်သမားတွေ အရှုံးနဲ့ရင်ဆိုင်ပြီး နစ်နာကြရမှာဖြစ်ပါတယ်။ ဘယ်သီးနှံပဲဖြစ်ဖြစ် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ရောင်းချနိုင်ခြင်းဟာ အရေးကြီးသောလိုအပ်ချက်တစ်ခု

ဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်စပါးမျိုးတွေဟာ တန်ဖိုးကြီးမားမယ်ဆိုရင် ထွက်ရှိလာတဲ့သီးနှံများဟာလည်းအဆိုပါမျိုးကောင်းစပါးနှင့် သင့်တင့်သော ဈေးနှုန်းရရှိအောင် ဆောင်ရွက်ပေးဖို့လည်း လိုအပ်လာမှာဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံများကို သင့်တင့်မျှတသော ဈေးနှုန်းရရှိရေးအတွက် အာမခံချက်ရှိခြင်းဟာ တောင်သူလယ်သမားတွေရဲ့ ပိုမိုကြိုးစားလိုစိတ်ဖြစ်ပေါ်စေပြီး လယ်ယာထွက်ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးနှင့်လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံရဲ့ အဓိကစားသုံးသီးနှံဖြစ်တဲ့ စပါးနဲ့ပဲမျိုးစုံအခြားသီးနှံတို့ရဲ့ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေရေး စိုက်ပျိုးထုတ်လုပ်သူများ လူမှုစီးပွားရေးဘဝမြင့်မားစေရေးတို့အတွက် ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်ပြီး အနိမ့်ဆုံးဈေးနှုန်းအာမခံမှုကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးသင့်ကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကိုကြီး၊ အောင်မြေသာဇံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာဇံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံးစိတ်ချမ်းသာ၍ ကိုယ်ကျန်းမာခြင်းအပေါင်းနှင့် ပြည့်စုံကြပါစေလို့ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး ဖြစ်ပါတယ်။ ကျွန်တော်၏မွေးရပ်မြေမှ အတွေ့အကြုံများကို အခြေခံပြီးတော့ တင်ပြဆွေးနွေးခွင့်ပြုပါခင်ဗျား။ ကျွန်တော့်ရဲ့ မိဘနှစ်ပါးဟာ တောင်သူများဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ သုံးဆယ်ပေးကျေးရွာမှ ဖြစ်ပါသည်။ ကျွန်တော် ကိုယ်တိုင်လည်း ထိုရွာမှာမွေးပြီး ဇာတိမြေဖြစ်ခဲ့ပါသည်။ ကျွန်တော့် ဇာတိရွာဟာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း၊ မင်းကွန်းပုထိုးတော်ကြီးနဲ့ မျက်စောင်းထိုး မြောက်ဘက်ယွန်းယွန်းမှာရှိပါတယ်။ ဧရာဝတီမြစ်ကမ်းဘေးမှာရှိ၍ ဝါဆိုဝါခေါင်မှာဆိုလျှင် ရေတဖွေးဖွေးနှင့် ရေဝင်ရပ်ဖြစ်ခဲ့ပါတယ်။ နှစ်စဉ်ရေကြီး၍ နုန်းတင်မြေနု အရပ်ဖြစ်တဲ့အတွက် မြေသြဇာအလွန်ကောင်းတဲ့ ဒေသဖြစ်ပါတယ်။ ကျွန်တော့်မိဘများငယ်စဉ်ကဆိုလျှင် ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကို တစ်ကွင်းလုံးနီးပါး စိုက်ပျိုးကြပါတယ်။ ပဲမျိုးစုံကို အနည်းအကျဉ်းပဲ မိမိတို့ဝမ်းစာအတွက် စိုက်ပျိုးကြပါတယ်။ တစ်နှစ်လုံးမှာ အများစုဟာတစ်ရာသီပဲ မြေပဲကို တစ်ကွင်းလုံးအားသွန်၍ စိုက်ပျိုးခဲ့

ကြပါတယ်။ ထိုစဉ်က ပြည်ပမှ စျေးနှုန်းအလွန်ချိုတဲ့ စားအုန်းဆီလည်း တင်သွင်းမှုမရှိသေးပါဘူး။ မရှိသေးတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့်မို့ထိုခေတ်ထိုအခါက စျေးကောင်းရကြတဲ့အတွက် ထိုဆီထွက်သီးနှံတစ်သီးနဲ့ပင် တစ်နှစ်ပတ်လုံး စားနိုင်ဝတ်နိုင် မိမိသားသမီးများကို ခေတ်ပညာသင်ကြားပေးနိုင်၊ လှူနိုင်တန်းနိုင်ခဲ့ကြပါတယ်။ အလှူပြောသံများ ချိမ့်ချိမ့်သဲမျှရှိခဲ့ကြပါတယ်။ သို့သော်လည်း တဖြည်းဖြည်းနဲ့ စားအုန်းဆီတင်သွင်းမှုများလာ၍ မြေပဲသီးနှံဟာ စျေးကွက်မှာ စားအုန်းဆီစျေးရဲ့ကျဆင်းမှုကြောင့်ပြည်တွင်းဖြစ်ဆီများဖြစ်တဲ့ ပဲဆီ၊ နှမ်းဆီများဟာလည်း ထိုက်သင့်တဲ့စျေးနှုန်းကိုမရဘဲ မြေပဲဆံ ကုန်ကြမ်းများ စျေးကျဆင်းခဲ့ပါတယ်။ ထိုသို့ ကျဆင်းတဲ့အပေါ်မှာ စိုက်ပျိုးတဲ့ တောင်သူများအရှုံးပေါ်တဲ့အတွက်ကြောင့် စိုက်ဧကလည်းလျော့သွားပါတယ်။ ယခုအခါမှာဆိုရင် လွန်ခဲ့တဲ့ အနှစ် ၃၀ က စိုက်ပျိုးမှုထက် ရာခိုင်နှုန်း ၉၀ ခန့် လျော့သွားတာကို ကျွန်တော် တွေ့ရှိရပါတယ်။ ထို့နောက် ကမ္ဘာမှာ ပဲမျိုးစုံစျေးကွက်ကောင်းလာတဲ့အတွက်ကြောင့် ပဲမျိုးစုံဖြစ်တဲ့ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ထောပတ်ပဲ၊ ပဲပုပ်ပဲရင်းနဲ့ သီးထပ်အဖြစ် ကျွန်တော်တို့ ရေသွင်းနှမ်းတို့ကို ပြောင်းလဲပြီးတော့ စိုက်ပျိုးလာကြပါတယ်။ မိမိတို့ကျွမ်းကျင်စွာ နှစ်ပေါင်းများစွာ စိုက်ပျိုးခဲ့ကြတဲ့ မြေပဲသီးနှံဟာ စျေးကွက်အရတွက်ခြေမကိုက်သော်လည်းပဲ တစ်နှစ်ကောင်းနိုး၊ တစ်နှစ်ကောင်းနိုးနဲ့ လျှော့ပြီးစိုက်ပျိုးလာကြပြီးတော့ ပဲမျိုးစုံကိုတော့ ဧကတိုးပြီးတော့ စိုက်ပျိုးခဲ့ကြပါတယ်။ သို့သော်လည်း စိုက်ခါစနှစ်များက စျေးကောင်းရကြ၍ အဆင်ပြေခဲ့သော်လည်း ပဲမျိုးစုံစျေးဟာ ယခုနှစ်များအတွင်း မတည်မငြိမ်နဲ့ ကမ္ဘာ၏ပဲမျိုးစုံစျေးကွက်အရ စျေးနှုန်းများဟာ မထင်မှတ်သောစျေးကို လျော့ပြီးတော့ ကျလာခဲ့တဲ့အတွက် မြေပဲစိုက်တာလည်းရှုံးတယ်။ ပဲမျိုးစုံလည်းရှုံးတဲ့အခြေအနေကို ဆိုက်ရောက်လာကြပါတယ်။ တစ်နှစ်တစ်ကြိမ်ရှုံးတော့ရှိတာလေး ပေါင်နှံပြီးတော့အရင်းလုပ်ပြီးတော့ ဆက်လက်စိုက်ပျိုးခဲ့ကြပါတယ်။ နှစ်နှစ်ရှုံးတော့ အပေါင်မရှိတဲ့အတွက် အပေါင်မပါတဲ့အကြွေးကိုယူပြီးတော့ စိုက်ပျိုးကြရပါတယ်။ သုံးနှစ်ဆက်တိုက်ရှုံးတော့ ယူထားတဲ့အကြွေးကို မဆပ်နိုင်တော့တဲ့ အခြေအနေကိုရောက်သွားပါတယ်။ ယခုနှစ်လို သီးနှံစျေးများ အကျဆုံးနှစ်သို့ရောက်လာ၍စားဝတ်နေရေးမှအနိုင်နိုင် အကြွေးလုံးဝမဆပ်နိုင်၍ ပေးစရာလည်းငွေမရှိဘူး။ ပြေးစရာလည်း မြေမရှိတဲ့ဆိုသလို အခြေအနေမျိုးကို ရောက်လာတာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီအတိုင်းသာ ဆက်၍သွားနေမယ်ဆိုရင် ဆီထွက်သီးနှံစိုက်ပျိုးတဲ့မြေ၊ စိုက်ပျိုးတဲ့တောင်သူများအားလုံးဟာ လုံးဝမစိုက်တော့တဲ့အတွက် လွန်ခဲ့သော အနှစ် ၂၀ ကျော်က စားအုန်းဆီတင်သွင်းစရာမလိုတဲ့ မြန်မာပြည်ဟာ ပြည်ပမှ စျေးချိုသော်လည်း ကျန်းမာရေးနဲ့မသင့်တဲ့ စားအုန်းဆီကို နှစ်စဉ်သွင်းပြီးတော့ ပြည်တွင်း

စားသုံးမှုတွေအတွက် ကျွန်တော်တို့ ပြည်ပကိုလုံးဝအားကိုးရတဲ့ အခြေအနေကိုရောက်သွားနိုင်ပါတယ်။ စားအုန်းဆီဟာ တစ်လတစ်လပြည်ပမှ တရားဝင်တင်သွင်းတာဟာ စားအုန်းဆီဟာ ဒေါ်လာ သန်း ၃၀ ၊ ၄၀ ဝန်းကျင်ရှိမည်လို့ခန့်မှန်းရပါတယ်။ တစ်နှစ်အတွက်ဆိုရင် ဒေါ်လာသန်း ၄၀၀ ကျော်တာကိုတွေ့ ရှိရပါတယ်။ ပြည်ပဈေးကွက်မှာ ဆန်နဲ့ဆီထွက်သီးနှံဈေးမျိုးစုံကျဆင်းမှုကြောင့်လည်းကောင်း၊ ပြည်တွင်း၌နိုင်ငံခြားငွေဈေးများ ကျဆင်းမှုကြောင့်လည်းကောင်း၊ တောင်သူလယ်သမားများရဲ့ ဝင်ငွေဟာ အထူး နည်းလာကြပါတယ်။ သွင်းအားစုများကထင်သလို မကျဆင်းသေးတဲ့အတွက် အရှုံးပြလာကြပါတယ်။ အရှုံးလည်းများလာကြပါတယ်။ ထို့အပြင် ဆန်စပါး၊ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံမှရရှိတဲ့ Earning Money ရဲ့ ရာခိုင်နှုန်းတော်တော်များများကို စားအုန်းဆီပြန်ဝယ်ရသူနှင့် ပြန်သုံးရသူနှင့် အသုံးပြုနေရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံအတွက်လည်းပဲ ကျွန်တော်တို့ အကျိုးမများ၊ တောင်သူများအတွက်လည်းအကျိုး မရှိဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ဝင်ငွေကမကောင်းတဲ့အထဲ ကျန်းမာရေးနဲ့မသင့်တဲ့ စားအုန်းဆီများကို စားသုံးမိ၍ ကျွန်တော်တို့ သွေးတိုး၊ ဆီးချို၊ နှလုံး စတဲ့ ရောဂါများဖြစ်ပြီးတော့ ဆေးဖိုးနဲ့ဝါးခများကုန်ကျပြီးတော့ ဗူးလေးရာ ဖရုံဆင့်ဖြစ်နေကြပါတယ်။ ပြည်ထောင်စုအစိုးရအသစ်မှ တောင်သူလယ်သမားများအကျိုးအတွက် စိုက်ပျိုးစရိတ်ချေးငွေများ အထူးအထွက်တိုးအောင်နည်း ပညာများ၊ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေရရှိအောင်နဲ့ သင့်တင့် မျှတသောဈေးနှုန်းများရရှိရန် အတွက်နိုင်ငံခြားငွေဈေးများ တည်ငြိမ်အောင် အဖက်ဖက်မှ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးနေပြီ ဖြစ်တဲ့အတွက် တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးကတော့ ဝမ်းသာအားရဖြစ်နေကြပါတယ်။ သို့သော်လည်းပဲ ယခုတွေ့ကြုံနေရတဲ့ တောင်သူလယ်သမားများရဲ့ဖြစ်စဉ်ဟာ ယခုမှစ၍ ဖြစ်တဲ့အဖြစ် မဟုတ်ပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၊ ၄၀ခန့်ကတည်းက အမြစ်တွယ်လာခဲ့တဲ့ စတင်ပြီးတော့ အမြစ်တွယ် လာခဲ့တဲ့ မြစ်ပွားနာသဘောမျိုးဖြစ်နေပါတယ်။ ဒါကြောင့်မို့ တောင်သူလယ်သမားများ ပြန်လည်နလန် ထူလာနိုင်အောင် ပြည်ထောင်စုအစိုးရသစ်ရဲ့ ဝန်ကြီးဌာနပေါင်းစုံမှ နည်းလမ်းအသွယ်သွယ်ဖြင့် အားသွန်ခွန်စိုက် စဉ်ဆက်မပြတ် ဆက်လက်ကူညီပံ့ပိုးနေဖို့လိုတယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဒါကြောင့်မို့ ယခု ဦးတင်ထွတ်၊ ဇလွန်မဲဆန္ဒနယ်မှ တင်သွင်းတဲ့သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းကို အာမခံမှု Minimum Purchase Guarantee Price ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ရေးဆိုတဲ့အဆိုဟာ တောင်သူလယ်သမားများ

အတွက်လုပ်ပေးစရာ အချက်ပေါင်းများစွာထဲမှ လုပ်ဆောင်ပေးရန် လိုအပ်တဲ့အဆိုတစ်ရပ်ဖြစ်ကြောင်း ထောက်ခံရင်းနဲ့ နိဂုံးချုပ်အပ်ချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြ ပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပုဇွန်တောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ဖြစ်ပါတယ်။ အခု ကျွန်တော့်အနေနဲ့ ဇလွန် မဲဆန္ဒနယ်မှ ဦးတင်ထွတ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ လွှတ်တော် တွင်းမှာ နိုင်ငံရေးယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အာဃာတကင်းစင်မှု၊ နိုင်ငံရေး ရင့်ကျက်မှု၊ အပြန် အလှန်နားလည်မှုနဲ့ နိုင်ငံနဲ့လူမျိုးအကျိုးဆောင်ရွက်မှုတွေကိုစုပေါင်းပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော် အကျိုးကို ဦးထိပ်ပန်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဈေးကွက်စီးပွားရေးကို ကျင့်သုံးမည်ဆိုကတည်းက စိုက်ပျိုးရေးကို အဓိကအားထားနေတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံအတွင်း မိဘတောင်သူ လယ်သမားများစိတ်အေးချမ်းသာစွာနဲ့ စိုက်ပျိုးထုတ်လုပ်မှုကို အာမခံပေးနိုင်မယ့် သီးနှံအမျိုးအစား အလိုက် အရှုံးမပေါ်စေသော အနိမ့်ဆုံးဈေးနှုန်းအာမခံမှု Minimum Purchase Guarantee Price ကိုတိကျစွာသတ်မှတ်သင့်ပါတယ်။ ဈေးကွက်စီးပွားရေးကို အနည်းငယ် ကျွန်တော်တို့ လေ့လာကြည့် မယ်ဆိုရင် ၁၉ ရာစုနှစ်မှာ လွတ်လပ်စွာ စီးပွားရှာလုပ်ကိုင်ခွင့်ဝါဒ ဖြစ်ခဲ့ပါတယ်။ စီးပွားရေးကိစ္စများမှာ အစိုးရကပါဝင်စွက်ဖက်မှုမရှိဘဲ ရောင်းသူဝယ်သူဈေးကွက်ကသာပြဋ္ဌာန်း၊ လွတ်လပ်သော ဈေးကွက် စီးပွားရေးစနစ်ဖြစ်ပါတယ်။ အချုပ်အခြယ်မရှိ လုံးဝဥဿုံ လွတ်လပ်စွာယှဉ်ပြိုင်ခဲ့ကြပြီးတော့ ကုန်ထုတ် စွမ်းအားစုများဟာ အစပိုင်းမှာတိုးတက်ခဲ့ပေမယ့် ဈေးကွက်ကဈေးနှုန်းဖြင့် ချိန်ညှိခဲ့ပါတယ်။ သို့သော်လည်း ကာလကြာရှည်တဲ့အခါ လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်းရှင်စနစ် ဖြစ်ပေါ်လာပါတယ်။ နောက်ဆုံး ၁၉၃၀ မှာ မဟာစီးပွားရေးပျက် ကပ်ကြီးဆိုက်ရောက်ခဲ့ရပါတယ်။ အဲဒီကပ်ကြီးက ဈေးကွက် သည်အရာရာကို အလိုအလျောက်ညှိနှိုင်းပေးနိုင်သည်ဆိုသော အယူအဆမှားယွင်းကြောင်း ပြသခဲ့ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန်ပြည်ထောင်စုတွင် ကိုယ်ပိုင်စီးပွားရေး ပိုင်ဆိုင်မှုပုံသဏ္ဍာန်အရ အစိုးရက ဝင်ရောက်ပါဝင်မှုမရှိသော်လည်း စည်းမျဉ်းစည်းကမ်းများဖြင့်စွက် ဖက်ချုပ်ကိုင်ပြီး ဥရောပတစ်လွှား စီးပွားရေးကို အစိုးရကဦးစီးချုပ်ကိုင်ပြီး အစိုးရနှင့် ပုဂ္ဂလိကယှဉ်တွဲ သည့်ရောပြွန်းစီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ဒါပေမယ့် ၁၉၇၀ နှောင်းပိုင်းကာလမှစပြီး အစိုးရ ပါဝင်စွက်ဖက်မှုအပေါ်မှာ ဝေဖန်သုံးသပ်လာကြတဲ့အခါ နောက်ဆုံးအနှစ် ၂၀ လောက်မှ လျင်မြန်စွာ တိုးတက်လာတဲ့ သတင်းဆက်သွယ်မှုနဲ့ ကမ္ဘာ့တစ်လွှား လူမှုစီးပွားရေးနယ်ပယ်အသီးသီးမှ အပြန်အလှန် ကူးလူးဆက်ဆံမှု Golbalization အရှိန်ကြောင့် တင်းကြပ်သောအစိုးရရဲ့ ထိန်းချုပ်မှုတွေလျော့ပါးစေခဲ့ ပါတယ်။ ၁၉၈၀ ခုနှစ်နောက်ပိုင်းမှစပြီး အစိုးရရဲ့ကဏ္ဍဟာ ပိုမိုလျှော့ချလာခဲ့ပြီး ၁၉၉၀ မှာ ပါဝင်ချုပ် ကိုင်မှုလုံးဝစွန့်လွှတ်ခဲ့ပါတယ်။ အရာရာကို ဈေးကွက်ကယန္တရားကအလိုလိုညှိနိုင်းသည်ဟူသော အယူ အဆကိုအလေးပေးလာကြရာမှာ ၂၀၀၈ ခုနှစ်မှာ အမေရိကန်မှာကြီးမားသော ငွေရေးကြေးရေးအကြပ် အတည်းကြီးပေါ်ပေါက်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ နိုင်ငံအများအပြား စီးပွားရေးဆုတ်ကပ်ကြီးကြုံခဲ့ရ ပါတယ်။ ဤတွင် ဈေးကွက်ဟူသည် လုံးဝဥဿုံလွှတ်ထား၍မရဟူသောအချက်ကို ထပ်မံပြသလိုက်ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ ကျွန်တော်ဟာ ဈေးကွက်ကို ရှင်းလင်းတင်ပြရခြင်းမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော်တုန်းက ကျွန်တော်တင်သွင်းခဲ့သော သီးနှံအာမခံအကြောင်းကို ဈေးကွက်စီးပွားရေး အကြောင်းပြခဲ့သောကြောင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်တင်သွင်းသော သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု Minimum Purchase Guarantee Price ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရကကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင် ရွက်ပေးနိုင်ရေးအဆိုသည် မိဘတောင်သူလယ်သမားများအတွက် မင်္ဂလာရှိသောအဆို ဖြစ်သကဲ့သို့ ဈေးကွက်များက လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသည့် အရေးကြီးသော စိန်ခေါ်မှုမျိုးကို ဈေးကွက်အခြေပြုပုံစံတွင် ထက်မြက်သော အစိုးရများက ပူးပေါင်းပါဝင်စီမံဖြေရှင်းရမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးရင်း ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်၏အဆိုကို လှိုက်လှဲစွာထောက်ခံအပ်ပါတယ်ခင်ဗျား။

(ကြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဆွေးနွေး ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဒေါက်တာပွင့်ဆန်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ အခုလိုဆွေးနွေးခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ် အဆိုပြုတင်ပြထားတဲ့အဆိုနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုရှုထောင့်မှနေ၍ အဆိုရှင်ရဲ့အဆိုများကို ရှင်းလင်းဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးအရ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်မှုနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြရမယ်ဆိုရင် (၁) စိုက်ပျိုးရေးထွက်ကုန်အပါအဝင် မည်သည့်ကုန်ပစ္စည်းမဆို ဈေးကွက်စီးပွားရေးစနစ်မှာ ဈေးကွက်ပေါက်ဈေးကို ဈေးကွက်ကသာပြဋ္ဌာန်းပြီး ရောင်းလိုအား၊ ဝယ်လိုအားအပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲနေခြင်း (၂) ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသော နိုင်ငံများမှာ ဈေးကွက်အတွင်းရှိ ကုန်ပစ္စည်းများရဲ့ဈေးနှုန်းများကို အစိုးရကတစ်ဖက်သတ် ဆွဲတင်ဆွဲချမှုပြုလုပ်လေ့မရှိခြင်း (၃) မြန်မာနိုင်ငံရဲ့ ၁၉၈၈ မတိုင်မီ ဆိုရှယ်လစ်စီးပွားရေးစနစ်ကျင့်သုံးခဲ့တဲ့ အချိန်ကာလမှာ ကုန်ပစ္စည်းဈေးနှုန်းသတ်မှတ်ပေးခဲ့တဲ့စနစ်ရှိခဲ့ပေမယ့် ၁၉၈၈ ခုနှစ် နောက်ပိုင်းဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးချိန်ကစပြီးတော့ တောင်သူများရော၊ ကုန်သည်များပါ ဈေးကွက်ပေါက်ဈေးအတိုင်း လွတ်လွတ်လပ်လပ် ရောင်းဝယ်မှုပြုခဲ့တာဟာ အနှစ် ၂၀ ကျော် အသားကျလာပြီဖြစ်ခြင်း (၄) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ အရ နိုင်ငံတော်ဟာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်သွားမည်ဖြစ်ခြင်း (၅) ယခုအခါ ဈေးကွက်စီးပွားရေးစနစ်နဲ့လျော်ညီတဲ့ အချို့အဖွဲ့အစည်း ကုမ္ပဏီကြီးတို့က သီးနှံပေါ်ချိန်မှာ တောင်သူများ ဆုံးရှုံးနစ်နာမှုမရှိစေရန် မှန်ကန်သောရောင်းဝယ်ရေးစနစ်များဖြင့် ဝယ်ယူပေး

နေခြင်းစတဲ့ အခြေအနေများနဲ့အညီ စိုက်ပျိုးထုတ်လုပ်သူနဲ့ ကုန်သည်လုပ်ငန်းရှင်များဟာ ဈေးကွက်မှာ သီးနှံများလွတ်လပ်စွာ ရောင်းဝယ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံများကိုကမ္ဘာ့ဈေးကွက်မှာ ဈေးကောင်းရပြီး တောင်သူလယ်သမားတို့ ဝင်ငွေတိုးတက်ရရှိဖို့အတွက် နိုင်ငံတော်အစိုးရ၊ တောင်သူလယ်သမားနဲ့ ကုန်သည်လုပ်ငန်းရှင်များ အခြေခံကျကျ မြှင့်တင်ဆောင်ရွက်သင့်တဲ့ အချက်များကတော့ (၁) မိမိသီးနှံများဟာ အခြားနိုင်ငံထွက် သီးနှံများနဲ့ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်ပြီးတော့ဈေးကောင်းရဖို့အတွက် အရည်အသွေးစံချိန်စံနှုန်းမြှင့်တင်ထုတ်လုပ် ရောင်းချနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ (၂) တောင်သူလယ်သမားများဟာ နိုင်ငံတကာဈေးကွက်က ဝယ်လိုအားရှိတဲ့သီးနှံကို များများစိုက်ပျိုးထုတ်လုပ်၊ များများရောင်းချရင်များများဝင်ငွေရမှာဖြစ်လို့ ဈေးကွက်ဝင်အရည်အသွေးကောင်း သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ (၃) တောင်သူလယ်သမားများ ထုတ်လုပ်တဲ့သီးနှံများကို ကုန်သည်လုပ်ငန်းရှင်အပိုင်းကနေပြီးတော့ တိုက်ရိုက်စားသုံးသူဈေးကွက်နိုင်ငံ End User အထိ ဈေးကွက်ဝေစုရဖို့ တိုက်ရိုက်ချိတ်ဆက်ပုံမှန်ရောင်းချနိုင်အောင်ကြိုးပမ်းဆောင်ရွက်နိုင်ဖို့လည်းလိုအပ်ပါတယ်။ တစ်နည်းအားဖြင့် ထုတ်လုပ်မှု Production အပိုင်းမှာ အရေအတွက်ရော၊ အရည်အသွေးပါ မြှင့်တင်ကြိုးပမ်းဖို့နဲ့ ရောင်းချမှု Marketing အပိုင်းမှာ ဈေးကွက်ယှဉ်ပြိုင် ထိုးဖောက်နိုင်ဖို့ရယ်၊ ပုံမှန်ဈေးကွက်ဝေစုရဖို့နဲ့ ဈေးကောင်းရဖို့ မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါတယ်။ နိုင်ငံတော်အနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်အဖြစ် တောင်သူလယ်သမားများရဲ့ စိုက်ပျိုးထုတ်လုပ်မှုမှာအဓိကလိုအပ်တဲ့ ဆည်၊ တာတမံ၊ ရေတင်စီမံကိန်းများနဲ့ထွက်ကုန်သီးနှံများ ဈေးကွက်သို့ပို့ဆောင်နိုင်မယ့်လမ်း၊ တံတားအခြေခံအဆောက်အအုံများကို နှစ်ပေါင်း ၂၀ ကျော် အချိန်အတွင်းအရှိန်အဟုန်ဖြင့် တည်ဆောက်ပေးခဲ့တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အဲဒီလို တည်ဆောက်ပေးခဲ့မှုကြောင့် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုမှာ မြန်မာ့လယ်ယာထွက်ကုန်သီးနှံများ ပြည်ပတင်ပို့မှုဟာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၂၂၁ သန်း ၊ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၄၀၃ သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၆၅၇ သန်း၊ ၂၀၁၀-၂၀၁၁ မှာ အမေရိကန်ဒေါ်လာ ၁၇၅၆ သန်းအထိ အသီးသီးတိုးတက်လာကြောင်းတွေ့ရှိရပါတယ်။ ဒီလိုနှစ်စဉ် အရှိန်အဟုန်နဲ့တိုးတက်

လာမှုဟာနိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက်နဲ့အညီ စိုက်ဧကများတိုးချဲ့ခြင်း၊ သီးထပ်သီးညှပ်များတိုးချဲ့စိုက်ပျိုးခြင်း၊ အထွက်ကောင်းမျိုးသန့်များ စိုက်ပျိုးလာခြင်း၊ ပန်းတိုင်အထွက်နှုန်းများလျာထား၍မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ဒေသခံအာဏာပိုင်အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ ကုန်သည်လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုလို ပို့ကုန်ဝင်ငွေများတိုးတက်လာခြင်းဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ တောင်သူလယ်သမားများလည်း အချိုးကျဝင်ငွေ တိုးတက်လာကြောင်းတင်ပြလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဈေးကွက်ဝင်အရည်အသွေးကောင်း သီးနှံများပိုမိုစိုက်ပျိုး ထုတ်လုပ်လာနိုင်ရေးနဲ့ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝနဲ့ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားများ မြင့်မားတိုးတက်စေရေးအတွက်ထုတ်လုပ်သူတောင်သူလယ်သမား၊ ဒေသခံကုန်သည်၊ ပွဲစား၊ စက်ပိုင်နဲ့ တင်ပို့ရောင်းချသူကုမ္ပဏီလုပ်ငန်းရှင်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီးတော့ အစိုးရစွက်ဖက်ပါဝင်မှု အနည်းဆုံးနဲ့ဈေးကွက်စီးပွားရေးစနစ်နဲ့လည်းကိုက်ညီတဲ့ ဆန်စပါး အထူးပြုကုမ္ပဏီများ၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီများဖွဲ့စည်းမှုကို နိုင်ငံတော်အနေနဲ့ ၂၀၀၉ ခုနှစ်ကစပြီး စီမံကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ အထူးပြုကုမ္ပဏီများဟာတောင်သူလယ်သမားများအတွက် ဈေးကွက်မှာဝယ်လိုအားရှိပြီး အရည်အသွေးကောင်းတဲ့မျိုးများကိုထုတ်လုပ်ဖြန့်ဖြူးပံ့ပိုးခြင်း၊ ဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးခြင်း၊ လယ်ယာသုံးကိရိယာများ ပံ့ပိုးခြင်းနဲ့ နိုင်ငံခြားစံချိန်မီ တန်ဖိုးမြှင့်ထုတ်ကုန် Value Added များ ထုတ်နိုင်တဲ့စက်များတပ်ဆင်ခြင်း၊ ပြည်တွင်းပြည်ပဈေးကွက် ချိတ်ဆက်ရောင်းဝယ်ပေးခြင်းလုပ်ငန်းတွေကို လုပ်ဆောင်နေကြပြီဖြစ်ပါတယ်။ ဒီလို နိုင်ငံတော်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပြုကုမ္ပဏီများဖွဲ့စည်းစီမံဆောင်ရွက်ပေးခြင်းဟာ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ၊ ကမ္ဘာ့ဈေးကွက်မှာ ဈေးကောင်းရဖို့အတွက် အခြေခံအကျဆုံး ကူညီစီမံပေးမှုပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားရေးတိုးတက်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးနေမှု လုပ်ငန်းများစွာရှိပြီးတော့ ဒီလုပ်ငန်းတွေဟာအဆိုရှင်တင်ပြတဲ့ သီးနှံဈေးကောင်းရရေး၊ နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးက စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနဲ့တွေ့ဆုံပြီးအမှာ

စကားပြောကြားခဲ့ရာမှာ စပါးပေါ်ချိန်မှာ တောင်သူလယ်သမားများ အရှုံးမပေါ်စေရအောင် အစိုးရနဲ့ဆန်ကုန်သည်ကြီးများ ဖက်စပ်ငွေကြေးစိုက်ထုတ်ကာ အခြေခံဈေးနှုန်းတစ်ခုအဖြစ် သတ်မှတ်ဝယ်ယူပြီး နိုင်ငံတော်ရဲ့ အရန်ဆန်အဖြစ်ထားရှိရန် အစီအစဉ်ရှိကြောင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများ ဝင်ငွေပိုမိုရရှိစေရေးနည်းလမ်းမျိုးစုံနဲ့ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ပေးနေကြောင်းနဲ့ အဆိုရှင်အဆိုပြုခဲ့သလို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံ Minimum Purchase Guarantee Price ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ နိုင်ငံတော်အစိုးရက ကြီးကြပ်ဆောင်ရွက်သင့်ကြောင်း ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။ ယခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်ရဲ့အဆိုကို ဆွေးနွေးခွင့်ရတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များကို ကျေးဇူးတင်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်အဆိုပြုခဲ့တဲ့သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှုကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်ရေးအဆိုနဲ့ ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် ၈ ဦးပါဝင်ဆွေးနွေးခဲ့သလို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကလည်း ဆွေးနွေးသွားခဲ့ပါတယ်။ ဒီနေရာမှာ မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ယခုလိုအဆိုစတင်တင်သွင်းတဲ့ ဇလွန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်ကိုလည်း အထူးကျေးဇူးတင်သလို ဝင်ရောက်ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်များကိုလည်း ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီအဆိုဟာ မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေ ၆၅ နဲ့ ၇၀ ရာခိုင်နှုန်းအကြားမှာရှိသောသူများသည် တောင်သူလယ်သမားများနဲ့ သက်ဆိုင်ပြီးတော့ တောင်သူလယ်သမားများရရှိတဲ့ဝင်ငွေပေါ်မှာ ရပ်တည်နေရတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် အခုတင်သွင်းတဲ့အဆိုဟာတောင်သူလယ်သမားများရဲ့ အကျိုးစီးပွားကိုဖြစ်ထွန်းစေမယ့် အဆိုတစ်ခုဖြစ်တဲ့အတွက်စ တင်အဆိုတင်သွင်းသူကိုရော၊ ဆွေးနွေးတဲ့သူများကိုပါ ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။ ဒီလိုပြောရတဲ့အကြောင်းကလည်း အောင်မြေသာဇံမဲဆန္ဒနယ်မှ ဦးကိုကြီးဂုဏ်ဖော်ပြောသွားသလို တောင်သူလယ်

သမားတစ်ယောက်ရဲ့ သားသမီးဖြစ်ကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ပိုပြီးတော့ ဒါနဲ့ပတ်သက်ပြီး တော့ပြောစရာလေးလည်းရှိပါတယ်။ ကျွန်တော်လည်း တောင်သူလယ်သမားသားသမီးပါပဲ။ ကျွန်တော့် အဖေ၊ ကျွန်တော် ၆ တန်းတုန်းက ကျွန်တော့်အဖေဆုံးသွားပါတယ်။ ၁၉၆၀ ကျွန်တော့်အသက် ၁၂ နှစ်၊ ၁၃ နှစ်သားလောက်ပဲရှိပါတယ်။ အဲဒီမတိုင်ခင် ကျွန်တော့်အဖေက ကျွန်တော့်ကို မင်းပညာတတ်အောင် သင်၊ လယ်သမားတော့မလုပ်နဲ့ လယ်သမားလုပ်ရင် ကြီးပွားစရာအကြောင်းမရှိဘူးဆိုတဲ့ အဖေ့ရဲ့ပြောဆို ဆုံးမမှုအရ ကျွန်တော် ထိုက်သင့်သလောက် စာတတ်အောင်သင်ခဲ့ပါတယ်။ သင်ခဲ့တဲ့အတွက်လည်း ဒီနေ့ ဒီအခြေအနေထိ ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ တစ်ခါကျွန်တော်တို့နဲ့ ငယ်စဉ်တောင်ကျေးကဘဝတူ သူငယ်ချင်းများ သူတို့ဒီနေ့ သူ့ဒေသမှာသူပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ဒေသမှာ ပြန်ကြည့်မယ်ဆို ရင်လယ်သမားအဖြစ်နဲ့ပဲ ရှိနေပါတယ်။ လယ်သမားအဖြစ် ရှိနေပြီးတဲ့အခါမှာ လယ်သမားဆိုတာ ကျွန်တော်တို့ဆီမှာ လယ်ပဲများလိုပါတယ်။ အညာဒေသဆိုရင် တောင်ယာလုပ်ငန်းများဖြစ်တဲ့ တောင်သူ လယ်သမားများဟာ နာမည်ကောင်းအောင်တော့ ကျေးဇူးရှင်တောင်သူလယ်သမားများလို့ဆိုပြီးတော့ အဲ့ဒီ ကျေးဇူးရှင်တောင်သူလယ်သမားများဟာ ဒီနေ့ ဘယ်လိုအခြေအနေမှာနေရတယ်ဆိုတာကို လက်တွေ့ မြေပြင်ဆင်းကြည့်တဲ့ပုဂ္ဂိုလ်များသိမှာဖြစ်ပါတယ်။ အဲလိုနေရာမှာ နိုင်ငံတော်မှာ ကျင့်သုံးနေတဲ့ လယ်သမားများ၊ တောင်သူလယ်သမားများကို ကာကွယ်ပေးတဲ့ Protection သို့မဟုတ်လို့ရှိရင်တချို့ ကျတဲ့အခါ Substidize လုပ်ဖို့ကိစ္စကို အခုအဆိုရှင်ကစပြီးတော့ တင်သွင်းတဲ့အခါမှာ အားလုံးဆွေးနွေး ကြပါတယ်။ ဆွေးနွေးတဲ့နေရာမှာ မုံရွာမဲဆန္ဒနယ်က ဦးခင်မောင်ဦးကတော့ နွေစပါးတစ်ဧကစိုက်တဲ့ အခါမှာကုန်ကျစရိတ်၊ နွေစပါးတစ်ဧကမှာထွက်လာတဲ့ စပါးတင်းအရေအတွက်၊ စပါးရဲ့ဈေးနှုန်း ဒီအပေါ် တွက်ချက်လိုက်တဲ့အခါမှာ စိုက်ထုတ်လိုက်တဲ့အရင်းနဲ့ ရရှိတဲ့ငွေဟာမမြတ်သလောက်ရှိတယ်ဆိုတဲ့ အကြောင်းရယ်ဆက်စပ်ပြီးတဲ့အခါမှာ လိုတဲ့ငွေကိုဘေးကနေပြီးတော့ ချေးယူရတယ်။ အဲဒီအတွက်အတိုး ပြန်ပေးရတယ်ဆိုတဲ့အတွက် လယ်သမားများ၊ တောင်သူများအနေနဲ့များစွာ အခက်အခဲရှိနေရတယ်ဆိုတဲ့ အကြောင်းနဲ့အတူပဲ။ အဆိုနဲ့တော့မလုံလောက်သေးပါဘူး။ ဒါကိုဖြစ်နိုင်လို့ရှိရင် ဥပဒေတစ်ရပ်ပြဋ္ဌာန်း ပြီးဆောင်ရွက်မှပိုသင့်ပါတယ်ဆိုတဲ့ အဆိုပြုမှုလည်းရှိပါတယ်။ တကယ်တမ်းကျတော့ ကျွန်တော်တို့ ရှေ့ဆက်သွားမယ့်ခရီးဟာ ပေါ်လစီလောက်နဲ့တင်မရဘဲနဲ့ တကယ်တိတိကျကျလုပ်ရမယ့်ကိစ္စများဆိုလို့ ရှိရင်ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး လုပ်ရမယ့်ကိစ္စမျိုးအနေအထားတွေ ဒီနေ့ ဒီလိုအခြေအနေနဲ့ အချိန်အခါ

ရောက်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုအဆိုတင်သွင်းတယ်။ ဆွေးနွေးကြတဲ့နေရာမှာထပ်ပြီး တော့သတိပြုရမယ့်အချက်က၊ လေ့လာတဲ့အချက်က ဦးစိုင်းစောတင်၊ မိုင်းယောင်းမဲဆန္ဒနယ်က တောင်သူ လယ်သမားတွေစပါးစိုက်တယ်၊ စပါးတွေရတယ်။ ဒါပေမယ့်အခုအချိန်ထိ စပါးတွေရောင်းလို့မရလို့ အဲဒီလိုအခက်အခဲရှိနေတယ်ဆိုတဲ့ဟာလည်း သွားပြီးတွေ့ပါတယ်။ ဒါဘာကြောင့်လဲ၊ ဘာဖြစ်လို့မရတာ လဲဆိုရင် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ အဖြေထုတ်ပြီးတဲ့အခါမှာ ဒါကိုတကယ်လို့များ အတားအဆီးတွေရှိနေတယ်ဆိုရင် ဒီအတားအဆီးတွေကိုဖယ်ရှားနိုင်ဖို့ တင်ပြဖို့လိုမယ်လို့ ကျွန်တော်ဒီလို ပဲထင်ပါတယ်။ အဲဒီနည်းတူပဲ ကွန်ဟိန်းမဲဆန္ဒနယ်က ဒေါ်နန်းဝါနု၊ ဒေါ်နန်းဝါနုရေ အားမလျှော့ပါနဲ့၊ ကိုယ်လုပ်စရာရှိတဲ့အလုပ်ကို နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် လုပ်စရာရှိတဲ့အထိ ဆက်လုပ်ဖို့ပဲလို ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ဘယ်လောက်ပဲသီးနှံတွေ၊ ပစ္စည်းတွေဘယ်လောက်ပဲအထွက် ကောင်း ကောင်းပြီးတဲ့အခါမှာ ခုနကပြောသွားပါတယ်။ အရည်အသွေးကောင်းတယ်ဆိုတာ၊ အရည်အသွေးဘယ် လောက်ပဲကောင်းကောင်း ဝယ်မယ့်သူမရှိဘူးဆိုရင် ထုတ်လုပ်တဲ့ဟာကအလကားပဲ။ ဝယ်တဲ့လူတော့ရှိ တယ်။ ဈေးမသင့်ဘူးဆိုလို့ရှိရင် ထုတ်လုပ်သူလည်းအရှုံးပေါ်မယ်။ ဘယ်သူပဲဖြစ်ဖြစ် အမြတ်မရှိတဲ့ အလုပ်ကိုမလုပ်ချင်ဘူး။ အမြတ်မရှိတဲ့အလုပ်ကိုလုပ်ချင်တဲ့သူဟာ သာမန်လူတော့မဟုတ်ဘူး။ အဲတော့ ဒီနေ့ သီးနှံရဲ့ဈေးနှုန်းကိုမူတည်ပြီးတော့ တောင်သူလယ်သမားတွေ အခက်အခဲတွေ့နေရတာ အဓိကဖြစ် တယ်။ ဒါကြောင့်မို့လို့ သီးနှံရဲ့ဈေးနှုန်းသတ်မှတ်တဲ့နေရာမှာ ဈေးကွက်စီးပွားရေးစနစ်အရ အစိုးရက မပတ်သက်ရဘူးဆိုတဲ့ သဘောဆိုပေမယ့် နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက်ပတ်သက် ကောင်းပတ်သက်ရလိမ့်မယ်။ ဘာ့ကြောင့်လဲ အစိုးရဟာဘာအတွက်လဲ။ နိုင်ငံတော်နဲ့နိုင်ငံသားအတွက် ဆောင်ရွက်ပေးဖို့။ အဲဒါကြောင့် ဒီနေရာမှာလည်း ဆက်ပြီးတော့စဉ်းစားရမယ်။ ဒီနေ့ရောထွေးနေတယ်။ နိုင်ငံတော်နဲ့အစိုးရ ဟာတစ်ထပ်တည်းမဟုတ်ဘူး။ နိုင်ငံတော်ဆိုတာ အားလုံးသိတဲ့အတိုင်းပဲ နိုင်ငံတော် တစ်ခုဖြစ်ဖို့ဆိုရင် (၁) သတ်မှတ်ပိုင်းခြားထားတဲ့နယ်နိမိတ်တစ်ခုရှိဖို့လိုတယ်။ (၂) အဲဒီသတ်မှတ်ပိုင်းခြား ထားတဲ့နယ်နိမိတ်မှာလူတွေရှိဖို့လိုတယ်။ လူတွေနေထိုင်ရမယ်။ (၃) အစိုးရတစ်ခုရှိဖို့လိုတယ်။ အဲဒါမှ နိုင်ငံတော်ဖြစ်တယ်။ အစိုးရကအစိုးရပဲ။ ဒါပေမယ့် နိုင်ငံတော်ကိုယ်စား အုပ်ချုပ်မှုကိစ္စတွေတာဝန်ယူရ တဲ့အတွက် နိုင်ငံတော်အစိုးရလို့ပြောခြင်းပဲဖြစ်တယ်။ နိုင်ငံတော်တော့မဟုတ်ဘူး။ ဒါကြောင့်မို့လို့ဘယ် အစိုးရပဲတက်တက် နိုင်ငံတော်ဆိုတဲ့ ခုနကအကြောင်းအရာသုံးခုနဲ့ နိုင်ငံသားများအတွက် ကြည့်ရှုပေး

ရမယ့်တာဝန်ကအဓိကပဲ။ အခုဒီဟာမယ် ခုနကအဆိုရှင်တင်သွင်းသွားသလိုပဲ ဒီလိုတောင်သူလယ်သမားများရဲ့အရေးကိစ္စကို ကြည့်ရှုဆောင်ရွက်ပေးခြင်းသည် မြန်မာနိုင်ငံမှာရှိတဲ့လူဦးရေရဲ့ ၆၅ ၊၇၀ ရာခိုင်နှုန်းကိုကြည့်ပေးခြင်းပဲဖြစ်တယ်။ ဒါ့ကြောင့် ကြည့်ကိုကြည့်ပေးရမယ့်ကိစ္စဖြစ်တယ်။ တစ်ချိန်တုန်းက မကြည့်ပေးနိုင်ရင် ဒီအချိန်မှာ ကြည့်ပေးဖို့လိုတယ်။ ဒီနေ့ ကိုယ်နိုင်ငံမှာရှိတဲ့ တောင်သူလယ်သမားတွေကြည့်။ လယ်လုပ်မလား၊ စက်ရုံအလုပ်သမားလုပ်မလားဆိုရင် စက်ရုံအလုပ်သမားလုပ်မယ်။ လယ်ယာလုပ်ငန်းခွင်မှာသိပ်ပြီးတော့ မလုပ်ချင်ကြဘူး။ ဘာ့ကြောင့်လဲ ဒီမှာလုပ်တဲ့နေရာမှာ အကျိုးစီးပွားမဖြစ်ထွန်းဘူး။ ဒီပြဿနာက မြန်မာနိုင်ငံလားဆိုတော့၊ နိုင်ငံတိုင်းနိုင်ငံတိုင်းမှာပြဿနာတက်တယ်။ ဒါကြောင့်မို့လို့ လယ်လုပ်နိုင်အောင်၊ လယ်လုပ်ချင်အောင် သက်ဆိုင်ရာအစိုးရတွေက Protection Substidize ဆိုတာက Protect လုပ်ဖို့အတွက်က ဥပဒေနဲ့ Substidize လုပ်ဖို့အတွက်ကြတော့ အဲဒီငွေတွေကအစိုးရငွေမဟုတ်ဘူး။ နိုင်ငံတော်ရဲ့ငွေများဖြစ်တယ်။ ထိုက်သင့်သလိုဒါပေးဖို့ပဲဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဒီလိုတင်ပြသွားတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်ရဲ့၊ နိုင်ငံတော်အတွင်းမှာရှိကြတဲ့ပြည်သူလူထုရဲ့ ၆၅ ရာခိုင်နှုန်း၊ ၇၀ ရာခိုင်နှုန်းသောသူများအတွက် အကျိုးဖြစ်ထွန်းစေနိုင်တဲ့အဆိုဖြစ်တဲ့အတွက် ဒီနေ့ဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ်များကလည်းစုံပါတယ်။ ပြောမယ်ဆိုရင်ပါတီလည်းစုံပါတယ်။ ပြီးတဲ့အခါမှာ တိုင်းရင်းသားလည်းစုံပါတယ်။ ဒါကြောင့် ပါတီစုံ၊ တိုင်းရင်းသားတွေစုံပြီးဆွေးနွေးကြတဲ့အခါမှာ နောက်ဆုံးကတော့ ဘာဦးတည်သလဲဆိုရင် လွှတ်တော်မှာပြောနေတဲ့ ပါတီစွဲ၊ဝါဒစွဲ၊ဒေသစွဲ၊လူမျိုးစွဲ၊ဘာသာစွဲမဟုတ်ဘဲနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက် ဆွေးနွေးသွားတာဖြစ်တဲ့အတွက် လယ်သမားသား၊ သမီးတစ်ယောက်ဖြစ်တဲ့ကျွန်တော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ကျွန်တော် ဒီလိုစတင်တင်သွင်းတဲ့ ပုဂ္ဂိုလ်များရော ဒီလိုမှန်မှန်ကန်ကန် ကန်ရှုမြင်သုံးသပ်ပြီးတော့ ဆွေးနွေးတဲ့ပုဂ္ဂိုလ်များပါ အထူးကျေးဇူးတင်တယ်လို့ပြောရခြင်းဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ ဒီအဆိုနဲ့ပတ်သက်လို့ သူ့ရဲ့လုပ်ထုံးလုပ်နည်းအတိုင်းတော့ ကျွန်တော်တို့က မဲခွဲရမှာပေါ့။ သို့ရာတွင် ခုနကသက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကလည်း နောက်ဆုံးမှာတော့ ရှေ့ကဘယ်လိုပြောသွားပြောသွား၊ ဘယ်လိုပဲချီသွားချီသွား နောက်ဆုံးတော့သင့်ပါတယ်ဆိုတဲ့ အနေအထားဖြစ်တဲ့ မဲခွဲစရာမလိုပါဘူး။ ဒါပေမယ့် ရှေ့ကနေပြီးတော့ စချီသွားတာကတော့ ဒီအဆိုကို မဲခွဲရမယ့် အနေအထားမျိုးဖြစ်ပြီး နောက်ဆုံးကျတဲ့အခါကျတော့ သင့်လျော်တဲ့အဆိုဖြစ်တဲ့အတွက် မဲခွဲစရာမလိုပါဘူး။ ဒါကြောင့်မို့လို့ မဲခွဲရန်မလို

သော်လည်း လွှတ်တော်ရဲ့အတည်ပြုချက်ရယူရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်တင်သွင်းတဲ့ သီးနှံများကိုကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု Minimum Purchase Guarantee Price ကိုဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်နိုင်ရေးအဆိုကို အတည်ပြုနိုင်ဖို့အတွက် လွှတ်တော်ရဲ့သဘောထားမေးပါမယ်။ လွှတ်တော်က ဒီအဆိုနဲ့ပတ်သက်ပြီးတော့ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်ထွက် ဇလွန်မဲဆန္ဒနယ်မှ တင်သွင်းတဲ့ သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု Minimum Purchase Guarantee Price ကိုဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်နိုင်ရေးအဆိုကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။နေ့လယ်စာစားသုံးရန် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကိုတစ်နာရီခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင် နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်းအစီအစဉ် ဆက်လက်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံနှင့် တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သော မြင့်မြတ်သည့်နေရာ အသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သောနေရာ အသုံးအနှုန်းများတွင်သုံးစွဲ

ခွင့်မပြုရေး၊ ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအဆိုတင်သွင်းဖို့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး ဌေးနိုင်အားဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးဌေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်း နှင့် ပြည့်စုံပါစေကြောင်းဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ တင်သွင်းမယ့်အဆို ကတော့ မြန်မာဆိုတဲ့စကားရပ်ကို တစ်မျိုးသားလုံးရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သော မြင့်မြတ်သည့်နေရာ အသုံးအနှုန်းများတွင်သာသုံးစွဲခွင့် ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်တဲ့နေရာအသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုရေး၊ ဥပဒေပြဋ္ဌာန်းပေးရန်အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီအဆိုကို ဖတ်ကြားတင်သွင်းခွင့်ပြုနိုင်ပါ ရန်တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၉၄၇ ခုနှစ် ရဲ့အခန်း(၁)၊ နိုင်ငံတော်ဖွဲ့စည်းပုံ ပုဒ်မ(၁)မှာ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ ဖြစ်သည်။ ထိုနိုင်ငံကို ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်ရမည်ဟုလည်းကောင်း၊ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၇၄ ခုနှစ်၏ အခန်း(၁) နိုင်ငံတော် ပုဒ်မ(၁)မှာ နိုင်ငံတော်သည် လုပ်သားပြည်သူတို့၏ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောဆိုရှယ်လစ်နိုင်ငံတော် ဖြစ်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မမြန်မာနိုင်ငံတော်ဟု ခေါ်တွင်စေရမည်ဟူ၍ လည်းကောင်း၊ လက်ရှိ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ရဲ့ အခန်း(၁)နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၁ မှာ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်။ ပုဒ်မ ၂ မှာ နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်ရမည်။ ပုဒ်မ ၃ မှာ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်ဟု လည်းကောင်း၊ ကျွန်တော်တို့ဖော်ပြထားတာရှိပါတယ်။ ဒါ့အပြင် ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့မှထုတ်ဝေတဲ့ မြန်မာအဘိဓာန်မှာ မြန်မာဆိုသော စကားလုံးကို မြန်မာနိုင်ငံတွင် အစဉ်အဆက်နေထိုင်ခဲ့ကြသော တိုင်းရင်းသားများကို ခြုံခေါ်သောအမည်

ဟုလည်းကောင်း၊ ဦးသိန်းလှိုင်ပြုစုသော ခေတ်ဟောင်းမြန်မာ့သမိုင်း သုတေသီအဘိဓာန်မှာ မြန်မာဆိုသောစကားလုံးကို လျင်မြန်သော ဂုဏ်သတ္တိနှင့် ပြည့်စုံ၍ မလျော့သော လုံ့လ၊ ဝီရိယတို့ဖြင့် ဇာတိသွေး၊ ဇာတိမာန်ခက်ထန်တင်းမာသော စိတ်ရင်းရှိသည့်လူမျိုးဟု ဒုတိယကျော်အောင်စံထားဆရာတော်ရဲ့ ဝေါဟာရတ္ထကျမ်းကိုမှီး၍ ဖွင့်ဆိုထားကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် မြန်မာဆိုတဲ့စကားလုံးဟာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးအားလုံးကို ရည်ညွှန်းတယ်ဆိုတာ အထင်အရှားတွေ့မြင်ရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး မြန်မာဆိုတဲ့စကားလုံးကို သမိုင်းစဉ်တစ်လျှောက်မှာတွေ့ရှိခဲ့ရပုံကို ကျောက်စာအထောက်အထားများစွာထဲမှ အနည်းငယ်ကို ခိုင်လုံစွာတင်ပြခွင့်ပြုပါခင်ဗျား။ သက္ကရာဇ် ၅၅၂ ခုနှစ်မှာ ရေးထိုးခဲ့တဲ့အမတ်ကြီးသယ်သူကျောက်စာ မျက်နှာဘက်ခြမ်း၊ စာကြောင်းရေ ၂၀ မှာဆိုလို့ရှိရင် မြန်မာဆိုတဲ့စကားလုံးကိုစပြီးတွေ့ရှိရမှာဖြစ်ပါတယ်။ ယင်းကျောက်စာဟာမူလက တောင်ဂူနီဘုရားအတွင်းမှာ စတင်တွေ့ရှိရပြီး ယခု ပုဂံပြတိုက်မှာတွေ့မြင်ရမှာဖြစ်ပါတယ်။ အဲဒီနောက် သက္ကရာဇ် ၅၆၀၊ ၅၅၈ မှာရေးထိုးခဲ့တဲ့ ဓမ္မရာဇိက ဘုရားကျောက်စာမျက်နှာဘက်ခြမ်း၊ စာကြောင်းရေ ၅၉ မှာ မြန်မာဆိုတဲ့စကားလုံးကို တွေ့ရှိရမှာဖြစ်ပြီး၊ ယင်းကျောက်စာဟာ ယခုတိုင် ပုဂံမြို့အနောက်ဖွားစောရွာ ဓမ္မရာဇိကဘုရား အရှေ့မုခ်ဂူအတွင်းမှာတွေ့ရှိနိုင်ပါတယ်။ သက္ကရာဇ် ၅၉၂ ခုနှစ်မှာ ရေးထိုးခဲ့တဲ့ မဟာဒါနပတိအမတ် ကျောက်စာကျောဘက်ခြမ်းစာကြောင်းရေ ၂ မှာ မြန်မာဆိုတဲ့ စကားလုံးကို တွေ့ရှိရပြီး၊ ယင်းကျောက်စာကို ယခုအခါ ပုဂံမြို့ လောကနန္ဒာဘုရားတံတိုင်းအတွင်းမှာ တွေ့ရှိနိုင်ပါတယ်။ သက္ကရာဇ် ၅၉၇ ခုနှစ်မှာ ရေးထိုးထားခဲတဲ့ ရတနာပုံထန်ကျောက်စာကျောဘက် စာကြောင်းရေ ၁ မှာ မြန်မာဆိုသောစကားလုံးကို တွေ့ရှိရပြီး ယင်းကျောက်စာကို ယခုအခါ ပုဂံပြတိုက် ကျောက်တိုင်အမှတ် ၄၃ မှာ တွေ့ရှိရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများအားလုံး ဝိုင်းဝန်းတည်ဆောက်နေတဲ့ သမိုင်းကြောင်းအရ အရေးပါတဲ့အချိန်အခါဆိုတာကျွန်တော်တို့ အားလုံးလက်ခံကြတယ်ဆိုတာယုံကြည်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်တဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စုကြီးအတွင်းမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအပေါင်းဟာ စည်းလုံးညီညွတ်ဖို့ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်များပြည့်ဝစေရန် ကျွန်တော်တို့ မြန်မာ့အမျိုးသားရေးလက္ခဏာများ မပပျောက်ဖို့အထူးပင်

လိုအပ်နေပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ အခြေခံအားဖြင့် မြန်မာနိုင်ငံအတွင်းတွင် နေထိုင်နေသော တိုင်းရင်းသားအားလုံးဟာ အဓိပ္ပာယ်ပြည့်ဝမြင့်မြတ်ပြီး တိုင်းရင်းသားလူမျိုးစုအားလုံးကို ကိုယ်စားပြု သောမြန်မာဆိုသည့် စကားလုံး၏လေးနက်မှုကို အလေးအနက်ထားသုံးစွဲရန် လိုအပ်နေပါတယ်ခင်ဗျား။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကလည်း ယင်း စကားရပ်၏ လေးနက်မြင့်မြတ်မှုကိုသိရှိတဲ့အတွက် ၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်ပုဒ်မ ၁၅/၈၉ နဲ့ စကားရပ်များ ပြောင်းလဲသတ်မှတ်သည့် ဥပဒေ ပြဋ္ဌာန်းခဲ့ပြီးတော့ Union of Burma အစား Union of Myanmar ဟုလည်းကောင်း၊ Burma ကို Burmese ဆိုတဲ့စကားရပ်အစား Myanmar ဟုလည်းကောင်း တရားဝင်ပြောင်းလဲသတ်မှတ်ခေါ်ဆိုခဲ့ တာတွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်အခြေခံ ဥပဒေ များကွဲပြားခဲ့သော်လည်း မြန်မာဆိုတဲ့စကားရပ်ဟာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင် ကြသောတိုင်းရင်းသားလူမျိုးပေါင်းစုံကို ကိုယ်စားပြုသော စကားရပ်ဖြစ်သောကြောင့်လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ တည်ဆောက်ရာမှာ တိုင်းရင်းသားလူမျိုးများအားလုံး ချစ်ကြည်ပြီး ပြည်ထောင်စုစိတ်ဓာတ်ရှိရေး၊ စစ်မှန်သောမျိုးချစ် စိတ်ဓာတ်များ အားကောင်းလာစေရေးနှင့် မြန်မာအမျိုးသားလက္ခဏာရပ်များ အလေးထားစောင့်ရှောက် ရေးကိုလိုအပ်နေရသောကြောင့်လည်းကောင်း သမိုင်းအစဉ်အလာကြီးပြီး မွန်မြတ်သော အဓိပ္ပာယ်များ ပြည့်ဝလျက် တိုင်းရင်းသားအားလုံးကိုကိုယ်စားပြုသော မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်း ဆိုင်ရာကိစ္စရပ်များ နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သော မြင့်မြတ်သည့်နေရာ အသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင် အခြားမသင့်လျော်သောနေရာ အသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုရေးဥပဒေပြဋ္ဌာန်း ပေးနိုင်ရေးအဆိုကို တင်သွင်းပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးကြီးဌေးနိုင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ် ခေါ်ပါတယ်။

**ဗိုလ်မှူးတင်မောင်လွင်(တပ်မတော်သားကိုယ်စားလှယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြန်တမ်းဝင်အမှတ်ကြည်း-၁၈၉၉၇ ဗိုလ်မှူးတင်မောင်လွင် ဖြစ်ပါတယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်တင်သွင်းတဲ့ မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးအားလုံးနှင့်သက်ဆိုင်သော မြင့်မြတ်သည့်နေရာ အသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ်အပါအဝင်အခြားမသင့်လျော်သောနေရာ အသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုစေရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအဆိုကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်တင်သွင်းတဲ့အဆိုကို မနက်ဖန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) အစည်းအဝေးမှာ ဆွေးနွေးပါမယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဒီနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အခြေခံဥပဒေသစ်နှင့်အညီ ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေးစနစ်တို့နှင့် လိုက်လျောညီထွေဖြစ်ပြီး အမျိုးသားစီးပွားရေး အထောက်အကူပြု အုပ်ချုပ်ရေးယန္တရားအသစ်ဖော်ဆောင်နိုင်ရန် ကျွမ်းကျင်သည့် ပညာရှင်များဖြင့် ကော်မရှင်တစ်ရပ်ကို ပြည်သူ့လွှတ်တော်က ဖွဲ့စည်းဆောင်ရွက်စေသင့်ကြောင်း အဆိုတင်သွင်းဖို့ ဒဂုံမြို့သစ်မြောက်ပိုင်း မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်း မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ ကျွန်မ တင်သွင်းမယ့်အဆိုကတော့ ဥက္ကဋ္ဌကြီးကိုတင်ပြတာက ကျွမ်းကျင်သူ ပညာရှင်များဖြင့် ကော်မရှင်တစ်ရပ်ကိုဖွဲ့စည်းပေးပါလို့ပြောတာ တစ်ယောက်တည်းလုပ်လို့မရတဲ့ အတွက်ကြောင့်မို့လို့ ပညာရှင်တွေပါတဲ့ ကော်မရှင်များ ဖွဲ့စည်းပေးပါလို့ တစ်နည်းအားဖြင့် တတ်ကျွမ်းနားလည်တဲ့ လုပ်ပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်များပါတဲ့ ပုဂ္ဂိုလ်များအပါအဝင် ဖွဲ့စည်းထားတဲ့ကော်မရှင်တစ်ရပ်ဖွဲ့စည်းဖို့ တောင်းခံခြင်းဖြစ်ပါတယ်။ ဒီအုပ်ချုပ်ရေးယန္တရားကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်မက

ပြီးခဲ့တဲ့ ရေးရာကော်မတီအစည်းအဝေးမှာလည်း တင်ပြပြီးသားဖြစ်လို့ ရေးရာကော်မတီမှာပါတဲ့ အဖွဲ့ဝင် ၆၀ များကပဲ ဒုတိယအကြိမ် ကျွန်မရဲ့အဆိုကို နားထောင်တဲ့အခါ နားငြီးမယ်ဆိုရင်သည်းခံပေးပါလို့ တောင်းပန်ပါတယ်။ အဲဒီရေးရာကော်မတီအဖွဲ့ ၆၀ က ကျွန်မ ရေးရာမှာတုန်းက ဆွေးနွေးသွားတုန်းက Government Institutions in Myanmar ဆိုပြီးတော့ ခေါင်းစဉ်နဲ့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ အခု ကျွန်မအနေနဲ့က ဒီက အခုရေးရာကော်မတီတွေ၊ အဖွဲ့တွေ မဖွဲ့ခင် ကျွန်မတို့ရေးရာ ကော်မတီ ၄ ခု ဖွဲ့စည်းကတည်းက ဆွေးနွေးခဲ့တာ ဖြစ်တဲ့အခါကျ အစည်းအဝေးပြီးတဲ့ နောက်ပိုင်းဒီ လွှတ်တော်ကြီး ၂၂ ရက်နေ့ စတင်ပြီးတော့ခေါ်ယူတဲ့အခါမှာကြတော့ နောက်ထပ်ရေးရာကော်မတီအသစ် ၁၉ ခု ဖွဲ့လိုက်တဲ့အခါကြတော့ ကျွန်မရဲ့ ဒီအုပ်ချုပ်ရေးယန္တရားနဲ့ဆိုင်တဲ့ရေးရာကော်မတီ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီတို့ ပြုပြင်ပြောင်းလဲရေးနဲ့ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုတဲ့ ကော်မတီ အသစ်တွေ ထပ်မံဖွဲ့စည်းထားတာ တွေ့ရပါတယ်။ ဒီကော်မတီအသစ်တွေမှာလည်း တစ်ခါ ကျွန်မ ခုန ပြောတဲ့တတ်ကျွမ်းနားလည်တဲ့ လုပ်ပိုင်ခွင့်ရှိတဲ့ပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းထားတာကြောင့်မို့လို့ ကော်မတီ အသစ်ကလည်း ကျွန်မပြောတဲ့ အုပ်ချုပ်ရေးယန္တရားကြီးကို ခိုင်မာအားကောင်းတဲ့ ထက်မြက်တဲ့ အုပ်ချုပ်ရေးယန္တရားကြီးကို ပြုလုပ်နိုင်မယ်။ ဆောင်ရွက်ပေးနိုင်မယ်လို့လည်း ယူဆပါတယ်။ အဲဒီတော့ တစ်ခါပြန်ပြီးတော့ ကျွန်မပြောတဲ့ အုပ်ချုပ်ရေးယန္တရားကြီး ခိုင်မာအားကောင်းတဲ့ အုပ်ချုပ်ရေးယန္တရား ကြီးဖြစ်ဖို့က ကောင်းမွန်တဲ့အစိုးရ ကျွန်မတို့ရဲ့ Presidential System, Ideal System ကောင်းမွန်တဲ့ အစိုးရဆိုတာ ဘာတွေလုပ်ဖို့လဲဆိုတာ နည်းနည်းတော့ပြောပြချင်ပါတယ်။ အဲဒီတော့ ကောင်းမွန်တဲ့ အစိုးရဆိုတဲ့အခါမှာ အစိုးရကိုချည်းဆိုလိုခြင်းမဟုတ်ပါဘူး။ နိုင်ငံရေးပါတီလွှတ်တော်နဲ့ တရားရေး ဆိုင်ရာမီဒီယာများနဲ့ လူမှုရေးအဖွဲ့အစည်းတစ်ခုလုံးသက်ဆိုင်တဲ့ အရေးကိစ္စကိုလည်း ဖော်ပြထားတာ ဖြစ်ပါတယ်။ နောက်ဒီ့အပြင် အပြောင်းအလဲတစ်စုံတစ်ခု ဖြစ်မယ်ဆိုလို့ရှိရင် တိုင်းသူပြည်သား နိုင်ငံသူ နိုင်ငံသားအားလုံး၊ ခေါင်းဆောင်များအားလုံး၊ နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းတွေအားလုံး၊ နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်ဆံရေးဆိုတဲ့ ကိစ္စတွေအားလုံးပါဝင်တာကို ဆိုလိုပါတယ်။ အဲဒီတော့ ကောင်းမွန်တဲ့အစိုးရဖြစ်ဖို့အတွက် ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ဖြစ်ဖို့ လိုအပ်ပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်ဖို့အတွက်ကို လိုအပ်ချက် ၃ ခုရှိပါတယ်။ အဲဒီလိုအပ်ချက် ၃ ခုကို ရှင်းပြရမယ်ဆိုရင်တော့ ပထမဦးဆုံးက State Cablebility လို့ခေါ်တဲ့ နိုင်ငံတော်ရဲ့ လုပ်ဆောင်နိုင်စွမ်း၊ နိုင်ငံတော်ရဲ့ လုပ်ဆောင်နိုင်စွမ်းဆိုတဲ့အခါမှာ နိုင်ငံတော်ရဲ့ ဦးဆောင်ဦးရွက်ပြုသူများနဲ့ အစိုးရအဖွဲ့

အစည်းများသည် မိမိတို့လုပ်ဆောင်မယ့်လုပ်ငန်းများကို မည်သည့်အတိုင်းအတာအထိ ပြီးမြောက်အောင် စွမ်းဆောင်နိုင်စွမ်းရှိခြင်းဆိုတဲ့ နိုင်ငံတော်ရဲ့ လုပ်ဆောင်နိုင်စွမ်း ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ဆိုလို့ရှိရင် Responsibleless လို့ခေါ်တယ်။ တုံ့ပြန်နိုင်စွမ်း၊ နိုင်ငံတော်မှာ ပြည်သူ့ရေးရာမူဝါဒများ Public Policy နဲ့ အဖွဲ့အစည်းလုပ်ထုံး လုပ်နည်းများ Institutions တွေဌာန ဆိုင်ရာလုပ်ငန်းများဟာဆိုရင် ပြည်သူများရဲ့ လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်စွမ်း တစ်နည်းအားဖြင့် တုံ့ပြန် နိုင်စွမ်းဘယ်လောက်ရှိသလဲ၊ မရှိဘူးလဲ၊ ပြည်သူများက ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ထိန်းသိမ်း ကာကွယ်ပေးနိုင်စွမ်းရှိလား၊ မရှိလား။ အဲဒီအချက်တွေထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ နောက် တတိယအချက်အနေနဲ့ကျတော့ Countability လို့ခေါ်တဲ့ တာဝန်ခံနိုင်စွမ်း၊ အဲဒီတော့ ကောင်းမွန်တဲ့ အစိုးရအတွက် တာဝန်ခံနိုင်စွမ်းဘယ်လောက်ရှိသလဲ၊ တစ်နည်းအားဖြင့် ပြည်သူ့ရေးရာဌာနတွေ အဖွဲ့ အစည်းတွေ Public Institutions တွေနဲ့ အစိုးရအဖွဲ့အစည်းတွေဟာဆိုရင် မိမိတို့ရဲ့လုပ်ဆောင်ချက်တွေ အပေါ်မှာမည်မျှလောက်တာဝန်ခံနိုင်မှုရှိလဲ၊ မရှိဘူးလဲဆိုတဲ့အချက်တွေနဲ့ ပတ်သက်ပြီးတော့ အများ ပြည်သူတွေ၊ လူ့အဖွဲ့အစည်းတွေ တစ်နည်းအားဖြင့် stable Socity အရပ်ဖက်လူ့အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကကဏ္ဍတွေကနေ ဘယ်လောက်စောင့်ကြည့် နိုင်စွမ်းရှိသလဲ၊ မရှိလဲ။ တစ်နည်းအားဖြင့် တာဝန် ခံနိုင်စွမ်းကို ဘယ်လောက်စောင့်ကြည်ခံနိုင်စွမ်းရှိသလဲ အဲဒီတိုင်းတာရမှာဖြစ်ပါတယ်။ အဲဒီတော့ တစ်ဖက်ကနေ တခါပြန်ပြောရင် ဒီ Good Governance ဖြစ်ဖို့အတွက် ကျွန်မတို့က ကောင်းမွန်တဲ့ အုပ်ချုပ်ရေးယန္တရား ခုန ကျွန်မပြောခဲ့တဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးယန္တရားကြီးက အချိန်အားဖြင့် လိုအပ်ပါတယ်။ အဲဒီတော့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးယန္တရားနဲ့ပတ်သက်ပြီးတော့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးထံ စာတမ်းဖတ်ကြားခွင့်ပြုရန်ခွင့်တောင်းပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံဆိုလို့ရှိရင် အင်္ဂလိပ်ကိုလိုနီဘဝ ၁၉၃၉ ခုနှစ်ကနေပြီးတော့ အိန္ဒိယနိုင်ငံနဲ့ခွဲပြီးတော့ သီးခြားနယ်အဖြစ် အုပ်ချုပ်ခဲ့တယ်။ အဲဒီအချိန်ကစပြီးတော့ အုပ်ချုပ်ရေးယန္တရားမှာ အခြေချအုပ်ချုပ် တယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် အိန္ဒိယအုပ်ချုပ်တဲ့နည်းစနစ်နဲ့ အခြေချအုပ်ချုပ်ခဲ့တာ ဖြစ်တယ်။ အဲဒီအခြေချခဲ့တဲ့ အုပ်ချုပ်ရေးယန္တရားဆိုလို့ရှိရင် ဗဟိုအစိုးရကိုတာဝန်ခံရတဲ့ ဗျူရိုကရေစီ ယန္တရားဖြစ်ပါတယ်။ ဗျူရိုကရေစီယန္တရားက ဘယ်အချိန်ထိ ကျွန်မတို့သုံးခဲ့သလဲဆိုလို့ရှိရင် ၁၉၇၄ ခု မဆလ Constitution မတိုင်ခင်အထိ ဒီယန္တရားကြီးနဲ့ အုပ်ချုပ်ရေးယန္တရားကြီးတစ်ခုလုံးကို ဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ မြန်မာပြည်မှာ အခုအခါမှာဆိုလို့ရှိရင် ဈေးကွက်စီးပွားရေးစနစ်နှင့်

အုပ်ချုပ်ရေးစနစ်ကလည်း ပြည်နယ်တွေပါဝင်တဲ့ ဗဟိုအစိုးရအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးနေပါတယ်။ အဲဒီတော့ တစ်နည်းအားဖြင့်ဆိုရင် ကျွန်မတို့ အခုကျင့်သုံးနေတဲ့ အုပ်ချုပ်ရေးစနစ်မှာ လွတ်လပ်ရေးမရခင်က ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားကို ဆက်ပြီးသုံးတဲ့သဘောဖြစ်နေပါတယ်။ အဲဒီတော့ ဗျူရိုကရေစီစနစ်ကဆိုလို့ရှိရင် လုပ်ငန်းကျွမ်းကျင်တဲ့ ပညာတတ်တွေကနေပြီးတော့ တိကျတဲ့လုပ်ထုံးလုပ်နည်းနဲ့ မတိမ်းမစောင်းလုပ်တဲ့အတွက် Directive တွေများပါတယ်။ ညွှန်ကြားမှုတွေများပါတယ်။ တင်းကျပ်မှုတွေများပါတယ်။ တင်းကျပ်မှုတွေအများကြီးရှိတယ်။ အဲဒီတော့ တာဝန်ရှိသူတွေကိုလုပ်ပိုင်ခွင့်အပြည့်ပေးထားတဲ့စနစ်လည်းဖြစ်ပါတယ်။ နောက်တစ်ခုက တစ်ခြားဘက်မှာဆိုလို့ရှိရင်လည်း ကုန်ကျစရိတ်တွေကသက်သာပြီးတော့ ငွေအင်အားနည်းနည်းနဲ့ ထိရောက်စွာလုပ်နိုင်မယ့်စနစ်လည်းဖြစ်ပါတယ်။ အဲဒီတော့ ဒီဗျူရိုကရေစီယန္တရားကြီးဆောင်ရွက်ခဲ့တဲ့ အချိန်တုန်းကဆိုရင် ဗျူရိုကရက်များကဆိုရင် ဗျူရိုကရက်ဆိုတာ ဗျူရိုကရေစီယန္တရားကြီးကို မောင်းနှင်တဲ့ကိရိယာဖြစ်ပါတယ်။ အဲဒီဗျူရိုကရက်များသည် ဒေသန္တရအုပ်ချုပ်ရေးမှာလည်း မြို့ပိုင်၊ နယ်ပိုင်အဆင့်နဲ့ သူတို့က မြို့ပိုင်၊ နယ်ပိုင်၊ ခရိုင်တိုင်းမင်းကြီးအဆင့်အထိ သူ့ရဲ့အလုပ်တွေကို တာဝန်ခံပြီးတော့ Excutive Power Judicial Power နောက်ပြီးတော့ Test character အလုပ်တွေအကုန်လုံးကို တစ်ယောက်တည်းလုပ်ခဲ့ပါတယ်။ နောက်တစ်ခါ အဲဒီပါလီမန် ဒီမိုကရေစီစနစ်ကဆိုလို့ရှိရင် အာဏာရပါတီက ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးအာဏာ နှစ်ခုလုံးကိုတစ်ပြိုင်နက်ကျင့်သုံးလျက်ရှိရာမှာ အဲဒီဝန်ကြီးတွေ ဌာနတွေမှာဆိုရင် အလုပ်လုပ်တဲ့ ဗျူရိုကရက်များဆိုလို့ရှိရင် ဝန်ကြီးဌာနနဲ့ဆိုင်တဲ့ ဥပဒေပြုရေးအာဏာနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေးအာဏာနဲ့ဆိုင်တဲ့ကိစ္စတွေကို အဆင့်မြင့်ဗျူရိုကရက်တွေကနေပြီးတော့ မောင်းနှင်ဆောင်ရွက်သွားပေးတာဖြစ်ပါတယ်။ အဲဒီတော့ ဗျူရိုကရေစီယန္တရားရှိခဲ့တုန်းက လူနည်းနည်းနဲ့ အုပ်ချုပ်ရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် လုပ်ကိုင်ခဲ့တာတွေ့ရပါမယ်။ ဒါပေမယ့် ၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာတဲ့အခါကျတော့ ခုနလူနည်းနည်းနဲ့ မြို့နယ်တစ်ခုမှာ မြို့ပိုင်တစ်ဦးလုပ်ရမယ့်ဥစ္စာကို မြို့နယ်တရားသူကြီးအဖွဲ့၊ မြို့နယ်ဥပဒေအကျိုးဆောင်အဖွဲ့ဆိုပြီးတော့ ဖောင်းပွနေတဲ့အုပ်ချုပ်ရေးယန္တရားကြီး ပေါ်ပေါက်လာပါတယ်။ အဲဒီတော့ ဒီအုပ်ချုပ်ရေးယန္တရားကြီး ဘာလို့ပေါ်ပေါက်လာသလဲဆိုတော့ ၁၉၇၄ ခုနှစ် အခြေခံဥပဒေမပေါ်ပေါက်ခင်ကတည်းက ၁၉၇၂ မှာ အစိုးရရဲ့ လုပ်ကိုင်မှုနည်းစနစ်များဆိုတဲ့စာအုပ် ၂၇ ကိုသူတို့ကရေးသားပြုစုပြီးတော့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်တဲ့အခါမှာ အဲဒီအရွယ်အစား ကြီးမားတဲ့အဲဒီစာအုပ် ၂၇ ထဲကအတိုင်း အုပ်ချုပ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်အခုတစ်ခါ မြန်မာပြည်မှာ၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ စနစ်တွေ အုပ်ချုပ်ရေးစနစ်က ပြောင်းခဲ့ပါပြီ။ ဒါပေမယ့် အုပ်ချုပ်ရေးယန္တရားကြီးက အရင်ဖောင်းပွနေတဲ့ ခုနက ဆိုရှယ်လစ်ခေတ်ကကျင့်သုံးခဲ့တဲ့ စာအုပ် ၂၇ မှာ ရှိတဲ့၊ ဖောင်းပွနေတဲ့အုပ်ချုပ်ရေးယန္တရားကြီးက ဆက်လက်ရှိနေတုန်းပါပဲ။ အဲဒီတော့ အုပ်ချုပ်ရေး ယန္တရားကြီးက ဘယ်လောက်တောင် ဖောင်းပွနေသလဲဆိုလို့ရှိရင် ကျွန်မတို့ဘတ်ဂျက် Profession ရှုထောင့်ကနေ ကြည့်မယ်ဆိုရင် 25 percent of total expenditure ရှိရမှာပါ။ အရင်ဝင်ငွေက လစာဝင်ငွေက အခုဟာက ဒါပေမယ့် ဒီဘတ်ဂျက်တွေကိုကြည့်လိုက်မယ်ဆိုရင် ၂၅ ရာခိုင်နှုန်းမကတဲ့ အသုံးစရိတ်တွေ၊ လစာဝင်ငွေတွေတွေ့ရပါမယ်။ အဲဒီတော့ ဒီအုပ်ချုပ်ရေးယန္တရားကြီးဖောင်းပွတဲ့ အကြောင်းကို သမ္မတကြီးကမိန့်ကြားတဲ့အထဲမှာလည်း ထည့်ပြောထားပါတယ်။ သမ္မတကြီးရဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်တွေကို မိန့်ခွန်းပြောကြားတဲ့အခါမှာ နောက်ထပ်အလေးထားဆောင်ရွက် ရမယ့်လုပ်ငန်းတစ်ခုကတော့ အစိုးရလုပ်ငန်းများ လျင်မြန်သွက်လက်ရေးနှင့် ထိရောက်မှုရှိရေးဖြစ်ပါ တယ်ဆိုပြီးတော့ ပြောခဲ့ပါတယ်။ အဲဒီလို လုပ်ဆောင်ရာမှာ ရည်မှန်းချက်အောင်မြင်ရေးအတွက်လုပ်ထုံး လုပ်နည်းများ၊ စည်းကမ်းများ၊ လျှစ်လျူရှုခြင်း၊ ကုန်ကျစရိတ်နဲ့ အလေအလွင့်များကို အလေးမထား ခြင်းစတဲ့ အစွန်းတရားတွေကို ရှောင်ရှားဖို့လိုတယ်လို့ သမ္မတကြီးမိန့်ခွန်းမှာ ထည့်သွားပါတယ်။ တစ်နည်း အားဖြင့်ဆိုလို့ရှိရင် Strong and Efficient ဒီမိုကရေစီယန္တရားလိုအပ်တယ်လို့ ထောက်ပြခဲ့ခြင်းဖြစ်ပါ တယ်။ အဲဒီတော့ သမ္မတကြီးဆိုလိုတဲ့ ခိုင်မာအားကောင်းတဲ့ထက်မြက်တဲ့ အုပ်ချုပ်ရေးယန္တရားဆိုရင် တိကျမှန်ကန်တဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာ အလုပ်ပြီးမြောက် စေပြီးတော့ မိမိအလုပ်ပေါ်မှာတာဝန်ယူလိုစိတ်အပြည့် မိမိရဲ့ဂုဏ်သိက္ခာကိုတန်ဖိုးထားတဲ့ နိုင်ငံ့ဝန်ထမ်း တွေနဲ့ဖွဲ့စည်းထားတဲ့ အုပ်ချုပ်ရေးယန္တရားကိုဆိုလိုခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် မြန်မာ ပြည်မှာကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ဖွံ့ဖြိုးမှုနောက်ကျနေခြင်းဟာဆိုလို့ရှိရင် နိုင်ငံတော်ရဲ့မူဝါဒတွေကို အကောင်အထည်ဖော်တဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ဖွဲ့စည်းထားတဲ့ အုပ်ချုပ်ရေး ယန္တရားက အားနည်းနေခြင်းဖြစ်တာကို ပြသရာရောက်ပါတယ်။ အဲဒီတော့ အစိုးရအဖွဲ့အစည်းက အရွယ် အစားကြီးမားနေတယ်။ ဌာနဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ အချိန်ဆွဲတာ၊ ဖင့်နွဲ့တာ၊ ခက်ခဲတာ၊ နောက်လုပ်ငန်းအဆင့်တွေများပြားတာ၊ ခုနကပြောခဲ့တဲ့ ငွေကုန်ကြေးကျတွေများနေတယ်။ လာဘ်ပေးလာဘ်ယူရှိတယ်။ ပြည်သူ့ဆက်ဆံရေးကညံ့ဖျင်းတယ်။ ဝန်ထမ်းတွေရဲ့ အရည်အသွေးညံ့ဖျင်း တယ်ဆိုတဲ့ လက္ခဏာတွေဟာဆိုရင်အားနည်းတဲ့ အုပ်ချုပ်ရေးယန္တရားလက္ခဏာတွေ ဖြစ်ပါတယ်။

အဲဒီတော့ အခုလက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အုပ်ချုပ်ရေးမှာဆိုလို့ရှိရင် အခြေခံဥပဒေသစ်အရ အခုအခါ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရဆိုပြီးတော့ ဗဟိုနဲ့ဒေသန္တရအစိုးရတွေ ပေါ်ပေါက်လာတဲ့အခါမှာ ဒီအုပ်ချုပ်ရေးအာဏာခွဲဝေသုံးစွဲတာရှိတယ်။ အဲဒီအခါမှာ သူက Setting မလုပ်ရသေးဘူး။ ဒီ Setting မလုပ်ရသေးတဲ့ အုပ်ချုပ်ရေးအာဏာသုံးခုစလုံး ချက်ချင်းကျင့်သုံးလိုက်တဲ့အခါကြတော့ နဂိုက ဖောင်းပွတဲ့အုပ်ချုပ်ရေးယန္တရားကြီးအပေါ်မှာ အံမဝင်တဲ့နည်းတွေနဲ့ဆိုတော့ တောင်တောင်မြောက်မြောက်ပေ့ါနော်။ ဗမာလိုစကားဘယ်လိုပြောရမလဲ။ အံမဝင်ဘူးဆိုရမှာပေါ့။ အဲဒီတော့ အုပ်ချုပ်ရေးယန္တရားကြီးကဖောင်းပွနေတယ်။ အဆင်သင့်မဖြစ်သေးဘူး။ အဲဒီအချိန်မှာမင်းတို့ Executive Power ရော Legislative Power, Judicial Power ယင်းတို့ကိုပေးလိုက်ပြီဆိုတဲ့အခါကြတော့ Setting မဖြစ်ဘဲနဲ့ Thoroughly Training မဖြစ်ဘဲနဲ့ဆိုတော့ အံမဝင်ဘူးဖြစ်နေပါတယ်။ အဲဒီတော့ အထူးသဖြင့်ဈေးကွက်စီးပွားရေးကိုမောင်းနှင်နေတဲ့ ဈေးကွက်အင်အားစုတွေရဲ့တုံ့ပြန်မှုအပေါ်မှာ အချိန်မီပြောင်းလဲနိုင်စွမ်းမရှိခြင်း၊ အချိန်မရှိဘဲနဲ့ အချိန်ဖင့်နွှဲမှုတွေဖြစ်နေပါတယ်။ နောက်တစ်ခုက လုပ်ထုံးလုပ်နည်း အကန့်အသတ်တွေကြောင့်မို့လို့ ပြည်တွင်းပြည်ပဈေးကွက်မှာလည်းပြိုင်ဆိုင်နိုင်စွမ်းအားလျော့ပါးစေပါတယ်။ အဲဒီတော့ နောက်တစ်ခုက ဒီပါတီစုံဒီမိုကရေစီနစ်ကျွန်မတို့ Ideal System မှာဆိုလို့ရှိရင် ဈေးကွက်စီးပွားရေးစနစ် ဗဟိုနဲ့ဒေသန္တရအစိုးရစနစ်ဆိုပြီးတော့ တစ်ခုနဲ့တစ်ခု Vertically ရော Horizontally ရောဘယ်လိုဆက်သွယ်ကြမလဲ ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့အခါကျတော့ ဒီတိုင်းပြည်ရဲ့အုပ်ချုပ်ရေးယန္တရားကြီးက အလွန်အားနည်းနေတာတွေ့ရပါတယ်။ အဲဒီတော့ ဒီအုပ်ချုပ်ရေးယန္တရားကြီးကို ဘယ်လိုပြုပြင်အကောင်အထည်ဖော်ကြမလဲဆိုတာ ပကတိအခြေအနေက တောင်းဆိုနေတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မအထက်မှာ တင်ပြခဲ့တဲ့ အကြောင်းတွေကြောင့်မို့လို့ လွှတ်တော်အနေနဲ့ ဒီ Check and Balance Political Process ကြီးကိုဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်မတင်ပြခဲ့တဲ့ ဒီ Good Governance ကောင်းမွန်တဲ့အစိုးရအတွက်ကောင်းမွန်တဲ့ အုပ်ချုပ်ရေးယန္တရား ပီပြင်စွာရှိမှသာ လုပ်ငန်းဆောင်ရွက်မှု ချောမွေ့မယ်လို့ယူဆပါတယ်။ အဲဒါကြောင့် ကျွန်မလွှတ်တော်အတွင်းမှာ တင်ပြချင်တာကတော့ ကျွန်မရဲ့ ဒီအဆိုကိုမှတ်တမ်းအဖြစ်နဲ့ထားရှိပေးပါ။ ထပ်ပေါ်လာတဲ့ ရေးရာကော်မတီများက Good Governance ရဲ့ Good ဗျူရိုကရေစီယန္တရားကို ဖော်ဆောင်မယ်လို့မျှော်လင့်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့အဆိုကိုပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်က မူလတင်သွင်းထားတဲ့ အဆိုကိုပြန်လည်ရုပ်သိမ်းသွားပါတယ်။ ရုပ်သိမ်းတဲ့အကြောင်းရင်းကတော့ ကျွန်တော်တို့ လွှတ်တော်မှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတုန်းက ကော်မတီ ၄ ခု ဖွဲ့စည်းခဲ့ပါတယ်။ ပထမပုံမှန် ဒုတိယအစည်းအဝေးမှာတော့ ကော်မတီ ၁၉ ခုဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ဒါ့အပြင် လိုအပ်မယ် ဆိုလို့ရှိရင် တည်ဆဲဥပဒေများကို ပြန်လည်လေ့လာသုံးသပ်ဖို့ ဥပဒေပိုင်းဆိုင်ရာ လေ့လာသုံးသပ်ရေး ကော်မရှင်လည်း ခေါင်းစဉ်အနေနဲ့ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဖွဲ့စည်းပြီးဖြစ်တဲ့အတွက် ဒေါ်တင်နွယ်ဦးအနေနဲ့ သူတင်ပြထားတဲ့အဆိုဟာ ဆက်လက်တင်ပြစရာမလိုတော့ဘူး။ ပြန်လည် ရုပ်သိမ်းပါမယ်။ သို့ရာတွင် တင်ပြချက်ကိုလည်း မှတ်တမ်းတင်ထားပါဆိုတဲ့အတွက် ဒီဒေါ်တင်နွယ်ဦး တင်သွင်းတဲ့အဆိုကို မှတ်တမ်းတင်ပြီး ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၂၂ ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းပြီးလွှတ်တော်မှာ ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ဒီနေ့စတင်ဆွေးနွေးပါမယ်။ ဒီလို ဆွေးနွေးရာမှာ ၂၃-၉-၂၀၁၁ ရက်အထိ ကိုယ်စားလှယ်များ ပေးပို့ထားတဲ့ ပြင်ဆင်ချက်များအပေါ် အခြေခံပြီး အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးခြင်း၊ အတည်ပြုခြင်းများ တစ်ပါတည်းဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ ပြင်ဆင်ချက်အဆို တင်ပြထားခြင်းမရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်သို့ သီးခြားအဆို တင်သွင်းခြင်း၊ သဘောတူညီချက်ရယူခြင်း၊ တောင်းခံခြင်းများ မပြုလုပ်တော့ဘဲ အတည်ပြုကြောင်း တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ တစ်ပိုဒ်ချင်းစီအလိုက် ပြင်ဆင်ချက်အဆိုတင်ပြီး ဆွေးနွေးအတည်ပြုနိုင်ရန်အတွက် ကျွန်တော်က အပိုဒ်၊ အပိုဒ်ခွဲအလိုက် အဆိုတင်သွင်းကြေညာတဲ့ အချိန်မှာ ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆို တစ်ခုထက်ပိုပြီး တင်ပြထားရန်ရှိခဲ့ရင်လည်း တစ်ဆက်တည်း သို့မဟုတ်ရင် သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲနေရာအလိုက်သာ တင်ပြရမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီးချိန်မှာ ကျွန်တော်က ပြင်ဆင်ချက်အဆိုကိုကြေညာပြီး သက်ဆိုင်ရာ သဘောထားကိုမေးမြန်းပါမယ်။ ရရှိတဲ့သဘောထားပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ ယခုစတင်ဆောင်ရွက်ပါမယ်။ အခန်း(၁) ခေါင်းစဉ်နှင့် အပိုဒ် ၁၊၂၊ အခန်း(၂) ခေါင်းစဉ်နှင့် အပိုဒ်၃၊၄၊ အခန်း(၃) ခေါင်းစဉ်နှင့် အပိုဒ် ၅၊၆၊၇၊ အခန်း(၄) ခေါင်းစဉ်တို့သည် ပြင်ဆင်ချက်မရှိ တဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၈၊ အပိုဒ်ခွဲ(က)အတွက် ပြင်ဆင်ချက်အဆို တင်သွင်းရန် ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြထားတဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းရဲ့ အပိုဒ် ၈၊ အပိုဒ်ခွဲ(က)ရဲ့ ပထမစာကြောင်းမှာ လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်ကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေးတွင်ဆိုတဲ့ စကားရပ်မှာကျင်းပသော လွှတ်တော်ပုံမှန်ဟူသောစကားရပ်ကိုပယ်ဖျက်ပြီး လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေးတွင်ဟုရေးသားခြင်းက အရေးအသားကျစ်လစ်ပြီး နားလည်သဘောပေါက်လွယ်ကူစေမည်ဟုထင်မြင်ယူဆပါတယ်။ ဒါကြောင့် အပိုဒ် ၈၊ အပိုဒ်ခွဲ(က)ပါ မူလပြဋ္ဌာန်းချက်ကို လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိ၏ ရှေ့မှောက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၄ တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာပြုပြီးလက်မှတ်ရေးထိုးရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း အဆိုကိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါသလား။

**ဦးခင်မောင်ညွှန့်(ပေါက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏အဆိုအား ကျွန်တော်ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညွှန့်ကထောက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုမှာ အပိုဒ် ၈၊ အပိုဒ် (က) မူလပြဋ္ဌာန်းချက်ပါ ပထမပုံမှန်ကျင်းပသော လွှတ်တော်ပုံမှန်ဟူသော စကားရပ်အစား ပထမပုံမှန်ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်ဖြစ်သည်။ ပြင်ဆင်ချက်နဲ့စပ်လျဉ်းပြီး လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဦးခင်မောင်ရွှေတင်သွင်းတဲ့ ပြင်ဆင်ချက်မှာ ပထမပုံမှန်အစည်းအဝေးလို့ သုံးနှုန်းတဲ့ အသုံးအနှုန်းဟာ ပိုပြီးတော့လျော်ကန်သင့်မြတ်တဲ့အတွက်ကြောင့် သဘောတူကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါ့ကြောင့် အပိုဒ် ၈၊ အပိုဒ်ခွဲ(က)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၈၊ အပိုဒ်ခွဲ(ခ)မှ အပိုဒ် ၉၊ အပိုဒ်ခွဲ(ဃ)အထိ ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အပိုဒ် ၉၊ အပိုဒ်ခွဲ(င)အတွက် မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းမှာပါတဲ့ အပိုဒ် ၉၊ အပိုဒ်ခွဲ(င)မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်ထဲက အာဏာပိုင်များဆိုတဲ့စကားရပ်ကို နိုင်ငံ့ဝန်ထမ်းများ ဆိုတဲ့စကားရပ်နဲ့ အစားထိုးပြဋ္ဌာန်းပေးဖို့ ကျွန်တော်အဆိုတင်သွင်းလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အာဏာပိုင်ဆိုတဲ့စကားရပ်ဟာ အာဏာရှင်ဆန်ပါတယ်။ ကျွန်တော်တို့ အခုဒီမိုကရေစီစနစ်ကျင့်သုံး ဖော်ဆောင်မယ်ဆိုတဲ့အခါမှာ မသုံးစွဲသင့်တဲ့စကားရပ်လို့ ယုံကြည်ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီစနစ်မှာ အာဏာကိုပိုင်စိုးတာက ပြည်သူများသာဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၇ မှာက နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအဆင့်အာဏာပိုင်အဖွဲ့ အစည်းသို့မဟုတ် လူပုဂ္ဂိုလ်တို့အကြား တာဝန်နှင့်လုပ်ပိုင်ခွင့် ဆက်စပ်မှုဖော်ပြရာမှာသာ အာဏာပိုင် ဆိုတဲ့စကားရပ်ကို တစ်အုပ်လုံးမှာသုံးစွဲထားတာကို တွေ့ရှိရပါတယ်။ တဖန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ သက်ဆိုင်ရာမဲဆန္ဒနယ်ဟာ မြို့နယ်ကိုသာအခြေခံပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၈ အရ မြို့နယ်အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းကိုသာ တာဝန်ပေးထားပါတယ်။ ပြီးတော့တစ်ခါ ပုဒ်မ ၂၉၁၊ ၂၉၂ မှာ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များဟာ နိုင်ငံ့ဝန်ထမ်းများဆိုတာကိုဖော်ပြထား တာတွေ့ရပါတယ်။ နိုင်ငံ့ဝန်ထမ်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းဆိုတဲ့စကားရပ်ဟာ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ တပ်မတော်၊ ရဲတပ်ဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်းခြင်းဆိုတဲ့ အဓိပ္ပာယ်သက်ရောက်နိုင်ပါ တယ်။ ဒါကြောင့်မို့လို့ အာဏာပိုင်များဆိုတဲ့စကားရပ်အစား နိုင်ငံ့ဝန်ထမ်းများဆိုတဲ့စကားရပ်ဖြင့် အစားထိုးပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါသလား။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်၏ အဆိုကို ကျွန်တော်မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်က ထောက်ခံအပ်ပါသည်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၉၊ အပိုဒ်ခွဲ(င) မူလပြဋ္ဌာန်းချက်ပါ အာဏာပိုင်ဟူသောစကားရပ် နေရာတွင် နိုင်ငံ့ဝန်ထမ်းဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်ဖြစ်ပါတယ်။ ဆက်လက်ပြီး အပိုဒ်ခွဲ (င)အတွက် ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်ကို အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း အခန်း(၄) ခေါင်းစဉ်ငယ်ကတော့တာဝန်၊ အပိုဒ်ခွဲ ၉၊ အပိုဒ်ခွဲငယ်(င)မှာ မူလရေးဆွဲ ပြဋ္ဌာန်းထားတဲ့မဲဆန္ဒနယ်(၂)၊ နယ်မြေ(၂) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်နယ်မြေ အတွင်းရှိအာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းဆိုတဲ့အရာကို ပြင်ဆင်လိုတဲ့အချက်ကတော့ မဲဆန္ဒ နယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်နယ်မြေအတွင်းရှိ အုပ်ချုပ်ရေး အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်ဆိုတဲ့အဆိုကို တင်သွင်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပဲပြောပြော၊ ကျွန်တော်တို့အုပ်ချုပ်ရေး အာဏာသုံးချက်ရှိပါတယ်။ သုံးဖြာရှိပါ တယ်။ အဲဒါကတော့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုတာရှိပါ တယ်။ အုပ်ချုပ်တဲ့နေရာမှာပိုမိုပြီးတော့ သက်ရောက်စေပြီးတော့ အာဏာတွေဥပဒေပြုတဲ့နေရာမှာလည်း အာဏာဆိုတာထည့်ပြီးတော့ ပေးထားတာကတော့မှန်ပါတယ်။ ကျွန်တော်တို့ တစ်ခါတစ်လေကြတော့ လည်းတစ်ဦးချင်းအုပ်ချုပ်ရတဲ့ အုပ်ချုပ်ရေးတွေလည်းရှိသလို တစ်ခါတစ်လေကြတော့လည်းအဖွဲ့ အစည်းနဲ့ အုပ်ချုပ်ရတဲ့ဟာတွေလည်းရှိပါတယ်။ ဥပမာအားဖြင့် ပါတီကောင်စီခေတ်မှာ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့တာ အဆင့်လေးဆင့်နဲ့ ရပ်/ ကျေးအုပ်စု၊ မြို့နယ်အဆင့်၊ တိုင်း/ပြည်နယ်အဆင့်နဲ့ နိုင်ငံတော်အဆင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ အဆင့်ငါးဆင့်နဲ့အုပ်ချုပ်တာတွေ့ရပါတယ်။ အဲဒါကတော့ အခြေခံအဆင့်နဲ့ ရပ်ကွက်၊ ကျေးရွာပြီးလျှင်မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းနှင့်နိုင်ငံတော်အဆင့်ဖြစ်ပါ တယ်။ ယနေ့လည်း အဆင့်ငါးဆင့်နဲ့အုပ်ချုပ်နေတာကိုတွေ့ရပါတယ်။ ယခင်ကအုပ်ချုပ်ခဲ့တဲ့ အဆင့်တွေ

ကိုပြန်ကြည့်မယ်ဆိုလို့ရှိရင် အဖွဲ့အစည်းနဲ့အုပ်ချုပ်တဲ့အပိုင်းတွေ ကျွန်တော်တို့တွေ့ရပါတယ်။ ဒီနေ့ ကျွန်တော်တို့ အုပ်ချုပ်ရေးအသစ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းတဲ့အခါမှာ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအဆင့်တွေကိုတော့ တစ်ယောက်တည်းအုပ်ချုပ်ရတဲ့အခြေအနေ ပြန်ရောက်သွားပါပြီ။ ဒီအုပ်ချုပ်တဲ့နေရာမှာ အာဏာဆိုတဲ့ဟာသည် တကယ်တမ်းအဖွဲ့အစည်းနဲ့ အုပ်ချုပ်တဲ့နေရာမှာတော့ ဒါအကြံဉာဏ်ပေးပြီးတော့ အုပ်ချုပ်ကြတဲ့အတွက်ကြောင့်မို့လို့ အသုံးတည့်ပါလိမ့်မယ်။ သို့သော်လည်း တစ်ယောက်တည်းအုပ်ချုပ်ရတဲ့အခါကြလို့ရှိရင် အာဏာဟာတစ်ခါတစ်လေကြတော့ လွဲမှားသွားတတ်ပါတယ်။ ဥပမာအားဖြင့် အောက်ခြေမှာ အများဆုံးပြဿနာအဖြစ်ဆုံးတွေ့နေရတာကတော့ ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေဖြစ်ပါတယ်။ မြို့နယ်အဆင့်နဲ့ ခရိုင်အဆင့်အနေနဲ့ကတော့ ဒါနိုင်ငံ့ဝန်ထမ်းတွေလည်းဖြစ်တယ်။ စာပေပညာတတ်တဲ့သူတွေလည်းဖြစ်သလို လေ့လာဆင်ခြင်တုံတရားရှိတဲ့အတွက်ကြောင့်မို့လို့ သူတို့အနေနဲ့ကတော့ ဒီလောက်အခက်အခဲမရှိဘူးခင်ဗျား။ ရပ်ကျေးတွေမှာတော့ အများဆုံးဒီအုပ်ချုပ်ရေးအာဏာဆိုတဲ့ဟာကို တချို့နေရာမှာ အလွဲသုံးစားမှုတွေအများကြီးတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဒီအာဏာပိုင်များဆိုတဲ့အစား အုပ်ချုပ်ရေးဆိုတာသည် ပိုမိုလျော်ကန်သင့်မြတ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့တော့ အာဏာပိုင်များရဲ့အစား အုပ်ချုပ်ရေးအဖွဲ့လို့ သုံးစွဲခြင်းသည် ကျွန်တော်တို့ယနေ့ ပြည်ထဲရေးအနေနဲ့လည်း ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး စသည်အားဖြင့် ဒီလိုသုံးစွဲထားတဲ့အတွက်ကြောင့်မို့ တစ်ဖက်ကလည်းသူ့ဌာနဆိုင်ရာက ပြဋ္ဌာန်းထားတာ ကျွန်တော်တို့အတည်ပြုခဲ့တဲ့မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဆိုတဲ့ အသုံးအနှုန်းတွေလည်း ထင်ဟပ်အောင် ကျွန်တော့်အနေနဲ့တော့ အာဏာပိုင်များအစားအုပ်ချုပ်ရေးအဖွဲ့လို့ အစားထိုးပြင်ဆင်သင့်ပါကြောင်းအဆိုအား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ်သူရှိပါသလား။

**ဦးခင်မောင်ရွှေ(ခင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးခင်မောင်ရွှေကခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းရဲ့ ပြင်ဆင်ရန်တင်ပြချက်ကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၉၊ အပိုဒ်ခွဲ (င) မူလပြဋ္ဌာန်းချက်ပါ အာဏာပိုင်ဟူသောစကားရပ် အစားအုပ်ချုပ်ရေးအဖွဲ့ဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်ဖြစ်သည်။ ဆက်လက်ပြီး ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်က အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်အပိုဒ် ၉ (င) မှာပါတဲ့ သက်ဆိုင်ရာလွှတ်တော်နယ်မြေအတွင်းရှိ အာဏာပိုင်များဆိုတဲ့ စကားရပ်နဲ့ ပတ်သက်လို့ ရှေ့ကကိုယ်စားလှယ်တော်ကြီးတွေကတော့ အပေါ်ဝေါဟာရဖြစ်တဲ့ လွှတ်တော်နယ်မြေဆိုတဲ့အပိုင်းကိုမပြုပြင်ဘဲ နောက်ကအာဏာပိုင်များဆိုတဲ့ စကားလုံးကိုပဲ ပြုပြင်သွားပါတယ်။ ကျွန်တော်ကတော့ အဲဒီနေရာမှာ ရှေ့ကလွှတ်တော်နယ်မြေဆိုတဲ့ ဝေါဟာရကိုပဲ နည်းနည်းစဥ်းစားပြီးတော့ မဲဆန္ဒနယ်မြေလို့ဖွင့်ဆိုထားပါတယ်။ အစားထိုးထားပါတယ်။ ဆိုလိုတာက အဲဒီသက်ဆိုင်ရာမဲဆန္ဒနယ်မြေအဖွဲ့အစည်း လွှတ်တော်နယ်မြေအတွင်းမှာရှိတဲ့ အာဏာပိုင်များဆိုတဲ့စကားရပ်ကို ကျွန်တော်စဥ်းစားကြည့်တာကတော့ လွှတ်တော်နယ်မြေဆိုတာ လွှတ်တော်ရဲ့ပရဝဏ်ကိုပြောတယ်လို့နားလည်ပါတယ်။ ဒီတော့ လွှတ်တော်နယ်မြေအတွင်းမှာရှိတဲ့ အာဏာပိုင်များဆိုတာက လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌကအစ ပေ့ါလေ လုံခြုံရေးဝန်ထမ်းတွေအဆုံး အဲဒီလိုပဲ ကျွန်တော်စဥ်းစားလို့ရပါတယ်။ အဲဒါနဲ့ပဲ အဲဒီစကားရပ်ဟာမသင့်တော်ဘူးလို့ကျွန်တော်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့လွှတ်တော်ထဲမှာလည်းပဲ လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် လွှတ်တော်အစည်းအဝေးတွေအထိ တင်ပြလို့ရနေပြီဖြစ်ပါတယ်။ ဒီအခွင့်အရေး၊ ဒီလမ်းကြောင်းကရှိနေပြီသားကိစ္စဖြစ်လို့ ကျွန်တော်အဲဒီ လွှတ်တော်နယ်မြေဆိုတဲ့စကားကို ကျွန်တော်ကပြုပြင်မယ်လို့အဆိုတင်သွင်းခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီသက်ဆိုင်ရာမဲဆန္ဒနယ်မြေဆိုရင်တော့ နောက်ကပါလာတဲ့အာဏာပိုင်များဆိုတဲ့ စကားရပ်နဲ့ပတ်သက်ပြီးတော့ လိုက်လျောညီထွေဖြစ်သွားမယ်။ အကြောင်းအရာသစ်၊ ပြဋ္ဌာန်းချက်အသစ် တစ်ခုလည်းဖြစ်လာမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က သက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွင်းဆိုတဲ့စကားရပ်ကို အစားထိုးတင်ပြခြင်းဖြစ်ပါတယ်။ ဒီအာဏာပိုင်ဆိုတဲ့ စကားရပ်နဲ့ ဝေါဟာရနဲ့ပတ်သက်လို့တော့ ကျွန်တော်အမိပ္ပါယ်မဖွင့်လို့ပါဘူး။ နောက်တစ်ခုက မူလပြဋ္ဌာန်းချက်မှာပါတဲ့ ပေါင်းစပ်ညှိနှိုင်းပေးခြင်းဆိုတဲ့စကားရပ်ကို ပိုပြီးတော့အမိပ္ပါယ်ရှိလာအောင်၊ လက်တွေ့ကျအောင်၊ အကောင်အထည်ပေါ်လာအောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး

ခြင်းဆိုပြီးတော့ ဆောင်ရွက်ဆိုတဲ့စကားလုံးကို ထပ်ဆင့်ဖြည့်ဆည်းပေးလိုပါတယ်။ ပေါင်းစပ်ညှိနှိုင်းပေးရုံနဲ့မပြီးဘဲ တစ်ခုခုကိုဆောင်ရွက်ပေးရမယ်။ ပေးဖို့လိုအပ်တယ်လို့ယူဆပါတယ်။ ထင်မြင်ပါတယ်။ ဥပဒေဆိုတာ တိတိကျကျပြည့်စုံမှုမရှိရင် ဝိဝါဒတွေကွဲပြားနိုင်ပြီးတော့ မလိုတစ်မျိုး၊ လိုတစ်မျိုး အဓိပ္ပါယ်တွေဖွင့်နိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသအာဏာပိုင်တွေ၊ ဝန်ထမ်းတွေဟာ လွှတ်တော်ကိုယ်စားလှယ်တွေကို နိုင်ငံရေးပါတီတွေအမြင်မျိုးနဲ့ ပူးပေါင်းဆောင်ရွက်ရမှာကို စိုးရိမ်ကြောင့်ကျမှုတွေ၊ မလိုလားမှုတွေရှိကြပါတယ်။ ဒါကြောင့်သူတို့ကိုလည်း ဒါဟာ ဥပဒေကခွင့်ပြုပြီးသားဖြစ်လို့ ပြောလို့ရတယ်။ ဘာမှပြဿနာမရှိဘူးဆိုတာကို ယုံကြည်စေချင်တဲ့သဘောနဲ့ ကျွန်တော်အစားထိုးတာပဲဖြစ်ပါတယ်။ ဒေသအာဏာပိုင်တွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေအနေနဲ့ ဒီလိုဥပဒေက တိတိကျကျခိုင်ခိုင်မာမာ ပြဋ္ဌာန်းပေးထားပါမှ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းလက်တွဲလုပ်ကြမှာဖြစ်ပြီးတော့ ပြဿနာအချို့ကိုလည်းအောက်ခြေမှာတင် ကျွန်တော်တို့ဖြေရှင်းပြီးသား ဖြစ်သွားမယ်လို့ယုံကြည်ပါတယ်။ ပြည်သူတွေကအာဏာပိုင်တွေဖိနှိပ်တဲ့အကြောင်း၊ ဌာနဆိုင်ရာတွေ မတရားလုပ်တဲ့အကြောင်းကို တင်ပြလာတဲ့အခါမှာကျွန်တော်တို့ကလည်း ဌာနဆိုင်ရာတွေကို အကျိုးအကြောင်းမေးမြန်းခွင့်ရပြီးတော့ ဆွေးနွေးခွင့်ရမယ်ဆိုရင်နှစ်ဖက်အသံကို နားထောင်ပြီးတော့ ပြန်လည်ဖြေရှင်းဖို့လွယ်ပါတယ်။ အမြင်မကြည်လင်မှုတွေလည်းလျော့ပါးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကို တင်ပြတဲ့အခါမှာလည်း ဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ဆွေးနွေးခွင့်ရတဲ့အတွက် အချက်အလက်ပြည့်ပြည့်စုံစုံနဲ့ ကျွန်တော်တို့ တင်ပြလို့ရနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုရလာဒ်ကောင်းတွေဖြစ်ပေါ်လာအောင်ဆိုရင် ပေါင်းစပ်ညှိနှိုင်းရုံတင်မကဘဲ ဆောင်ရွက်ပေးဖို့ပါလိုတယ်လို့ ကျွန်တော့်အနေနဲ့ယူဆတာကြောင့် ဒီဆောင်ရွက်ဆိုတဲ့စကားလုံးကိုပါ နောက်ထပ်ဖြည့်ဆည်းပေးဖို့အဆိုအဖြစ် အခုလွှတ်တော်ကို တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းအဆိုပြုတင်ပြသွားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းအမှတ်စဥ် ၄ ၊ အပိုဒ် ၉ ၊အပိုဒ်ခွဲ (င) ပါပြင်ဆင်ရန်အချက်ကို ကျွန်တော်ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာမှ ထောက်ခံပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၉ (င)နဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ပြင်ဆင်ရန်အချက်များနဲ့ တင်ပြဆွေးနွေးသွားပါတယ်။ ဆွေးနွေးချက်တွေကိုကြည့်လိုက်တဲ့အခါမှာ ဦးစိုင်းဘိုးအောင်နဲ့ ဦးလှထွန်းတို့က နိုင်ငံ့ဝန်ထမ်းနဲ့ အုပ်ချုပ်ရေးဆိုတဲ့ဟာကို အာဏာပိုင်ဆိုတဲ့အစား ပြင်ဆင်ဖို့အဆိုဖြစ်ပြီးတော့ နောက်ဆုံးတင်ပြတဲ့ ဦးဖေသန်းဟာ ဒီကိစ္စကို မစဉ်းစားဘဲနဲ့ ပိုမိုအဓိပ္ပါယ်သက်ရောက်ကျစ်လစ်စေတဲ့ လွှတ်တော်နယ်မြေနေရာမှာ မဲဆန္ဒနယ်မြေ၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနေရာမှာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဆိုတဲ့ဟာကို တစ်မူထူးခြားပြီးတော့တင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ပထမဦးစွာ နောက်ဆုံး၌တင်ပြတဲ့ ဦးဖေသန်းရဲ့အဆိုပြင်ဆင်ချက်နဲ့ပတ်သက်ပြီးတော့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားကိုပြောပေးပါ။ ကျွန်တော်ထပ်ပြီးတော့ သဲကွဲအောင်ပြောပါ့မယ်။ ဦးဖေသန်းတင်ပြတဲ့ ပြင်ဆင်ရန်အချက်ပေါ်ကို လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ သဘောထားကိုသိလိုပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပုံမဲဆန္ဒနယ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖေသန်းတင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုဟာ လွှတ်တော်နယ်မြေအစား မဲဆန္ဒနယ်မြေလို့ပြင်တာဟာ ပိုပြီးတော့လျော်ကန်သင့်မြတ်ပြီးတော့၊ ပေါင်းစပ်ညှိနှိုင်းမှာလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လို့ ပြင်ဆင်တာဟာလည်းပဲ ပိုပြီးတော့ လျော်ကန်သင့်မြတ်တဲ့အတွက် ကျွန်တော့်အနေနဲ့ သဘောတူကြောင်းတင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ဦးဖေသန်းတင် တင်ပြတဲ့ပြင်ဆင်ချက်အဆိုဟာ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု ဦးစိုင်းဘိုးအောင်တင်ပြတဲ့ ပြင်ဆင်ရန်အချက်နဲ့ ဦးလှထွန်းတင်ပြတဲ့ ပြင်ဆင်ရန်အချက်၊ တိတိကျကျပြောမယ်ဆိုရင် အာဏာပိုင်များနေရာမှာ ဦးစိုင်းဘိုးအောင်ကနိုင်ငံ့ဝန်ထမ်းများလို့ပြင်ဆင်လိုတယ်။ ဦးလှထွန်းကတော့ အုပ်ချုပ်ရေးအဖွဲ့များအဖြစ်ပြင်ဆင်လိုတယ်။ ဒီပေါ်မူတည်ပြီးတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုမဆောင်ရွက်မီ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားကိုသိလိုပါ တယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူလပြဋ္ဌာန်းချက်မှာ အာဏာပိုင်များလို့သုံးစွဲထားခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၇ မှာ အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးဆိုတဲ့စကားလုံး

လည်းပဲ သုံးထားပါတယ်။ အာဏာပိုင်အဖွဲ့အစည်းဆိုတာလည်းသုံးထားပါတယ်။ အဲဒီတော့ အာဏာပိုင်အဖွဲ့အစည်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီညွတ်ပြီးတော့ ကျွန်တော့်အနေနဲ့ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိဖို့တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူပါ့မယ်။ ပြင်ဆင်ရန်တင်ပြထားတဲ့ ဦးစိုင်းဘိုးအောင်ရဲ့အဆို ပြင်ဆင်ချက် အာဏာပိုင်များအစား နိုင်ငံ့ဝန်ထမ်းများဟု ပြင်ဆင်ပြောင်းလဲမှု အဆိုကိုထောက်ခံတဲ့လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ၂၇ ယောက်။ ထိုင်နိုင်ပါပြီခင်ဗျား။ ကြားနေမယ့်သူများမတ်တတ်ရပ်ပေးပါ။ ၃ ယောက်ဖြစ်ပါတယ်။ ကျန်တဲ့သူများ ကန့်ကွက်ဖြစ်ပါတယ်။ ဆက်လက်ပြီး ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်ရဲ့ပြင်ဆင်ချက်အဆိုကို ထောက်ခံသူများ မတ်တတ်ရပ်ပေးပါ။ ၁၇ ယောက်။ ထိုင်နိုင်ပါပြီခင်ဗျား။ ကြားနေမယ့်ကိုယ်စားလှယ်များမတ်တတ်ရပ်ပေးပါ။ ၂ ယောက်ရှိပါတယ်။ ကျန်တဲ့သူတွေက ကန့်ကွက်ဖြစ်ပါတယ် ဒါကြောင့်မို့လို့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ မူလအတိုင်းကို ထောက်ခံမယ့်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ကဲထိုင်နိုင်ပါပြီခင်ဗျား။ ဒါကြောင့်မို့လို့အဖြေကတော့ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သို့ရာတွင် ကိန်းဂဏန်းအရေအတွက်ဖော်ပြဖို့လိုတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီရဲ့အဆိုပြုချက်ကို ကန့်ကွက်မယ့်သူများမတ်တတ်ရပ်ပေးပါ။ မရှိပါဘူး။ ကြားနေမယ့်သူများမတ်တတ်ရပ်ပေးပါ။ ၂ယောက်ရှိပါတယ်။ ဒီစာရင်းမှတ်ထားပြီးတော့ သီခြားထပ်မံကြေညာဖို့ဖြစ်ပါတယ်။ ဇယားစာမျက်နှာ ၂၊ အမှတ်စဉ် ၅၊ အပိုဒ် ၉ (စ)နဲ့ပတ်သက်ပြီး ဦးဖေသန်းကအဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ အခုမူလပြဋ္ဌာန်းချက် အပိုဒ် ၉ (စ)မှာ မဲဆန္ဒရှင်များအား အတွေ့အကြုံပြန်လည်ရှင်းလင်းတင်ပြခြင်းဆိုတဲ့စကားရပ်မှာ ကျွန်တော်က မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်းဆိုတဲ့ လွှတ်တော်ဆိုတဲ့စကားရပ်ကို အစားထိုးလိုတာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာလွှတ်တော်အတွေ့အကြုံကိုပဲရှင်းပြရမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ဆိုတဲ့အထူးပြုပုဒ်ကိုလ်

တပ်ပြီးတော့ လွှတ်တော်အတွေ့အကြုံဆိုပြီးတော့ အစားထိုးခြင်းဖြစ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ထောက်ခံမယ့် ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းအဆိုပြုတဲ့အဆိုပြုချက်ကို ကျွန်တော် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်အခွင့်အရေးကော်မတီက ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ပြင်ဆင်ရန်တင်သွင်းတဲ့၊ ဖြည့်စွက်တဲ့အတွေ့အကြုံနေရာမှာ လွှတ်တော်အတွေ့အကြုံပြန်လည်ရှင်းလင်းတင်ပြခြင်းဆိုတဲ့ ဖြည့်စွက်ချက်ဟာလျော်ကန်သင့်မြတ်တဲ့အတွက်ကြောင့် သဘောတူကြောင်းတင်ပြပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် အပိုဒ် ၉ ၊အပိုဒ်ခွဲ (စ) ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမှတ်စဉ် ၆၊ အပိုဒ် ၁၂ (စ) မူရင်းပြဋ္ဌာန်းချက်မရှိပါဘူး။ မြေပုံမဲဆန္ဒနယ်၊ ဦးဖေသန်းကပဲ အဆိုပြုတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ယခု အပိုဒ် ၁၂ (စ)အောက်မှာရှိတဲ့ အပိုဒ် ၁၂ (ဆ)ဆိုပြီးတော့ အသစ်ထပ်မံပြီးတော့ အဆိုတစ်ရပ်ကို ဖြည့်စွက်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီဥပဒေပြဋ္ဌာန်းချက်အပိုဒ် အပိုဒ် ၁၂ (စ)မှာ မိမိမဲဆန္ဒနယ်အတွင်းရှိ မဲဆန္ဒရှင်များနှင့်တွေ့ဆုံရာတွင် နေရာထိုင်ခင်း၊ လုံခြုံရေးနှင့်အခြားကိစ္စရပ်များကိုသက်ဆိုင်ရာအုပ်ချုပ်ရေးမှူး အဖွဲ့အစည်းများထံမှ ရယူခွင့်ရှိခြင်းဆိုတဲ့ စကားရပ်ကို ကျွန်တော့်အနေနဲ့ အဲဒီစကားရပ်နဲ့ပတ်သက်ပြီးတော့ လိုအပ်ရယူခြင်းဆိုတဲ့ ဒီဖော်ပြချက်အပေါ်မှာ မဲဆန္ဒရှင်များနှင့်တွေ့ဆုံရာမှာအခက်အခဲတွေ ချောမွေ့အောင်အထောက်အကူပြုသင့်သလောက်ပြုပေမယ့် ပြည့်စုံမှုမရှိတဲ့အတွက်နဲ့ ကျွန်တော့်အနေနဲ့အဆိုသစ်ကို အပိုဒ် ၁၂ (ဆ)ဆိုပြီးတော့ ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်နဲ့ပြည်သူကြားမှာ အပြန်အလှန်အဆက်အသွယ်ရှိအောင်

ပေါင်းကူးပေးရတဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဤဥပဒေအပိုဒ် ၉ ၊ အပိုဒ်ခွဲ(င)နဲ့(စ)မှာလည်း လွှတ်တော် အတွေ့အကြုံကို မဲဆန္ဒရှင်များကို ပြန်လည်ရှင်းပြဖို့နဲ့ မဲဆန္ဒရှင်တွေရဲ့ တင်ပြချက်တွေကို လွှတ်တော်သို့ ပြန်လည်တင်ပြဖို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ တာဝန်ရှိတယ်လို့ဖော်ပြထားပါတယ်။ ဒီတော့ကာ ဒီတာဝန်ဟာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မလုပ်မဖြစ်လုပ်ကိုလုပ်ရမယ့် တာဝန်တစ်ရပ်ဖြစ်နေပါ တယ်။ ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ မဲဆန္ဒရှင်များနဲ့ ထိတွေ့ဖို့သွားတဲ့အခါမှာ ဘယ်လို ငွေကုန်ကြေးကျရှိတယ်။ ဘယ်လိုအခက်အခဲရှိတယ်ဆိုတာကို အနည်းငယ်တင်ပြလိုပါတယ်။ နံပါတ်(၁) အချက်က လိုအပ်တဲ့စာရွက်စာတမ်းတွေကို ရိုက်နှိပ်ဖြန့်ဝေရပါတယ်။ ဒီနေရာမှာ လွှတ်တော်အစည်း အဝေးမှတ်တမ်းတွေကို လွှတ်တော်က လွှတ်တော်ကိုယ်စားလှယ်တွေကို မဖြန့်ပေးနိုင်တာကလည်း တစ်ကြောင်း၊ တစ်ချက်ပါတယ်လို့ထင်ပါတယ်။ လွှတ်တော်မှတ်တမ်းစာအုပ်လေးတွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက လက်ကိုင်အဖြစ်ထားနိုင်ဖို့ဆိုရင် အဲဒီလိုလုပ်နိုင်မှ ပိုပြီးတော့လုပ်ရတာ အဆင်ပြေပြီးတော့ လွယ်ကူပါတယ်။ အခုတော့ ပြီးခဲ့တဲ့လွှတ်တော်ကဆိုလို့ရှိရင် ကျွန်တော့်မှာ နှစ်လစာ လောက်ရှိတဲ့သတင်းစာထပ်ကြီးကိုလိပ်ပြီးတော့ သယ်ပြီးတော့ မဲဆန္ဒနယ်တွေကြားမှာမေးတဲ့အခါမှာ ဟိုလှန်ဒီလှန် ဟိုရှာဒီရှာလုပ်ရတာ တကယ့်ကိုအဆင်မပြေပါဘူးခင်ဗျား။ အဲဒီအဓိက မေးလာနိုင်တဲ့ မေးခွန်းတွေကို ကျွန်တော်တို့က နှုတ်ဖြင့်ဖြေရုံနဲ့ မလုံလောက်ဘဲနဲ့ တိကျသေချာအောင် သတင်းစာတွေ ကိုမိတ္တူဆွဲပြီးတော့ ဖြန့်ဝေကြရပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ ဒီလွှတ်တော်အစည်းအဝေးမှတ်တမ်း တွေကိုအချိန်ရတဲ့အခါမှာ ထုတ်ဝေဖြန့်ဖြူးပေးပါဆိုပြီးတော့ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌကြီးဆီကို အကြံ ပြုတင်ပြထားတာရှိပါတယ်။ နံပါတ်(၂)အချက်က သွားရေးလာရေးယာဉ်ငှားခစရိတ်စကတွေဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာဆိုရင် နယ်တွေကိုသွားတဲ့အခါမှာ ကားလမ်းမရှိတဲ့အတွက် စက်လှေတွေကို စင်းလုံးငှား ဒါမှမဟုတ် နေ့ချင်းငှား ဒါမှမဟုတ် ခေါက်ကျငှားပြီးတော့ သွားရပါတယ်။ တစ်ရွာနဲ့ တစ်ရွာကို သွားမယ်ဆိုရင် ငွေသောင်းချီလို့ကုန်ပါတယ်ခင်ဗျား။ နံပါတ် (၃) အချက်က တည်းခိုစားသောက်နေထိုင် ရေးဖြစ်ပါတယ်။ နယ်မှာပါတီဝင်တွေရှိပေမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အဖို့ တည်းခို စားသောက်နေထိုင်ရာမှာ အများပြည်သူအမြင်ရှင်းဖို့အတွက် တတ်နိုင်သမျှ တစ်သီးတစ်ခြားနေထိုင် ပြောဆိုကြရပါတယ်။ ဒါကြောင့် ကုန်ကျစရိတ်တွေ အလွန်များပါတယ်။ နံပါတ် (၄)အချက်က ရှင်းလင်းပွဲ ကိုအောင်မြင်စွာကျင်းပပြုလုပ်နိုင်ဖို့အတွက် ဆော်ဩဖို့၊ စည်းရုံးဖို့၊ အသံချဲ့ စက်ငှားရမ်းဖို့၊ လိုအပ်ရင်

ဟောပြောဖို့ နေရာထိုင်ခုံတွေက ဒါတွေကအစငှားရမ်းရပါတယ်။ ကျွန်တော်ဆိုရင် နေရာ၊ ထိုင်ခုံ၊ အသံချဲ့စက် အကုန်လုံးအဆင်ပြေမယ့် ဗွီဒီယိုရုံတွေကို ငှားရမ်းခဲ့ပါတယ်။ ပိုင်ရှင်တွေက သူတို့ရဲ့ပွဲစဉ်တွေကိုဖျက်ပြီး ငှားရမ်းကြတာမို့လို့ ငှားရမ်းခ ၈၀၀၀၊ ၁၀၀၀၀ ပေးရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်း ထွက်လာတော့မှာဖြစ်လို့ အနည်းငယ်အဆင်ပြေလာနိုင်စရာရှိပေမယ့် ဒီစရိတ်စကတွေကို ကျခံပေးမယ်ဆိုတဲ့ ပြဋ္ဌာန်းချက် မပါလာပါဘူး။ ပထမပုံမှန်အစည်းအဝေး အတွေ့အကြုံရှင်းလင်းဖို့ ကျွန်တော် ရွာ ၁၂ ရွာကို သွားရောက်ခဲ့ပါတယ်။ စုစုပေါင်း ၁၈၀၀၀၀ ကျော်လောက်ကုန်ပါတယ်။ ဒါတောင်မှ ပြည်သူတွေကစေတနာနဲ့ကျွေးမွေးတာမပါသေးပါဘူး။ တစ်မြို့နယ်လုံးမှာရှိတဲ့ ရွာပေါင်း ၁၀၀ ကျော်လောက်ကိုသာ အဲဒီလိုသွားရမယ်ဆိုရင်တော့ ဘယ်လိုမှဖြစ်နိုင်မယ်မထင်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့လည်း အဖြစ်သဘောဘောလောက်ပဲ လုပ်လာကြလိမ့်မယ်လို့ထင်ပါတယ်။ ဒါကြောင့် ဒီလိုအခက်အခဲတွေနည်းနိုင်သမျှနည်းအောင် စရိတ်စကကုန်ကျမှု နည်းနိုင်သမျှနည်းအောင် နိုင်ငံတော်ကလည်း ဒီကိစ္စအတွက်ဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင် အားလုံးကိုချင့်ချိန်တွက်ဆပြီးတော့ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲများပြုလုပ်ရာမှာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ သတ်မှတ်ထားသော ကူညီထောက်ပံ့ငွေကို ရယူခွင့်ရှိခြင်းဆိုတဲ့ အဆိုသစ်ကို ကျွန်တော်တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ် ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့အဆိုကို ကျွန်တော် ပုဏ္ဏားကျွန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်ကပဲ ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အပိုဒ် ၁၂(စ)မှာလည်း (ဆ)အဖြစ်ပေါ့လေ။ ဦးအောင်သိန်း၊ ရွာငံ လွှတ်တော်ကိုယ်စားလှယ်က တင်ပြထားတာရှိပါတယ်။ ဒါပေမယ့်လို့ ဒီတင်ပြချက်ကို ဖတ်ကြည့်တဲ့အခါမှာ ဦးဖေသန်းတင်ပြချက်နဲ့ မတူဘူးလို့ဘဲဒီလိုတွေ့ပါတယ်။ ဒါမှန်တယ်ဆိုလို့ရှိရင်တော့ ဦးအောင်သိန်းအဆိုတင်သွင်းမှုကို ခဏရပ်ပြီးတော့ ခုန ဦးဖေသန်းတင်တဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ဆက်ပြီးလုပ်ချင်ပါတယ်။

ဒါကြောင့် ကျွန်တော်ပြောတဲ့မေးခွန်းကို ဦးအောင်သိန်းအနေနဲ့ ဘယ်လိုနားလည်ပြီးတော့ ခုန ကျွန်တော်ပြောတာကိုဆက်ပြီးတော့ လုပ်ဖို့ကိစ္စ ဦးအောင်သိန်းဘက်က ဘာများပြောစရာရှိပါသလဲ။

**ဦးအောင်သိန်း(ရှောင်မဲဆန္ဒနယ်)။** ။ အဓိပ္ပါယ်အနှစ်သာရခြင်းက တစ်မျိုးစီဖြစ်တဲ့အတွက် ကျွန်တော်သီးခြားစီ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါဖြင့် ခဏစောင့်။ ကဲ ဒါကြောင့် ဦးဖေသန်းရဲ့ပြင်ဆင်ချက်အဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖေသန်းတင်ပြတဲ့ ပြင်ဆင်ရန်အချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဆွေးနွေးလိုပါတယ်။ ဥပဒေရေးတဲ့အခါမှာရေးထုံးအရ နည်းဥပဒေတွေကိုပြန်ပြီးတော့ ကြိုတင်ကိုးကားရတဲ့ထုံးမရှိပါဘူး။ ဒီတစ်ချက် ကျွန်တော်ဒီမှာ ထောက်ပြချင်ပါတယ်။ နောက် ဒုတိယအချက်ကတော့ ဒီသတ်မှတ်ထားတဲ့ ကူညီငွေ၊ ထောက်ပံ့ငွေကို ရယူခွင့်ရှိခြင်းဆိုတာက လွှတ်တော်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး မိမိတို့မဲဆန္ဒနယ်မြေအသီးသီးကို ကွင်းဆင်းတဲ့အခါမှာ ထောက်ပံ့ငွေတွေပေးရမယ်ဆိုရင် လွှတ်တော်ရဲ့ရန်ပုံငွေ၊ လွှတ်တော်ရဲ့ဘတ်ဂျက်ဟာ အတော်ပဲကြီးထွားသွားမယ်လို့ထင်ပါတယ်။ လတ်တလောအနေနဲ့ အခြားအခွင့်အရေးတွေရအောင်တော့ ဒီ(စ)မှာ ကျွန်တော်တို့ထည့်ပေးထားပြီးဖြစ်တဲ့အတွက်ကြောင့် ဒီအကူအညီထောက်ပံ့ငွေရယူခွင့်ရှိတဲ့ ကိစ္စကိုတော့ အခုလောလောဆယ်အခြေအနေမှာ ထည့်သွင်းရန်မသင့်သေးကြောင်း ကျွန်တော့်အနေနဲ့ သဘောထားတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြင်ဆင်ချက်အဆိုကို ဦးဖေသန်းက လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲများပြုလုပ်ရာ၌ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ထားသော ကူညီထောက်ပံ့ငွေကိုရယူခွင့်ရှိခြင်းဆိုတာနဲ့ပတ်သက်ပြီးတော့ အခုအခွင့်အရေးကော်မတီအနေနဲ့လည်း ရှင်းလင်းသွားပါပြီ။ ဒါကြောင့် ဦးဖေသန်းရဲ့ သဘောထားလည်းသိချင်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ကျွန်တော်ကတော့ အခုတင်ပြတဲ့အထဲမှာ ကျွန်တော်တို့ပြည်သူနဲ့မဲဆန္ဒရှင်တွေနဲ့ ထိတွေ့ဖို့ကိစ္စဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် တကယ့်ကိုအရေးကြီးတဲ့ကိစ္စရပ်လည်းဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းကပဲ နိုင်ငံတော်အတွက်လည်း အများကြီး

အကျိုးပြုနိုင်မယ်လို့ ယူဆပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဒီရှင်းလင်းပွဲတွေကိုလုပ်ဖို့အတွက်ဆိုရင် ကျွန်တော်ခုနက တင်ပြခဲ့တဲ့ စရိတ်တွေဟာ အမှန်တကယ်ကုန်ကျပါတယ်။ အဲဒီလိုပဲ စရိတ်ကုန်ခံပြီးတော့ ဘယ်လွှတ်တော်ကိုယ်စားလှယ်မှ အိတ်စိုက်ပြီးတော့သွားနိုင်မယ်လို့ ကျွန်တော်မထင်ပါဘူး။ အဲဒီလိုပဲ ဒီအဆိုတင်ပြချက်ကိုသာ လက်မခံဘူးဆိုရင်တော့ ဒါလွှတ်တော်ကိုယ်စားလှယ်တွေကို မင်းတို့ထိုင်နေကြလို့ပြောတာနဲ့အတူတူပဲဖြစ်ပါလိမ့်မယ်။ ကျွန်တော်ကတော့ အဲဒီလိုပဲ ရိုးရိုးရှင်းရှင်းနားလည်ပါတယ် ခင်ဗျား။ ဘဏ္ဍာငွေအနေနဲ့ အခက်အခဲရှိမယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ အဲဒါနဲ့ပဲ ကျွန်တော် ဒီနေရာမှာ စရိတ်စကဘာညာတစ်ခုမှ မတင်ပြဘဲနဲ့ ကူညီထောက်ပံ့ငွေဆိုတဲ့ စကားလုံးကိုပဲ လျှော့လျှော့ ပေါ့ပေါ့တင်ပြထားတာဖြစ်ပါတယ်။ အဲဒီနည်းဥပဒေတွေနဲ့ သတ်မှတ်နိုင်အောင်လည်းပဲ နည်းဥပဒေဆိုတဲ့ စကားရပ်ကို သက်ဆိုင်ရာက လိုရင်လိုသလိုဆွဲယူပြီးတော့ ပြုပြင်နိုင်ဖို့အတွက် အဲဒီစကားလုံးကိုသုံးထားခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒီမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတွေလည်း အကုန်လုံးနယ်ကို ဆင်းရမယ့်ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အဲဒါကြောင့် ဒီအဆိုပြုချက်ကို ကိုယ်စားလှယ်ကြီးတွေရဲ့ ဆန္ဒအတိုင်းပဲ ကျွန်တော်ခံယူချင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ကဲ ဒါကြောင့် ဦးဖေသန်းရဲ့ ပြင်ဆင်ချက်၊ ပြင်ဆင်ရန်အဆို၊ ဖြည့်စွက်ရန်အဆိုကို ထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ၃၅ ယောက်။ ကြားနေမယ့်ပုဂ္ဂိုလ်များ မတ်တတ်ရပ်ပေးပါ။ ၇ ယောက်။ ကဲဒါကြောင့်မို့လို့ ကျန်တဲ့သူတွေက ကန့်ကွက်ပေါ့နော်။ ဒီတစ်ခါ ပြောင်းပြန်ပေါ့။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အဆိုကိုထောက်ခံတဲ့ကိုယ်စားလှယ်များ မတ်တတ် ရပ်ပေးပါ။ ကဲရပါပြီ။ မြင်တဲ့အတိုင်းပဲထိုင်ပါ။ ကန့်ကွက်မယ့်ကိုယ်စားလှယ်များမတ်တတ်ရပ်ပေးပါ။ မရှိဘူး။ ကြားနေကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ၅ ယောက်။ ကောင်းပါပြီ။ ကဲဒါကြောင့်မို့လို့ ဦးဖေသန်းရဲ့ ခုနကအဆိုနှစ်ခုမှာတော့ ဦးဖေသန်းကို အများကြီးထောက်ခံသွားတယ်။ အခုတစ်ခါကျ တော့လွှတ်တော်ရဲ့ဂုဏ်သိက္ခာကိုလည်း ငဲ့တယ်ထင်ပါတယ်။ ဒါကြောင့်မို့လို့ ထောက်ခံတဲ့သူနည်းတဲ့ အတွက် ဦးဖေသန်းရဲ့အဆိုရှုံးနိမ့်ပြီးတော့ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဆက်လက်ပြီး ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းအား ပြင်ဆင်ရန်အဆိုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်း အခန်း(၄) ရပိုင်ခွင့်နှင့်အခွင့်အရေးများ အပိုဒ် ၁၂ ၊ အပိုဒ်ခွဲ (ဆ) အဖြစ်လွှတ်တော်ကိုယ်စားလှယ်များအား ဂုဏ်သိက္ခာညှိုးနွမ်းစေရန်ပြုမူ ဆောင်ရွက်ခြင်း၊ အများ၏ကြည်ညိုလေးစားမှုကို ပျက်ယွင်းစေရန် တမင်ကြံရွယ်ပြုလုပ်ခြင်းများအတွက် ပြုလုပ်သူအား တရားစွဲဆိုပိုင်ခွင့်ရှိခြင်းဆိုတဲ့အပိုဒ်ကို ဖြည့်စွက်အနေနဲ့ ကျွန်တော်တင်သွင်းခြင်းဖြစ်ပါ တယ်။ ဘာဖြစ်လို့ ကျွန်တော်ဒီကိစ္စတင်သွင်းသလဲဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အခုပေါ်ထွန်းလာတဲ့ လွှတ်တော်တွေဟာ အချိန်ကာလအားဖြင့် တစ်နှစ်မပြည့်သေးပါ ဘူး။ အဲဒီတစ်နှစ်မပြည့်သေးတာနဲ့အညီ ပြည်သူပြည်သားတွေကြားမှာလည်း လွှတ်တော်နဲ့ လွှတ်တော် ကိုယ်စားလှယ်များအပေါ်မှာ အထင်လွဲ၊ အမြင်လွဲမှားနေကြသည့်သူများ ရှိကြအုံးမှာ ဖြစ်ပါတယ်။ ထို့ပြင် ဂုဏ်းပုဂ္ဂိုလ်များအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များအပေါ်မှာ မလိုလျှင်၊ မလိုသလို မိမိဖြစ်ချင်တဲ့ဆန္ဒနဲ့ တစ်ထပ်တည်းမကျရင်မကျသလို ဝေဖန်ပြစ်တင်ပြောဆိုမှုများ ငါ့စကားနွားရ ပြောဆိုမှုများလည်းဖြစ် ပေါ်လာနိုင်ပါတယ်။ လွှတ်တော်အတွေ့အကြုံရှင်းလင်းတဲ့ နေရာမှာလည်း ပရိသတ်ရှေ့မှောက်မှာ မဖွယ်မရာ စကားပြောဆိုတာတွေ၊ မသက်ဆိုင်တဲ့မေးခွန်းတွေ မေးမြန်းတာတွေ၊ ကိုယ်ထင်ရာကိုယ် ပြောဆိုတာတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ သိက္ခာကျဆင်းသွားစေရန် တမင်ပြုလုပ်လာနိုင်ပါတယ်။ မရှင်းလင်းသဘောမပေါက်တဲ့အချက်အလက်များရှိရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များထံမှာ ပွင့်ပွင့်လင်းလင်းလာရောက်ဆွေးနွေးနိုင်ပေမယ့်၊ လွှတ်တော်ကိုယ်စားလှယ်များထံ လာရောက်ဆွေးနွေး ခြင်းမရှိဘဲ နောက်ကွယ်မှနေ၍ သွားပုတ်လေလွင့်ပြောဆိုခြင်း၊ အမှားကိုအမှန်ထင်ပြီး တစ်ယူသန်ပြောဆို ခြင်းများကို ဆက်ကာဆက်ကာပြုလုပ်နေမယ်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းလာစေနိုင်တဲ့အပြင် အများ၏ကြည်ညိုလေးစားမှုကိုလည်း ထိခိုက်ပျက်ယွင်းလာစေနိုင်ပါတယ်။ တစ်ကြိမ်တစ်ခါ ပြောဆိုခြင်းများအတွက် ခွင့်လွှတ်သည်းခံနိုင်ဖွယ်ရာဖြစ်ပေမယ့် ကြိမ်ဖန်များစွာထိုးနှက် တိုက်ခိုက်ပြောဆိုလာခြင်းမျိုး ကြုံတွေ့ကြရတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ကာကွယ်တဲ့အနေနဲ့ ကျွန်တော့်အနေနဲ့ အခန်း(၄)၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဆ)အဖြစ် ပြင်ဆင်ချက်အဆိုကို ဖြည့်စွက်တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ အသစ်ထပ်မံဖြည့်စွက်ခြင်းအဆိုကို ညောင်ရွှေမဲဆန္ဒနယ်မှ ကျွန်တော် ဦးဝင်းဆွေမှ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုနှင့်ပတ်သက်ပြီး လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းပြင်ဆင်ရန်တင်သွင်းတဲ့ အချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြလိုပါတယ်။ မိမိရဲ့ဂုဏ်သိက္ခာ၊ မိမိကိုကြည်ညိုလေးစားဖို့ပျက်ယွင်းရန် ကြံတဲ့ကိစ္စတွေမှာ နိုင်ငံသားတိုင်းအနေနဲ့ တရားစွဲဆိုပိုင်ခွင့်ရှိပြီးသားဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ တရားစွဲဆိုပိုင်ခွင့်အထူး ထည့်သွင်းပေးဖို့မလိုအပ်တဲ့အကြောင်း ကျွန်တော်တို့အနေနဲ့ သဘောထားရရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဦးအောင်သိန်းရဲ့ထပ်မံဖြည့်စွက်ချက်ကို ထည့်သွင်းရန်မသင့်ကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးအောင်သိန်းရဲ့ သဘောထားသိလိုပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနဲ့ပတ်သက်ပြီးတော့ ဒီနိုင်ငံသားတွေရဲ့အခွင့်အရေးထဲမှာပါနေပြီးသားဆိုတာကို ကျွန်တော်သိရတဲ့အတွက် ဒီလွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်ကို ကျွန်တော့်အနေနဲ့ လက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် ပြင်ဆင်ရန်အချက်အတည်မပြုဘဲနဲ့ မူလပြဋ္ဌာန်းချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။စာမျက်နှာ ၂၊ အပိုဒ် ၇၊ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းရဲ့ ပုဒ်မ ၃၅ ၊ ဒုတိယစာကြောင်းတွင်ပါရှိတဲ့ တစ်နှစ်လျှင်အနည်းဆုံး သုံးကြိမ်ဟူသောစကားရပ်အစား တစ်နှစ်လျှင် သုံးကြိမ်ဟု ပြင်ဆင်သင့်ပါတယ်။ အနည်းဆုံးဆိုတဲ့စကားကို ထည့်သွင်းဖော်ပြပါလိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆ ပါ အနည်းဆုံး တစ်ကြိမ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ဆီလျော်ညီညွတ်မှုမရှိဟု ထင်မြင်ယူဆနိုင်ပါတယ်။ ဒါကြောင့် ဒီပုဒ်မရဲ့ ပုဒ်မ ၃၅ ပါမူလပြဋ္ဌာန်းချက်မှ အနည်းဆုံးဟူသောစကားရပ်ကိုပယ်ဖျက်ပြီး လွှတ်တော်၏ လုပ်ငန်း တာဝန်များကို စနစ်တကျအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် သုံးကြိမ်ခေါ်ယူကျင်းပရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဒေါက်တာမြဦး(ငန်းဇွန်မဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ငန်းဇွန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦးဖြစ်ပါတယ်။ စောစောကတင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့ လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပခြင်းနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၂၀၀၈၊ ပုဒ်မ ၁၂၆မှာ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင်အနည်းဆုံး တစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက်မပိုရဟုပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ အခုတင်သွင်းထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကိုပြင်ဆင်ရန်အဆိုပြုချက်အမှတ်စဉ် ၇၊ အပိုဒ် ၃၅၊ မူလပြဋ္ဌာန်းချက်မှာ လွှတ်တော်၏ လုပ်ငန်းတာဝန်များကိုစနစ်တကျအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ပုံမှန်အစည်းအဝေး ကိုဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးသုံးကြိမ်ခေါ်ယူကျင်းပရမည်ဟူ၍လည်းကောင်း၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ရွှေရဲ့ ပြင်ဆင်ရန်တင်ပြချက်မှာ လွှတ်တော်၏လုပ်ငန်း တာဝန်များကို စနစ်တကျအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင်သုံးကြိမ်ခေါ်ယူကျင်းပရမည်ဟူ၍လည်းကောင်း ခေါ်ယူမည့်အရေအတွက်ကို ကိန်းဂဏန်းဖြင့် တိကျစွာဖော်ပြသတ်မှတ်ခြင်းအစား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ တွင် မူလ ပြဋ္ဌာန်းပါရှိပြီးဖြစ်သည်နှင့် ဆီလျော်ဆက်စပ်မှုရှိတဲ့ လွှတ်တော်၏လုပ်ငန်းတာဝန်များကို စနစ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌကလိုအပ်သည့်အချိန်တွင်

ခေါ်ယူကျင်းပရမည်ဟု ကိန်းဂဏန်းသတ်မှတ်ချက်မပါဘဲ ပြင်ဆင်ဖော်ပြသင့်ပါကြောင်း လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေရဲ့ သဘောထားသိလိုပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုမူလပြဋ္ဌာန်းချက်ပါ တစ်နှစ်လျှင် အနည်းဆုံးသုံးကြိမ်ခေါ်ယူကျင်းပရမယ်ဆိုတဲ့အစား ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့အချက်နဲ့ ပိုပြီးတော့ကိုက်ညီအောင်အတွက် လိုအပ်တဲ့အချိန်မှာ ဥက္ကဋ္ဌက အစည်းအဝေးခေါ်ယူကျင်းပရမယ်ဆိုတဲ့အချက်ဟာ လျော်ကန်သင့်မြတ်ကြောင်းကျွန်တော့်အနေနဲ့ သဘောထားရပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါ့ကြောင့်မူလပြဋ္ဌာန်းချက်မှာပါရှိတဲ့ အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ်အစား ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ခေါ်ယူကျင်းပရမည်ဆိုတဲ့ဟာ အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဲတော့ အနည်းဆုံးတစ်ကြိမ်ဆိုတဲ့အတွက် ခုနကတင်ပြသလို ဥက္ကဋ္ဌကလိုအပ်တဲ့အချိန်မှာ အကြိမ်အကန့်အသတ်မရှိဘဲနဲ့ ဒါကြောင့်မို့လို့ ပြင်ဆင်ချက်အဆိုမှာ လွှတ်တော်၏လုပ်ငန်းတာဝန်များကို စနစ်တကျအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ပုံမှန်အစည်းအဝေးများကို ဥက္ကဋ္ဌက လိုအပ်သည့်အချိန်တွင်ခေါ်ယူကျင်းပမည်ဟူသည့် ကိန်းဂဏန်းသတ်မှတ်ချက်မပါပဲ ပြင်ဆင်ဖော်ပြသင့်ပါကြောင်း ပြင်ဆင်ချက်အဆိုအားအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။စာမျက်နှာ ၃၊ အမှတ်စဉ် ၈၊ အပိုဒ် ၄၉၊ စာကြောင်းရေ ၄ ညောင်တုန်းမဲဆန္ဒနယ် မှ ဦးအောင်မြသန်းကအဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေအခန်း ၉ ၊ပုဒ်မ ၄၉ အပိုဒ်ပါ စာကြောင်းရေ ၄ ရှိအခြားဘာသာ သာသနာကိုပုတ်ခတ်ပြောဆိုခြင်းနောက်တွင် အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ် ပြောဆိုခြင်းဆိုတဲ့ စကားရပ်ကိုဖြည့်စွက်ရန် ပြင်ဆင်ချက်အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဤပြင်ဆင်ဖြည့်စွက်ချက်အဆိုကို တင်သွင်းရခြင်းရဲ့

ရည်ရွယ်ချက်မှာ လွှတ်တော်ရဲ့ဂုဏ်သိက္ခာမြင့်မားရေး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အချင်းချင်းရင်းနှီးချစ်ခင်စေရေးနဲ့ လွှတ်တော်ရဲ့အဓိက လုပ်ငန်းတာဝန်များဖြစ်တဲ့ ဥပဒေပြုရေးနှင့် နိုင်ငံတော်နဲ့နိုင်ငံသားများအတွက် အကျိုးစီးပွားဖြစ်ပွားစေမယ့် ဥပဒေများပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီးပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အတွင်း ကိုယ်စားလှယ်များ ဆွေးနွေးပြောကြရာမှာ ရှောင်ကျဉ်ရမယ့်အချက်များကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေအခန်း (၉) လွှတ်တော်အစည်းအဝေးများအခန်းရဲ့ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ခေါင်းစဉ်ပါ ပုဒ်မ ၄၉ အပိုဒ်တွင်တိတိကျကျပြဋ္ဌာန်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုတိတိကျကျပြဋ္ဌာန်းထားသော်လည်း ၂၂-၉-၂၀၁၁ ရက်နေ့မှာကျင်းပခဲ့တဲ့ ပထမအကြိမ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက် မြောက်နေ့အစီအစဉ်မှာ ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးပြောဆိုရာမှာ လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပြီး လွှတ်တော်အတွင်းစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေမယ့် အခြားပါတီတစ်ခုကို ရည်ညွှန်းပြောကြားသွားခဲ့ပါတယ်။ သို့ပါ၍ လွှတ်တော်ရဲ့ဂုဏ်သိက္ခာညှိုးနွမ်းစေမယ့် အပြုအမူများထပ်မံ မဖြစ်ပွားစေဖို့ရည်ရွယ်ပြီးယခုဖြည့်စွက်ပြင်ဆင်ချက်အဆိုကို တင်ပြရခြင်းဖြစ်ပါတယ်။ သို့အတွက်ကြောင့် ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေအခန်း (၉)၊ ပုဒ်မ ၄၉ ၏ အပိုဒ်ပါ စာကြောင်း ရေ ၄ ရှိ အခြားဘာသာ သာသနာကို ပုတ်ခတ်ပြောဆိုခြင်းနောက်တွင် အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်းဆိုတဲ့ စကားရပ်စာသားအား ထည့်သွင်းပြဋ္ဌာန်းပေးဖို့ ဤပြင်ဆင်ချက်အဆိုကို လွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(ဒီမောဆိုမဲဆန္ဒနယ်)**။ ။ လေးစာအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်တုန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း တင်သွင်းထားသောပြင်ဆင် ချက်အဆိုကို ဒီမောဆိုမဲဆန္ဒနယ်၊ ကျွန်တော်ဦးစိုးရယ်မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုမှာ အပိုဒ် ၄၉၊ မူလပြဋ္ဌာန်းချက်စာကြောင်းရေ ၄ ရှိ အခြားဘာသာ သာသနာ ကိုပုတ်ခတ်ပြောဆိုခြင်းစကားရပ်နောက်တွင် အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်းဟူသော စကားရပ်ဖြင့် ဖြည့်စွက်ရန်ဖြစ်သည်။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်းတင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုမှာအခြား ပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်းဆိုတဲ့အချက်ကို ဖြည့်စွက်ခြင်းဟာ လျော်ကန်သင့်မြတ်မှုရှိတဲ့ အတွက်သဘောတူကြောင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အပိုဒ် ၄၉ သည် ဦးအောင်မြသန်းပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ် အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၉ ၊ ၅၂ (ခ)အောက်တွင်နှစ်ချက်အသစ်ထည့်သွင်းဖို့ ဦးသန်းမြင့်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့် (ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီမှ ပြုစုတင်ပြတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းမှာ ဖော်ပြထားတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများရဲ့ တင်ပြခွင့်ခေါင်းစဉ် စာပိုဒ် ၅၂ မှာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါတွင်လည်းကောင်း၊ လွှတ်တော် ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့အစည်းများ၏အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် များနှင့် အဖွဲ့အစည်းအကြီးအမှူးတို့၏ ခွင့်ပြုချက်ဖြင့်တက်ရောက်သည့်အခါတွင်လည်းကောင်း၊ မိမိ အဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိကြောင်းပါ ဖော်ပြထားပါတယ်။ အပိုဒ် (က) (ခ) အရဖော်ပြထားပါတယ်။ ကျွန်တော် ထပ်မံဖြည့်စွက်လိုတဲ့အချက် ကတော့လွှတ်တော်ကိုယ်စားလှယ်များမှ မိမိတို့ဒေသမှ ပြည်သူများရဲ့ဆန္ဒသဘောထားကို ပြည်သူ့ လွှတ်တော်အစည်းအဝေးတွင်တင်ပြကြမယ့် ကြယ်ပွင့်ပြမေးခွန်းများနဲ့အဆိုများနဲ့ပတ်သက်လို့ပဲ ဖြစ်ပါ တယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ ၉-၃-၂၀၁၁ ရက်နေ့မှာ လွှတ်တော်ဥက္ကဋ္ဌကြီးမိန့်ကြားခဲ့တဲ့ လွှတ်တော်အစည်းအဝေးတွင် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများအရ မေးခွန်းများ ၊ အဆိုများ၊ ဥပဒေများတင်သွင်းနိုင်ကြောင်း၊ မေးခွန်းဆိုတာ Question ဖြစ်ပြီး မသိတာကိုသိအောင် မေးခြင်းဖြစ်ကြောင်း ၊ အဆိုဆိုတာ Proposal ဖြစ်ပြီး မိမိသိထားချက်အပေါ်မူတည်ပြီး မိမိသိထားတာကို မိမိဖြစ်စေချင်တဲ့ဆန္ဒဖြစ်ဖို့အတွက် အဆို တင်သွင်းခြင်းဖြစ်ပြီး အဆိုအောင်မြင်သွားရင် ဥပဒေကြမ်းဖြင့် ဆက်လက်တင်သွင်းသွားမယ့်ကိစ္စဖြစ်

ကြောင်းဒီလမ်းညွှန်ချက်ဟာ လွှတ်တော်ကိုတက်ရောက်ပြီးမေးမြန်းကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖြေကြားမယ့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များအတွက် လွန်စွာအရေးကြီးတဲ့အချက်ဖြစ်ကြောင်းတင်ပြ အပ်ပါတယ်။ ဒါကြောင့် အပိုဒ် ၅၂ (က)၊ (ခ)မှာ ဥပဒေကြမ်းကိစ္စသာဖြစ်တဲ့အတွက် အပိုဒ် ၅၂(ဂ) မှာ ဖြည့်စွက်လိုတဲ့အချက်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များဖြေဆိုရမယ့် Question နဲ့ Proposal ပါဆောင်ရွက်ခွင့်များဖြစ်ပါတယ်။ တစ်ဆက်တည်းနဲ့ အပိုဒ် ၅၂ (ဃ)မှာထပ်မံဖြည့်စွက်လိုတဲ့အချက်က ပြည်သူ့လွှတ်တော်ကဖွဲ့စည်းတာဝန်ပေးအပ်တဲ့ ကော်မတီ၊ ကော်မရှင်များနဲ့ အဖွဲ့များရဲ့အဓိကတာဝန်က ကျင်းပပြီးစီးသွားတဲ့ လွှတ်တော်အစည်းအဝေးများမှာ မိမိတို့ကော်မတီအလိုက်တာဝန်များ၊ လုပ်ငန်း ဆိုင်ရာဆောင်ရွက်ချက်များကို လွှတ်တော်တွင်အစီရင်ခံစာပြုစုတင်ပြခြင်း၊ ဆွေးနွေးခြင်း၊ သဘောတူ လက်ခံရန် အဆိုများတင်သွင်းခြင်း ပြုလုပ်နိုင်ရန်အတွက် လွှတ်တော်တွင် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းအသီးသီးမှ လုပ်ငန်းနဲ့ပတ်သက်၍ တာဝန်ခံချက်များ၊ ကတိများနဲ့ပတ်သက်ပြီး ဆောင်ရွက်မှု အခြေအနေသတ်မှတ်ကာလအတွင်း မူလသတ်မှတ်ချက်အတိုင်း ပြီးစီးမှုအခြေအနေ ခေါ်ယူမေးမြန်းပါက တွေ့ကြုံရတဲ့အခက်အခဲအခြေအနေကြောင့် ပြီးစီးမှုမရှိသည့် အခြေအနေများကိုရရှိရန်လိုအပ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာသုံးရပ်ကို ကျင့်သုံးပြီး လုပ်ငန်းများအကောင်အထည်ဖော်ကြတဲ့ ပြည်သူ့ကိုယ်စားလှယ်အချင်းချင်း သဘောထား ကြီးစွာဖြင့် အပြန်အလှန်ထိန်းကျောင်းပြီး ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးစုပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး အထက်ပါစာပိုဒ်နှစ်ပိုဒ်ဖြည့်စွက်ရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။အခုတင်သွင်းတဲ့အဆိုကို ကျွန်တော်ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးက ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့ပတ်သက်ပြီး လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားသိလိုပါ တယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆားလင်းကြီး မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် တင်သွင်းတဲ့ ပုဒ်မ ၅၂ (ဂ)၊ ၅၂ (ဃ) အပိုဒ် များဟာ လွှတ်တော်အစည်းအဝေးများကျင်းပတဲ့အခါမှာ မေးခွန်းများ၊

အဆိုများနဲ့ပတ်သက်ပြီးတော့ ပီပြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဖော်ပြထားတာဖြစ်သလို လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ လွှတ်တော်ကော်မတီများအနေနဲ့လည်းပဲ မိမိတို့ရဲ့သက်ဆိုင်တဲ့ကိစ္စတွေကို မေးမြန်းတဲ့ အခါမှာ ပြည်ထောင်စုအဖွဲ့ဝင်အနေနဲ့ ပါဝင်ဆွေးနွေးတင်ပြနိုင်မှု ဖြည့်စွက်ထားတဲ့အချက်တွေဖြစ်တဲ့ အတွက်ကြောင့် လွှတ်တော်လုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ ပိုမိုပြီးတော့ ပီပြင်စွာဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် လျော်ကန်သင့်မြတ်မှုရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူ့ လွှတ်တော်အခွင့်အရေးကော်မတီကိုယ်စား သဘောတူကြောင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းအောင် ကျွန်တော်ထပ်ပြီးတော့ တင်ပြပါမယ်။ မူလပြဋ္ဌာန်းချက်အပိုဒ် ၅၂၊ အပိုဒ်ခွဲ (ခ)အောက်တွင်အပိုဒ် (ဂ)ဖြင့် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းမေးမြန်း သည့်မိမိအဖွဲ့အစည်းနဲ့ သက်ဆိုင်သောမေးခွန်းများကို ပြန်လည်ဖြေကြားခွင့်ရှိသည့် အပြင်အဆိုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးအကြံပြုခွင့်ရှိသည်ဟူသော အပိုဒ်ခွဲနှင့် အပိုဒ်ခွဲ (ဃ) အဖြစ်လွှတ်တော် ကော်မတီများက လွှတ်တော်သို့အစီရင်ခံစာတင်သွင်းရန် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ ကိုမေးမြန်းလာပါက ဆောင်ရွက်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်းမူလ သတ်မှတ်ချက်အတိုင်းပြီးစီးခြင်းမရှိပါက ပြီးစီးခြင်းမရှိသည့်အကြောင်းအရင်းများကို ပြန်ကြားခွင့်ရှိ သည်ဟူသော အပိုဒ်ခွဲအသစ်နှစ်ခုထပ်မံဖြည့်စွက်ရန်ဖြစ်ပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော် အခွင့်အရေးကော်မတီက သဘောထားပြန်ကြားတဲ့အခါမှာ သင့်မြတ်တဲ့ဖြည့်စွက်ချက်ဖြစ်ကြောင်းတင်ပြ တဲ့အတွက်၎င်းအဆိုကိုအတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို မနက်ဖန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ ၁၀း၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။